# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၂၁)


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၆)**

# ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်အပေါ်စစ်ဆေး၍ တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုအစိုးရအဖွဲ့**

**ကြေညာချက်အမှတ် ၁/၂၀၁၆**

**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်**

**(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့မှ ၁၄-၁၀-၂၀၁၆ ရက်နေ့တွင် မုံရွာမြို့သို့ ထွက်ခွာလာသည့် ချင်းတွင်းမြစ်တွင်းသွားအေးငြိမ်းချမ်းသာ အမြန်မော်တော်ရေယာဉ်လိုင်းမှ အောင်စိုးမိုးကျော်(၂) အမြန်ရေယာဉ်သည် ၁၅-၁၀-၂၀၁၆ ရက်နေ့၊ နံနက် ၅ နာရီ ၁၀ မိနစ်ခန့်က စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ကင်းအုပ်စု၊ မိချောင်းတွင်းကျေးရွာအနီးတွင် နစ်မြုပ်ခဲ့ရာ ၂၀-၁၀-၂၀၁၆ ရက်နေ့အထိ ခရီးသည်(ကျား) ၁၃ ဦးနှင့် (မ) ၅၃ ဦး၊ စုစုပေါင်း ၆၆ ဦး၏ အလောင်းများကို ဆယ်ယူရရှိခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀-၁၀-၂၀၁၆ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၆)တွင် ဆုံးဖြတ်ချက်အရ အဆိုပါဖြစ်စဉ်၌ သေဆုံးခဲ့သူများ၏ မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပါကြောင်း၊ အသက်ဆုံးရှုံးခဲ့သည့် ခရီးသည်များအတွက် သက်ဆိုင်ရာဌာနများက လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ယင်းဖြစ်စဉ်ဖြစ်ပွားမှုအပေါ် စနစ်တကျစစ်ဆေး၍ တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြကြေညာအပ်ပါသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုအစိုးရအဖွဲ့**

# BIMSTEC အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်ရေး ဆွေးနွေးခဲ့

စာမျက်နှာ-၃

## အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်သည့် ရှင်းလင်းပွဲ အောက်တိုဘာ ၂၂ ရက်တွင် မုံရွာမြို့၌ တိုင်းဒေသကြီး အစိုးရ ဦးစီးပြုလုပ်မည်

စာမျက်နှာ - ၅

## အရှေ့အာဖရိကဒေသ ဂျဘူတီနိုင်ငံမှာ ဂျပန်နိုင်ငံက စစ်အခြေစိုက်စခန်း တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိ

စာမျက်နှာ - ၁၁



မောင်တောဒေသ၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ် ဓာတ်ပုံ-နေလင်း(သတင်းစဉ်)

# ပြည်သူလူထု၏ တောင်းဆိုချက်များအရ လုံခြုံရေးများတိုးမြှင့်

**မောင်တော အောက်တိုဘာ ၂၀**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီက မောင်တောမြို့ရှိ အောင်မြေဗောဓိ အလိုတော်ပြည့်ကျောင်းသို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမဏိသာရအား ဖူးမြော်ကြည်ညိုကာ ဆရာတော်ထံမှ သြဝါဒခံယူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အိန္ဒိယခရီးစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပါသည်။ ဤခရီးစဉ်မတိုင်မီ အောက်တိုဘာ ၁၆ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂိုအာမြို့တွင် ကျင်းပသည့် BRICS-BIMSTEC Outreach Summit သို့ တက်ရောက်ခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အိန္ဒိယသမ္မတ၏အိမ်တော် Rashtrapati Bhavan ရင်ပြင်၌ တရားဝင်အခမ်းအနားဖြင့် ကြိုဆိုသကဲ့သို့ သမ္မတအိမ်တော်တွင်တည်းခိုရန် စီစဉ်ပေးခဲ့ခြင်းတို့သည် အိန္ဒိယနိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသော ချစ်ကြည်ရင်းနှီးမှုနှင့် စိတ်စေတနာကောင်းတို့ကို လှစ်ဟဖော်ပြနေပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အိန္ဒိယနိုင်ငံသို့ သွားရောက် ခဲ့သော တရားဝင်ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းအတွက် ပညာရပ်ပိုင်းဆိုင်ရာနှင့် ကျွမ်းကျင်ပညာရှင်များပြုစုပျိုးထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာနှင့် နှစ်နိုင်ငံဗဟိုဘဏ်များအကြား ရေးထိုးသည့်စာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံကြားဆက်ဆံရေး တိုးတက်ခိုင်မာလာခြင်းကို ညွှန်းဆိုဖော်ပြနေပါသည်။ အနာဂတ်ကာလ၌လည်း အိန္ဒိယနိုင်ငံက ပဲမျိုးစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပဲမျိုးစေ့ထုတ်လုပ်ရေး ဗဟိုဌာန ထူထောင်ရေးအပါအဝင် စွမ်းအင်သုံးစွဲမှုနည်းသည် LED အခြေပြု လျှပ်စစ်မီးလုံး ပံ့ပိုးတပ်ဆင်ပေးရေးတို့အတွက် ကတိကဝတ်ပြုခဲ့ခြင်းသည်လည်း နှစ်နိုင်ငံအကြားစီးပွားရေးအရ ဆက်စပ်လက်တွဲဆောင်ရွက်မှုကို တိုးမြှင့်ခိုင်မာစေမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ ရဲလေ့ကျင့်ရေးအခြေခံအဆောက်အအုံ ဆောက်လုပ်ပေးခြင်း၊ သိပ္ပံနည်းကျ အမှုအခင်းများစစ်ဆေးခြင်းနှင့် ဆိုက်ဘာလုံခြုံရေးအပါအဝင် လေ့ကျင့်ရေးသင်ရိုးများရေးဆွဲရန် အတွေ့အကြုံများမျှဝေခြင်းအား မြန်မာနိုင်ငံသို့ ပံ့ပိုးပေးရန် သဘောတူသကဲ့သို့ ရမည်းသင်း အမျိုးသမီးရဲလေ့ကျင့်ရေးဗဟိုဌာနအား အကောင်းဆုံးဗဟိုဌာနတစ်ခုအဖြစ် ဖွံ့ဖြိုးလာစေရန် ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံက ရန်ကုန်မြို့တွင် သံတမန်သင်တန်းကျောင်းတစ်ခု ပေါ်ထွန်းလာစေရေးအတွက် အကူအညီပေးရန် သဘောတူခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ အဆိုပါပံ့ပိုးကူညီမှုများသည် မြန်မာနိုင်ငံအတွက် အထူးလိုအပ်လျက်ရှိသော နည်းပညာနှင့်စီမံခန့်ခွဲမှု အတွေ့အကြုံတို့ကို ကူညီဖော်ဆောင်ပေးသွားမည်ဖြစ်ပါသည်။

နှစ်ဖက်လုံးမှ နှစ်နိုင်ငံအကြား ကဏ္ဍစုံဆက်ဆံရေး ပိုမိုတိုးချဲ့ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်နည်းလမ်းများအား ရှာဖွေနိုင်ရေးအတွက် ထင်ပေါ်ကျော်ကြားသူများအဖွဲ့အစည်းထူထောင်ရန် သဘောတူခဲ့ခြင်းသည် မှန်ကန်ကောင်းမွန်သော ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့သော မြန်မာ-အိန္ဒိယ စီးပွားရေးစကားဝိုင်းတွင် အိန္ဒိယနိုင်ငံ၏ ကုန်သည်ကြီးများအသင်းနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအသင်းတို့၏ အကြီးအကဲတို့က အမှာစကားပြောကြားခဲ့သကဲ့သို့ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်တို့ကလည်း တက်တက်ကြွကြွ တက်ရောက်ဆွေးနွေးခဲ့ပါသည်။ အဆိုပါစကားဝိုင်းက နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အဆင့်သစ်တစ်ရပ်သို့ တိုးမြှင့်ဖော်ဆောင်ပေးမည်ဟု မျှော်လင့်ယုံကြည်ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်နှင့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ၏ ဝတ္တရားတို့ကို ဖော်ဆောင်သောအားဖြင့် မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံ၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ရေး ကြိုးပမ်းမှုကို ထောက်ခံခဲ့ခြင်းသည် နှစ်နိုင်ငံကြားဆက်ဆံရေးကို ပိုမိုနက်ရှိုင်းကောင်းမွန်စေမည့် ခြေလှမ်းဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အိန္ဒိယခရီးစဉ်သည် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာ တိုးတက်စေခဲ့ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။



## ရွှေတိဂုံစေတီတော်၌ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၉၉) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်မှ နတ်တော်လဆန်း ၃ ရက်အထိ (နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ) ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဝင်ရောက် ဖြေဆိုကြမည့် ရဟန်းတော်များသည် စာလျှောက်မေးပွဲဝင်ခွင့် ပုံစံများကို ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်းထုတ်ယူပြီး ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၄ ရက် ) ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။ စာဖြေသံဃာ တော်များအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းလိုပါက ရွှေတိဂုံစေတီတော်ရင်ပြင်နှင့် ဂေါပကအဖွဲ့ရုံးတွင် အလှူခံဌာန များ ဖွင့်လှစ်ထားကြောင်းနှင့် ဖုန်း- ၀၁- ၃၈၃၅၁၂ နှင့် ၀၁-၃၇၅၇၆၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုချစ်**



မွန်ပြည်နယ် သထုံမြို့နယ် ကတိုက်လေးကျေးရွာ အဘယာမကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်း ဘုံကထိန်နှင့် ရဟန်းခံရှင်ပြုအလှူပွဲတော်ကို ကတိုက်ကလေးနှင့် ခနုကတိုက်ကျေးရွာနှစ်ရွာ စုပေါင်း၍ အောက်တိုဘာ ၂၀ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်

ခွန်(ဝင်းပ)

## တရားရုံး၊ ဥပဒေရုံးနှင့် တရားစွဲအဖွဲ့အစည်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုရှေ့နေချုပ်ဦးထွန်းထွန်းဦးသည် USAID မှ Senior Rule of Law and Governance Advisor, Mr.Mark Silva အားယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရှေ့ပြေးစီမံကိန်းတစ်ရပ်အနေဖြင့် ဥပဒေရုံးအချို့အား စံပြဥပဒေရုံးများအဖြစ် သတ်မှတ်တည်ထောင်နိုင်ရေးနှင့် အများပြည်သူအတွက်ဥပဒေရုံးလုပ်ငန်းဆိုင်ရာ ပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် နည်းပညာအပါအဝင် လိုအပ်သည်များကို လေ့လာဖြည့်ဆည်းဆောင်ရွက်ရေးကိစ္စ၊ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် အဓိကအဖွဲ့အစည်းများဖြစ်ကြသော တရားရုံး၊ ဥပဒေရုံးနှင့် တရားစွဲအဖွဲ့အစည်းတို့အကြား ကောင်းမွန်ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ၆၆ ဓာတ်အားခွဲစက်ရုံ တည်ဆောက်ပြီးစီး ယခုလအတွင်းဖြန့်ဖြူးပေးမည်

**တောင်ကုတ် အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် ဓာတ်အားသုံးစွဲသူများ ပိုမိုအဆင်ပြေစေရန်နှင့် ဓာတ်အားအပြည့်အဝရရှိရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရန်အတွက် တောင်ကုတ်မြို့ပေါ်တွင် တည်ဆောက်လျက်ရှိသော ၆၆ ဓာတ်အားခွဲစက်ရုံမှာ ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်သောကြောင့် ယခုအောက်တိုဘာလအတွင်းမှစတင်ကာ ဓာတ်အားပေးလွှတ်သွားမည်ဖြစ်သည်ဟု အောက်တိုဘာလတတိယပတ်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်ထံမှသိရသည်။ ယခုအခါ တောင်ကုတ်မြို့တွင် ရပ်ကွက် (၄)ခုနှင့် ကျေးရွာ ၁၉ ရွာတွင် လက်ရှိ သုံးစွဲလျှပ်စစ်မီတာ ၆၀၃၈ လုံးရရှိပြီဖြစ်ကြောင်း သိရသည်။ **(၁၅၇)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၀-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၅၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၅ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၅ · ၉၀ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၀၈ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၄၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# BIMSTEC အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်ရေး ဆွေးနွေးခဲ့

**နေပြည်တော်   အောက်တိုဘာ   ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၇ ရက်က တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး အောက်တိုဘာ ၁၉ ရက် ည ၇နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရားဝင်ချစ်ကြည်ရေးခရီးစဉ်မတိုင်မီ အောက်တိုဘာ ၁၆ ရက်က အိန္ဒိယသမ္မတနိုင်ငံ ဂိုအာမြို့၌ ကျင်းပသည့် BIMSTEC ထိပ်သီးအစည်းအဝေး (Retreat) နှင့် BRICS-BIMSTEC Outreach Summit သို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ဂိုအာပြည်နယ်ဝန်ကြီးချုပ် Mr.Laxmikant Parsekar က တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ BIMSTEC နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ပြီး သီရိလင်္ကာသမ္မတ Mr.Maithritala Sirisena နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် BIMSTEC ထိပ်သီးအစည်းအဝေးသို့ BIMSTEC အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘူတန်၊ နီပေါနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ကြပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေးကိစ္စရပ်များ၊ အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်မှုပိုမိုတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး၊ စွမ်းအင်စသည့် ကဏ္ဍများ၌ ဦးစားပေးပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးအပြီးတွင် ခေါင်းဆောင်များ သီးသန့်အစည်းအဝေး၏ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ယင်းနေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် BRICS and BIMSTEC Leader's Outreach Summit အစည်းအဝေးသို့ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများပါဝင်သည့် BRICS အဖွဲ့ဝင်နိုင်ငံများနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် BIMSTEC နှင့် BRICS အဖွဲ့ကြီးနှစ်ခုအကြား ဘုံအကျိုးစီးပွားရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်သွားနိုင်ရေးနှင့် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ရာသီဥတုပြောင်းလဲမှု တုံ့ပြန်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုတိုက်ဖျက်ရေးတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က BRICS နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံ အကြီးအကဲများအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးသဘောတူညီခဲ့သည်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အဆင့်အသီးသီးတွင် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၏ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများစတင်ရေးနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ၌ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယနိုင်ငံတရားဝင်ခရီးစဉ် စတင်ရန် အောက်တိုဘာ ၁၇ ရက် နံနက်က ဂိုအာမြို့မှ နယူးဒေလီမြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာလာခဲ့ပြီး အိန္ဒိယသမ္မတအိမ်တော် Rashtrapati Bhavan Guest House ၌ ညအိပ်ရပ်နားခဲ့သည်။

အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီက Forecourt Rashtrapati Bhavan ၌ ကျင်းပသည့် တရားဝင်ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် မဟတ္တမဂန္ဒီ၏ အထိမ်းအမှတ်ဂူဗိမ္မာန်သို့ သွားရောက်၍ ပန်းခွေချ ဂါရဝပြုခဲ့ပြီး ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆူရှမာ ဆွာရာ့ရ်အား နိုင်ငံတော်ဧည့်ဂေဟာတွင် လက်ခံတွေ့ဆုံခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းတည့် ၁၂ နာရီတွင် အိန္ဒိယသမ္မတ အိမ်တော်၌ အိန္ဒိယသမ္မတ ပရာနာ့ဗ်မုခါဂျီးအား တွေ့ဆုံခဲ့သည်။ ထိုကဲ့သို့ တွေ့ဆုံရာတွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ဒီမိုကရေစီနိုင်ငံထူထောင်ခဲ့သည့် အတွေ့အကြုံများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယသမ္မတက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နယူးဒေလီမြို့ရှိ မြန်မာသံရုံး၌ အိန္ဒိယနိုင်ငံအခြေစိုက် ပြည်တွင်းပြည်ပသတင်းဌာနများဖြစ်သည့် Times Now၊ Hindustan-timeနှင့် Washington Post သတင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ ဆက်လက်၍ မြန်မာသံရုံးနှင့် စစ်သံရုံး ကြည်း၊ ရေ၊ လေတို့မှ ဝန်ထမ်းများအား တွေ့ဆုံ နှုတ်ဆက်စကားပြောကြားခဲ့ပြီး မြန်မာသံရုံးမှ တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၁၉ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Confederation of India Commerce and Industry မှ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံတွင် ကုန်သွယ်စီးပွားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်ပတ်သက်၍ရှင်းလင်းပြောကြားခဲ့ပြီးမေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Hyderabad House၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီအား သွားရောက်တွေ့ဆုံခဲ့ပြီးနောက် ဝန်ကြီးချုပ်က တည်ခင်းသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်၍ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထိုကဲ့သို့ ဆွေးနွေးရာတွင် ဒီမိုကရေစီအသွင် ကူးပြောင်းရာ၌ ကူညီပံ့ပိုးမှုများပေးရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်နှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား မပြီးပြတ်သေးသည့် နယ်နိမိတ်ကိစ္စရပ်များအား နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် တတ်နိုင်သမျှ ဆောလျင်စွာ ညှိနှိုင်းဖြေရှင်းသွားရေး၊ LED လျှပ်စစ်မီးများ အသုံးပြုမည့် ရှေ့ပြေးစီမံကိန်းတစ်ရပ် အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံတွင် သံတမန်ဆိုင်ရာ သင်တန်းကျောင်းတစ်ရပ်ပေါ်ထွန်းရေး၊ သံတမန်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ ပေးအပ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အိန္ဒိယနိုင်ငံမှ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းအတွက် ပညာရပ်ပိုင်းဆိုင်ရာနှင့် ကျွမ်းကျင်ပညာရှင်များ ပြုစုပျိုးထောင်ရေးအစီအစဉ်နှင့်ပတ်သက်သည့် မြန်မာနိုင်ငံ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် အိန္ဒိယအာမခံဌာနတို့အကြား နားလည်မှုစာချွန်လွှာ၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်သည့် မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ လျှပ်စစ်ဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာနှင့် မြန်မာနိုင်ငံဗဟိုဘဏ်နှင့် အိန္ဒိယနိုင်ငံ Reserve Bank of India တို့အကြား နားလည်မှု စာချွန်လွှာတို့ကို လဲလှယ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့၏ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ဆွေးနွေးသဘောတူညီချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် နယူးဒေလီမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ညပိုင်းတွင် ပြန်လည်ဆိုက်ရောက်ခဲ့သည်။

(သတင်းစဉ်)



❖ *ရှေ့ဖုံးမှ*

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၈) စစ်မြေပြင် ဆေးတပ်ရင်းနယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆေးကုသပေးနေသည့် ဒေသခံပြည်သူများနှင့် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှ ခေတ္တစွန့်ခွာလာသူများကို အားပေးစကားပြောကြားကြသည်။

ထို့နောက် မောင်တောမြို့သာသနာ့ဗိမာန်တော်ကြီး၌ နေရပ်မှ ခေတ္တစွန့်ခွာလာသူများ၊ ကူညီစောင့်ရှောက်ပေးနေသည့် လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ဒေသနှင့် ဆက်စပ်နယ်မြေများအား နယ်မြေဒေသလုံခြုံရေး၊ အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးကို အပြည့်အဝ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက် တောင်းဆိုချက်များအတိုင်း အစီအမံများချပြီး လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ရှိပြီး ရဲစခန်းများအပြင် စခန်းသစ်များကိုတိုးချဲ့ပြီး ရဲတပ်ဖွဲ့ဝင်အင်အားနှင့် လက်နက်များကို တိုးမြှင့်တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း၊ တပ်မတော်ကလည်း နယ်မြေစိုးမိုးရေးအတွက် လှည့်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ဒေသခံများအနေဖြင့် စိုးရိမ်စရာမလိုတော့ဘဲ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် မိမိတို့နေရပ်ပြန်မည်ဆိုပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကာလအတွင်း မိမိတို့နေရပ်ပြန်လည်နေထိုင်စဉ် စားရေး၊ သောက်ရေး အခက်အခဲရှိပါကလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စားနပ်ရိက္ခာများကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကလည်း လိုအပ်သည်များကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်တွင်လည်း နယ်မြေဒေသ လမ်းပန်းဆက်သွယ်ရေးကအစ ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးကိုလည်း ရေရှည်အတွက်ပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နေရပ်မှ ခေတ္တစွန့်ခွာလာသူများနှင့် ကူညီစောင့်ရှောက်ပေးနေသည့် လူမှုရေးအဖွဲ့အစည်းများက တင်ပြလာသည့် အကြံပြုချက်များကိုလည်း အလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကြောက်ရွံ့ ထိတ်လန့်မှုကြောင့် နေရပ်မှခေတ္တစွန့်ခွာလာပြီး မောင်တောမြို့ရှိ အောင်မြေဗောဓိ အလိုတော်ပြည့်ကျောင်းသို့ ရောက်ရှိနေသည့် ဒေသခံများသည် နယ်မြေအေးချမ်းလာပြီဖြစ်သည့်အတွက် ယနေ့နံနက်ပိုင်းမှစတင်ကာ ၎င်းတို့နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

## မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော်   အောက်တိုဘာ   ၂၀**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့၌ ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ (မိုး/ဇလ)

**ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၌ (၁၆၅)ကြိမ်မြောက် သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့တက်ရောက်ကြပြီး ဆုရရှိသော ယိမ်းအဖွဲ့များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်စဉ်**

သန့်စင်(ပဲခူး)



● *ကျောဖုံးမှ*

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုကိုးကျွန်းတပ်နယ်ခန်းမ၌ တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက စားသောက်ဖွယ်ရာများနှင့် လက်ဆောင်များ ပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးအဂ္ဂဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုကိုးကျွန်း မြို့နယ်ခန်းမ၌ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအပြီး၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ကျွန်းပတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ရေတပ်စခန်းဌာနချုပ်မှ Green House ဖြင့် စိုက်ပျိုးထားရှိသည့် အသီးအနှံပင်များနှင့် ကြက်ခြံအတွင်း ဥစားကြက်များမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်း၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေတပ်စခန်းဌာနချုပ်ရှိ အုန်းထွက်ပစ္စည်းများဖြင့်ပြုလုပ်ထားသည့် အိမ်အလှဆင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများထုတ်လုပ်ထားရှိမှု၊ တပ်မိသားစုဝင်များနှင့် ဒေသခံပြည်သူများ ပစ္စည်းထုတ်လုပ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းဆိပ်ခံတံတား တည်ဆောက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ယင်းဆိပ်ခံတံတားသည် ယခုအခါ ၆၃ ရာခိုင်နှုန်းမျှ ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ဖွင့်လှစ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



❍ *ကျောဖုံးမှ*

လုပ်ကိုင်ခဲ့သူ မတင်တင်ခိုင်အား အဓိကလိုပြ သက်သေအဖြစ် စစ်ဆေးခဲ့သည်။

မတင်တင်ခိုင်(ခ) မတင်တင်နိုင်သည် အင်းဝအပ်ချုပ်ဆိုင်၌ အိမ်အကူ အမျိုးသမီးငယ်နှစ်ဦးဖြစ်သည့် မစမ်းကေခိုင်၊ မသဇင်တို့နှင့်အတူ အိမ်အကူအဖြစ် လုပ်ကိုင်ခဲ့သူဖြစ်ကြောင်း၊ မတင်တင်ခိုင်သည် အင်းဝအပ်ချုပ်ဆိုင်၌ အလုပ်လုပ်နေစဉ် ၎င်းကိုယ်တိုင် အိမ်ရှင်များ၏ ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရကြောင်း၊ နောက်ဆုံးတွင် ၎င်းသည် အင်းဝအပ်ချုပ်ဆိုင်မှ ထွက်ခဲ့ရကြောင်း၊ အလုပ်လုပ်နေစဉ်အတွင်း လုပ်အားခများ အပြည့်အဝရရှိခဲ့သော်လည်း ညှဉ်းပန်းနှိပ်စက်မှုများကို ခံခဲ့ရကြောင်း တရားရုံး၌ ထွက်ဆိုခဲ့သည်။

ကော့မှူးမြို့နယ်မှ အိမ်အကူ အမျိုးသမီးငယ်နှစ်ဦးဖြစ်သည့် မစမ်းကေခိုင်နှင့် မသဇင်တို့သည် အဆိုပါ အင်းဝအပ်ချုပ်ဆိုင်၌ လွန်ခဲ့သော ငါးနှစ်က အိမ်အကူအဖြစ် လုပ်ကိုင်ဆောင်ရွက်နေစဉ် အိမ်ရှင်တို့၏ ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရသည့် အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်ဖြစ်သော ဒေါ်တင်သူဇာ၊ ခင်ပွန်း ကိုလတ်၊ သား တင်မင်းလတ်၊ စုမွန်လတ်၊ သီရိလတ်နှင့် ရာဇာထွန်းတို့ကို တရားစွဲဆိုထားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော သီတင်းပတ်က တရားလိုဘက်ကို စတင်စစ်ဆေးခဲ့ရာ အဓိကတရားလိုအဖြစ် ဒုတိယရဲမှူး မျိုးသိန်းကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ယင်းစစ်ဆေးမှုအပြီး တစ်ရွာတည်းနေ အိမ်အကူနှစ်ဦးနှင့်အတူ အင်းဝအပ်ချုပ်ဆိုင်၌ အိမ်အကူအဖြစ် သုံးနှစ်ကြာအလုပ် လုပ်ကိုင်ခဲ့သူ မတင်တင်ခိုင်ကို အဓိက လိုပြသက်သေအဖြစ် စစ်ဆေးခဲ့ခြင်းဖြစ်သည်။ သူသည် အင်းဝအပ်ချုပ်ဆိုင်၌ အသက် ၁၃ နှစ်ကတည်းက အလုပ်လုပ်ကိုင်ခဲ့သူဖြစ်ကြောင်းလည်း သိရသည်။ အဆိုပါ အမှုကို အောက်တိုဘာ ၂၇ ရက်တွင် တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ တရားလိုပြသက်သေ ၁၅ ဦးအထိ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

## မန္တလေးပန်းချီဆရာများ၏ ပန်းချီပြပွဲကို ရန်ကုန် ရောဝဏ်ပန်းချီခန်းမ၌ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးအခြေစိုက်ပန်းချီဆရာ ခုနစ်ဦးက 7 Mandalay အမည်ဖြင့် ရန်ကုန်မြို့ ရောဝဏ်ပန်းချီ ပြခန်း၏ဖိတ်ခေါ်မှုဖြင့် အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ပန်းချီပြပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲ၌ မန္တလေးဒေသဆိုင်ရာ အညာကျေးလက်အငွေ့အသက်များပါသည့် ရေဆေးသီးသန့်ဖြင့် ရေးဆွဲထားသည့် ပန်းချီကားပေါင်း ၇၀ ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မန္တလေးပန်းချီဆရာတွေအနေနဲ့ ရန်ကုန်မြို့မှာ သွားရောက်ပြသဖို့က ပြခန်းစရိတ်၊ သွားစရိတ်၊ လာစရိတ်နှင့် စားစရိတ်တွေနဲ့ ကုန်ကျစရိတ်များပြားမှုကြောင့် ပြသဖို့မလွယ်ကူဘူး၊ အခုပြပွဲမှာ ပြခန်းကို အခမဲ့ကူညီပေးတဲ့ ရောဝဏ်ပန်းချီပြခန်းပိုင်ရှင် မိသားစုကို ကျေးဇူးတင်ပါတယ်"ဟု ပြပွဲစီစဉ်သူ ပန်းချီဆရာ မျိုးမြင့်သိုက်က ပြောကြားသည်။

ရန်ကုန်သို့သွားရောက်ပြမည့် မန္တလေးပန်းချီဆရာများမှာ ဆရာမျိုးမြင့်သိုက်၊ ဆရာစိုးဝင်းအောင်၊ ပြင်ဦးလွင် မြင့်ထွန်း၊ မြင့်ကျော်ထက်၊ စိုင်းမောင်မောင်၊ တင်မောင်စိန်နှင့် ချမ်းမြေ့ဝင်းတို့က တစ်ဦးလျှင် ပန်းချီကား ၁၀ ချပ်စီ ပါဝင်ပြသ ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါပြပွဲကို ၁၂ ရက်ကြာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးနေသည့် နယ်ခြားစောင့်ရဲစခန်းများ ကြည့်ရှုစစ်ဆေး


**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ နံနက် ၁၁ နာရီက မောင်တောမြို့နယ် ကျီးကန်းပြင် ကွပ်ကဲမှုဌာနချုပ်အနီးရှိ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် ဆက်နွယ်နေသည့် ကျေးရွာများသို့ သွားရောက်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်မှ နယ်မြေရှင်းလင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် တောင်ပြိုလက်ဝဲမြို့၌ တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက်က တပ်မတော်၊ နယ်ခြားစောင့်ရဲပူးပေါင်းအဖွဲ့နှင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည့် ကြက်ရိုးပြင်ကျေးရွာကို ရဟတ်ယာဉ်ဖြင့် ကြည့်ရှုလေ့လာကြသည်။

အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲက မောင်တောမြို့နယ်ရှိ အဆိုပါ ကြက်ရိုးပြင်ကျေးရွာ၏ မြောက်ဘက် ပြောင်ပိုက်ကျေးရွာတစ်ဝိုက်၌ နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေသည့်



တပ်မတော်နှင့် နယ်ခြားစောင့်ရဲ ပူးပေါင်းအဖွဲ့အား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၃၀ ခန့်က စတင်ပစ်ခတ်၍ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့နောက် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် ကြက်ရိုးပြင်ကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသဖြင့် ဆက်လက်နယ်မြေရှင်းလင်းခဲ့ရာ အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီက အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ကျေးရွာအတွင်းမှ စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ပစ်ခတ်ရှင်းလင်းခဲ့ရာ တစ်လုံးထိုး သေနတ်တစ်လက်နှင့် အကြမ်းဖက်သမား ၁၀ ဦးတို့ကို အသေဖမ်းမိခဲ့သည်။ ၎င်းအကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် ကျေးရွာအတွင်းရှိ လူနေအိမ်စုတချို့ကို မီးရှို့ဖျက်ဆီး၍ ထွက်ပြေးသွားခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများက ကူညီစောင့်ရှောက်ထားသည့် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တ စွန့်ခွာလာသူများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်နှင့်ရိက္ခာများကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ရှိ အေးစေတီ ကျောင်းသို့သွားရောက်ပြီး ဆရာတော်များထံမှ ဩဝါဒခံယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုကော်မတီစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂၀**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ စတုတ္ထအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ်ရှိ ပါတီဗဟိုဌာနချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ ပါတီဥက္ကဋ္ဌ ဦးသန်းတင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ပါတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ ကော်မတီကြီး လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ဗဟိုကော်မတီအစည်းအဝေး၌ အလှည့်ကျသဘာပတိအဖွဲ့ဝင် ဦးဘရှိန်(မွန်)က အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟန်ရွှေ၊ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ချက်ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းရီတို့က ဖတ်ကြားတင်ပြပြီး ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို တိုင်းဒေသကြီး/ပြည်နယ် ဗဟိုကော်မတီဝင်များက ပြန်လည်ဆွေးနွေးကြသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ စတုတ္ထအကြိမ် ဗဟိုကော်မတီအစည်းအဝေး ဒုတိယနေ့ကို အောက်တိုဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ကိုလတ်(သတင်းစဉ်)**

# အောင်စိုးမိုးကျော် - ၂ အမြန်ရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်သည့်ရှင်းလင်းပွဲ တိုင်းဒေသကြီးအစိုးရ ဦးစီးပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၂၀**

အောက်တိုဘာ ၁၅ ရက်က ချင်းတွင်းမြစ်ကြောင်းတွင် ဟုမ္မလင်း- မုံရွာခရီးသည်တင် အမြန်ရေယာဉ်နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဏာမ မေးမြန်းစုံစမ်းချက်အရ အောင်စိုးမိုးကျော် - ၂ ရေယာဉ်သည် အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ဟုမ္မလင်းမြို့မှစတင်ထွက်ခွာပြီး ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝနှင့် မင်းကင်းမြို့တို့သို့ ဝင်ရောက်ဆိုက်ကပ်ကာ ခရီးသည်တင်ချခဲ့ကြောင်း၊ ရေယာဉ်စတင်ထွက်ခွာစဉ်ကပင် ခရီးသည်နှင့် ကုန်ပစ္စည်းများ အဆမတန် တင်ဆောင်လာသဖြင့် ခရီးသည်အချို့က ပုဂ္ဂလိကရေယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီရုံး၊ အေးငြိမ်းချမ်းသာ ရေယာဉ်အသင်းနှင့် အောင်စိုးမိုးကျော် - ၂ ရေယာဉ်မှ တာဝန်ရှိသူများထံ အန္တရာယ်တွေ့နိုင်သည်ဟု ကန့်ကွက်ပြောဆိုခဲ့သော်လည်း တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်းနှင့် ရေယာဉ်ပေါ်တွင် လူ ၃၀၀ ခန့် ပါရှိနိုင်သည်ဟု လွတ်မြောက်လာသည့် ခရီးသည်များက သုံးသပ်ပြောဆိုခဲ့ကြောင်း သိရှိရသည်။

ပဏာမ စာရင်းကောက်ယူမှုများအရ အသက်ရှင်လျက် ကယ်ဆယ်ရရှိသူ ၁၅၉ ဦး၊ ခရီးသွားဖော်အချင်းချင်း ရှာမတွေ့သဖြင့် သတင်းပေးပို့သူ ၆၄ ဦး၊ ပျောက်ဆုံးနေသူများ၏မိသားစုများ သတင်းပေးပို့ ၁၆ ဦး ရှိကြောင်းသိရှိရပြီး အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီခွဲအထိ သေဆုံးသူ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၅၄ ဦး ပေါင်း ၆၈ ဦး၏ အလောင်းများဆယ်ယူရရှိကြောင်း သိရသည်။

ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်း ခေါင်းဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်ထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့်အဖွဲ့သည် ကင်းတိုက်နယ်ဆေးရုံနှင့် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် ဘုန်းကြီးကျောင်းများရှိ အသက်ဘေးမှလွတ်ခဲ့သော ခရီးသည်များကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ ခရီးစဉ်အဆုံးဖြစ်သည့် မုံရွာမြို့သို့ သွားရောက်လိုသည့် ခရီးသည်များကို ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ခင်မောင်အေး ဦးစီးသည့်တပ်မတော်သားများသည် အခင်းဖြစ်ပွားသည့် မိချောင်းတွင်းကျေးရွာတွင် ပင်မစခန်းဖွင့်လှစ်၍ ရှာဖွေကယ်ဆယ်ရေးနှင့် နစ်မြုပ်ရေယာဉ်အား ပြန်လည်ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ချင်းတွင်းမြစ် အောက်ပိုင်းတစ်လျှောက် ကျေးရွာများအားလုံးသို့ ရေယာဉ်ငယ်များဖြင့် ဖြန့်ခွဲ၍ ရှာဖွေရေးလုပ်ငန်းများ အစွမ်းကုန်ဆောင်ရွက်လျက်ရှိကြောင်း၊ ချင်းတွင်းမြစ် တစ်လျှောက် ဆယ်ယူရရှိသည့် အလောင်းများနှင့် ကိုယ်ပေါ်တွင်ပါရှိလာသော ပစ္စည်းများကို ဓာတ်ပုံရိုက်ကာ စနစ်တကျ စာရင်းရေးသွင်းပြီး ပျောက်ဆုံးနေသူများ၏ ဆွေမျိုးများ လာရောက်စောင့်ကြည့်နေသည့် ပင်မစခန်းနှင့် ဆက်သွယ်ပေးပို့ကာ ကြော်ငြာသင်ပုန်းတွင် ပြသပေးထားကြောင်း၊ တွေ့ရှိအလောင်းများမှာ ဆက်လက်ထားရှိရန် လွန်စွာဆိုးရွားနေသည့်အခြေအနေကြောင့် အချို့အလောင်းများကို ကာယကံရှင်မတွေ့ရှိသော်လည်း စနစ်တကျ မှတ်တမ်းတင်ထားရှိကာ မြေမြှုပ်သင်္ဂြိုဟ်ခြင်းများကို နာရေးကူညီမှုအသင်းများ၏ အကူအညီဖြင့် ကောင်းမွန်စွာ ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့်အဖွဲ့သည် သေဆုံးသူများ၏ မိသားစုများနှင့်အတူ အောက်တိုဘာ ၁၉ ရက်က မိချောင်းတွင်းကျေးရွာရှိ သာသနာ့ရက္ခိတကျောင်းတိုက်တွင် အလှူဒါနပြုလုပ်ပြီး ချင်းတွင်းမြစ်အတွင်း အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း၊ အောက်တိုဘာ ၁၉ ရက် ညနေပိုင်းအထိ နစ်မြုပ်ရေယာဉ်၏ သုံးပုံနှစ်ပုံကို ရေပေါ်သို့ ဆွဲတင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြသလ္လာခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ကုလသမဂ္ဂအဖွဲ့အစည်းကို စစ်မှန်သည့် မိတ်ဖက်အဖွဲ့အစည်းအဖြစ် မြန်မာအစိုးရနှင့် ပြည်သူများကရှုမြင်ပေးရန် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရေနာတား ဒက်ဆလီယန် က (၇၁) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပသည့် (၇၁) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးက ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

"ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုရဲ့အသီးအပွင့်အဖြစ် အခုလို (၇၁) နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂအနေနဲ့ ကမ္ဘာ့အတွေ့အကြုံ၊ အသိပညာတွေကို ဖလှယ်ရင်း ပံ့ပိုးကူညီသွားဖို့ အဆင်သင့်ရှိပါတယ်။ မြန်မာပြည်သူတွေကို ဆက်လက်ပြီး ကူညီပေးဖို့ အခွင့်အလမ်းတွေကိုလည်း မျှော်လင့်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရေနာတားဒက်ဆလီယန်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆက်လက်ကျင်းပသည့်ဆွေးနွေးပွဲတွင် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့ ရေရှည်တည်တံ့သည့် နှစ်ဖက်မိတ်ဖက်ဆောင်ရွက်နေမှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် တရားဥပဒေစိုးမိုးမှု၏ အခန်းကဏ္ဍ စသည့် ခေါင်းစဉ်နှစ်ခုကို ဆွေးနွေးကြသည်။

အောက်တိုဘာ ၂၁ ရက် တွင်လည်း ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ (၇၁) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်မှုတစ်ခုအဖြစ် ဒေသခံပြည်သူများနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန် ၁၉၄၈ ခုနှစ် ဧပြီလမှစကာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာပြီး ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ကျား/မတန်းတူညီမျှရေး၊ သန့်ရှင်းသည့် သောက်သုံးရေရရှိရေး၊ ကလေးသူငယ်ကာကွယ်ပေးရေးဆိုင်ရာများ၊ လူကုန်ကူးမှု၊ ရွေးကောက်ပွဲနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တရားမျှတရေးစသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂသည် မြန်မာအစိုးရနှင့်လက်တွဲကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုအချိန်၌ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုလသမဂ္ဂအဖွဲ့အစည်းပေါင်း ၁၇ ခုသည် ဝန်ထမ်းပေါင်း နှစ်ထောင်ကျော်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂအဖွဲ့သည် ကမ္ဘာပေါ်ရှိ နေရာတိုင်းတွင် ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ သက်ရှယ်မရွေး လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး၊ လူသားအားလုံး အကျုံးဝင်မှုရှိကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အရေးရရှိရေး၊ ကျား/မတန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြင့်ရေး၊ လူသားတိုင်းသန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေး စသဖြင့် ပြည့်စုံကြွယ်ဝသည့် ကမ္ဘာကြီးဖြစ်ပေါ်စေရေးအတွက် ရည်မှန်းချက် ၁၇ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**သတင်း-နန္ဒာဝင်း၊ ဓာတ်ပုံ -ရဲထွန်း**




# World Quality Commitment ဆု ကမ္ဘောဇဘဏ်လီမိတက်ရရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**




စပိန်နိုင်ငံအခြေစိုက် Business Initiative Directions အဖွဲ့မှ ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းကြီးများ၏ အရည်အသွေးကို စောင့်ကြည့်၍ နှစ်စဉ်ဆုများပေးလျက်ရှိရာ ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၆ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်သည့် World Quality Commitment ဆုကို ရရှိခဲ့သည်။ ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့ပြီး ကမ္ဘောဇအုပ်စု၊ မြန်မာ ဘီလီယံဂရု(ပ်) ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းလင်းနှင့် ရွှေကမ္ဘောဇ ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာ၊ ကမ္ဘောဇဘဏ်လီမိတက်၏ Procurement Director ဦးဌေးအောင်ကျော်တို့က လက်ခံရယူခဲ့သည်။

ကမ္ဘောဇဘဏ် လီမိတက်သည် စံထားလောက်သော အရည်အသွေးများ၊ ခေါင်းဆောင်မှုများ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများအတွက် ယခုဆုကို ထိုက်တန်စွာဖြင့် ချီးမြှင့်ခဲ့ရခြင်း ဖြစ်ကြောင်း Business Initiative Directions ၏ ဆုပေးရခြင်းနှင့် စပ်လျဉ်းသည့်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက်သည် Total Quality Management များ တိုးတက်လာစေရန်အတွက် ကောင်းမွန်သောဦးဆောင်မှုများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နေသော အဖွဲ့အစည်းကြီးဖြစ်ကြောင်းနှင့် အဆိုပါအချက်များကြောင့် ကမ္ဘောဇဘဏ်လီမိတက်သည် အရည်အသွေးစဉ်ဆက်မပြတ်တိုးတက်မှုအတွက် စံထားလောက်သည့် ဘဏ်လုပ်ငန်းကြီးဖြစ်ကြောင်းလည်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် Business Initiative Directions အဖွဲ့မှ ချီးမြှင့်သည့် International Star Award Geneva 2015 ဆုကို ၂၀၁၅ ခုနှစ်ကလည်း လက်ခံရရှိထားခဲ့ပြီး ယခုဆုသည် BID မှ ချီးမြှင့်သည့် ဒုတိယမြောက်ဆု ဖြစ်သည်။

ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာမှချီးမြှင့်သော ဘဏ်လုပ်ငန်းဆိုင်ရာ အကောင်းဆုံးစွမ်းဆောင်ရည်ဆုများစွာကိုလည်း ရရှိထားပြီး ယခု ၂၀၁၆ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Euromoney အဖွဲ့အစည်းမှချီးမြှင့်သည့် ၂၀၁၆ ခုနှစ်အတွက် Best Bank in Myanmar ဆုနှင့် Finance Asia မှ ပေးအပ်သည့် Best Bank in Myanmar 2016 ဆုတို့ကို ရရှိထားခဲ့ကြောင်း သိရှိရသည်။

**သဲနိုင်ဦး - မြန်မာစာ**

# ကျိုက်ထီးရိုးတောင်ခြေမှ ရင်ပြင်တော်အထိ တောင်တက်ယာဉ်ခ နောက်ခန်းဈေးနှုန်းများလျှော့ချ

**သထုံ အောက်တိုဘာ ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးတောင်ခြေကင်မွန်းစခန်းမှ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ကြီးတည်ရှိရာ ရင်ပြင်တော်စခန်းအထိ တောင်တက်ယာဉ်ခ နောက်ခန်းဈေးနှုန်းအား သီတင်းကျွတ်လပြည့်နေ့မှစတင်ကာ ငွေကျပ် ၂၀၀၀ နှုန်းသို့ လျှော့ချသတ်မှတ်ထားပြီး ဘုရားဖူးများ လုံခြုံစိတ်အေးချမ်းသာစွာဖြင့် လိုက်ပါစီးနင်းနိုင်စေရန်အတွက် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ စည်းကမ်းပိုင်းနှင့် ပတ်သက်၍လည်း ကြပ်ကြပ်မတ်မတ် ကိုင်တွယ်သွားမည်ဖြစ်ကြောင်း ကျိုက်ထီးရိုး တောင်တက်မော်တော်ယာဉ်အသင်းမှ သိရသည်။

"ဒါကို ကျွန်တော်တို့ တောင်တက်မော်တော်ယာဉ်အသင်းနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေညှိနှိုင်းပြီး ဆုံးဖြတ်ခဲ့တာပါ။ ဒီနှစ် တောင်ပေါ်မှာ အားလုံးအခြေနေ ပြောင်းနေတဲ့အချိန်မှာ ကျွန်တော်တို့အသင်းကလဲ ဝန်ဆောင်မှုကိုတိုးပြီး လုပ်ပေးတဲ့သဘောပါ။ နောက်ခန်းအတွက်ပဲ လျှော့တယ်။ ခေါင်းခန်းက အရင်ဈေးနှုန်းအတိုင်း မပြောင်းလဲပါဘူး။ နောက်ဝန်ဆောင်မှုတစ်ခုအနေနဲ့က ယာဉ်တွေအားလုံး အမိုးတပ်ထား ပေးပါတယ် ဘုရားဖူးပြည်သူအားလုံး စိတ်ချမ်းသာကိုယ်ချမ်းသာ ဘုရားဖူးနိုင်ဖို့ စည်းကမ်းပိုင်းကိုလည်း ပိုပြီးတင်းကျပ်ထားတယ်" ဟု ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးဝိတင်က ပြောသည်။

ကျိုက်ထီးရိုးတောင်ခြေ ကင်မွန်းစခန်းမှ ရင်ပြင်တော်စခန်းအထိ လိုက်ပါစီးနင်းသူများသည့် တောင်တက်ယာဉ်နောက်ခန်းဈေးနှုန်းကို ယခင်က ငွေကျပ် ၂၅၀၀ ကောက်ခံရာမှ ယခုနှစ်တွင် ငွေကျပ် ၂၀၀၀ သို့ လျှော့ချကောက်ခံပြီး ယာဉ်ရှေ့ခန်းဈေးနှုန်း ငွေကျပ် ၃၀၀၀၊ ရသေ့တောင်အထိ ရှေ့ခန်းကျပ် ၂၅၀၀ နှင့် နောက်ခန်းကျပ် ၁၅၀၀တို့မှာ ယခင်ဈေးနှုန်းအတိုင်း သတ်မှတ်ထားကြောင်း သိရသည်။

ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ စည်းကမ်းပိုင်းနှင့် ပတ်သက်ပြီး သတ်မှတ်ဝတ်စုံများဝတ်ဆင်စေကာ တောင်တက်ကားများ၏ ရှေ့သက်ကယ်ပေါင်များတွင် ယာဉ်နံပါတ်၊ ယာဉ်မောင်းအမည်၊ ယာဉ်နောက်လိုက်အမည်များကို ရေးထားမည်ဖြစ်ပြီး အဆင်မပြေခြင်းများရှိပါက တိုင်ကြားရန် ဖုန်းနံပါတ်များကို တစ်ပါတည်းရေးထားမည်ဖြစ်ပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏အမည်ပါရှိသည့် လည်ဆွဲကတ်များကိုလည်း ပြုလုပ်ပေးထားကြောင်း ဦးဝိတင်က ဆက်လက်ပြောကြားသည်။

ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိတွင် တောင်တက်ယာဉ်အစီးရေ ၁၅၀ ဖြင့် ဘုရားဖူးများအား ပို့ဆောင်ပေးလျက်ရှိကာ နှစ်စဉ် ပြည်တွင်း ပြည်ပ ဘုရားဖူး သိန်း ၂၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာ ပါဝင်ခွင့်ရှိသော်လည်း လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်အဖွဲ့များနှင့်လည်း စာချုပ်တွင် အမြန်လက်မှတ်ရေးထိုးနိုင်ရန်ဆွေးနွေးလျက်ရှိ

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် အောက်တိုဘာ ၂၀**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသာ ပါဝင်ခွင့်ရှိသော်လည်း လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် အဖွဲ့များနှင့်လည်း စာချုပ်အမြန်လက်မှတ်ရေးထိုးနိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း ယနေ့ ပြုလုပ်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးမှသိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ (UPDJC) ၏ အတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) စာချုပ်ရဲ့ အပိုဒ် ၂၀ နဲ့ ၂၂ မှာ နိုင်ငံရေးဆွေးနွေးမှုအတွက် ဖော်ပြထားပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပရင် NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသူတွေသာ ကျင်းပတဲ့နေရာမှာပါနိုင်တယ်လို့ ရှိပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ဆောင်ရွက်တဲ့နေရာမှာ NCA စာချုပ်ကို အခြေခံပြီး ဆောင်ရွက်ရတာပါ။ UNFC ကိုယ်စားပြု DPN အနေနဲ့ အစိုးရနဲ့ NCA လက်မှတ်ထိုးဖို့ ညှိနှိုင်းနေပါတယ်"ဟု လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်အဖွဲ့များနှင့် အစိုးရတို့ ဆွေးနွေးလျက်ရှိသည့်အခြေအနေကို ပြောသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးပွဲများကျင်းပရန်နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်မှတ်ရေးထိုးနိုင်ရန်အတွက် စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း တတိယနေ့ အစည်းအဝေး ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ဆက်လက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးမှုများနှင့်ပတ်သက်၍ အစိုးရအဖွဲ့မှ UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေက "သုံးရက်တာကာလ ဆွေးနွေးပွဲက တော်တော်လေးချောချောမွေ့မွေ့ ဆွေးနွေးနိုင်တယ်။ ဒီနေ့ အစည်းအဝေးအပိတ်မှာ DPN ရဲ့ ခေါင်းဆောင်က သူတို့ရပ်တည်ချက် သူတို့သဘောထားကို ပြောပါတယ်။ သူတို့အနေနဲ့ အကောင်းဆုံးကြိုးစားပြီးတော့ ဒီဖြစ်စဉ်မှာ ပါဝင်နိုင်ဖို့ ဆောင်ရွက်ပါမယ်။ ကျန်တဲ့အားလုံးကလည်း ဝိုင်းဝန်းပြီးတော့ ကူညီနားလည်ပေးဖို့လိုပါတယ်။ မနက်ဖြန်မနက်ပိုင်းမှာ ဆွေးနွေးမှုကိစ္စတွေ ပြီးပြတ်သွားလိမ့်မယ်လို့ မျှော်လင့်တယ်။ ဘာတွေပြီးသွားမလဲဆိုရင် Framework ရဲ့ အချို့အစိတ်အပိုင်းတွေပြီးသွားမယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်နိုင်ဖို့အတွက် ပြီးသွားမယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ညှိနှိုင်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC ) အစည်းအဝေးကို ၂၈ ရက်နေ့ နေ့လယ်လောက်မှာ လုပ်နိုင်ဖို့ မျှော်လင့်ထားတယ်။ NCA စာချုပ်အရကတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ဖို့ကို UPDJC က အတည်ပြုရမှာပါဟု"ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်သည် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စား လှယ်အဖွဲ့ (DPN) နှင့် UNFC က တောင်းဆိုသည့် အချက်များ ညှိနှိုင်းရန်နှင့် NCA စာချုပ်တွင် လက်မှတ်ရေး ထိုးနိုင်ရန်အတွက် နိုဝင်ဘာလဆန်းပိုင်းတွင် တွေ့ဆုံကြမည်ဖြစ်သည်။

ဦးလှမောင်ရွှေက "နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်လောက်မှာ DPN နဲ့ တွေ့ဖို့ ညှိနှိုင်းထားတာရှိတယ်။ အလုပ်အဖွဲ့တွေ အရင်ဆုံးဆွေးနွေးနိုင်ဖို့ပါ။ နောက် ၉ ရက် ၁၀ ရက်မှာ အစိုးရ ရဲ့ ငြိမ်းချမ်းရေးကော်မရှင်နဲ့ DPN တို့ ကျန်နေတဲ့ အပိုင်းတွေကို ဆက်ဆွေးနွေးနိုင်ဖို့ ပြင်ဆင်နေပါတယ်။ နှစ်ဖက်စလုံးက လမ်းဖွင့်ပြီး လုပ်ဆောင်နေတာကြောင့် ချောချောမွေ့မွေ့ဖြစ်သွားရင် UNFC က အနေနဲ့အမြန် ပါလာနိုင်ဖွယ်ရှိပါတယ်"ဟု ပြောသည်။

"အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို လာမည့် နိုဝင်ဘာမှစတင်၍ ပြုလုပ်နိုင်ရန် စီစဉ်ထားရှိပြီး လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးနိုင်ရန်အတွက် လုပ်ငန်းလမ်းညွှန် ToR များကို အလုပ်အဖွဲ့က ရေးဆွဲထားကြောင်း သိရသည်။ ဆွေးနွေးပွဲများ ကျင်းပရာတွင် လွယ်ကူစေရန်အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုစီတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဟူ၍ လုပ်ဆောင်ရန် ပြင်ဆင်ထားကြောင်းလည်း သိရှိရသည်။

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ကျွန်တော်တို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ တစ်ခုလုံးနဲ့ ပတ်သက်တဲ့ လုပ်ငန်းလမ်းညွှန် ToR ကိုရေးထားတယ်။ နောက်ဆွေးနွေးရမယ့် ကဏ္ဍတွေကိုလည်း နိုင်ငံရေးဆိုင်ရာ မူဘောင်မှာပါတဲ့ ကဏ္ဍကြီး ငါးခုကို ခေါင်းစဉ် ၁၀ ခု ခွဲထားတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုအပြင် နေပြည်တော်အပါအဝင်နေရာ ၁၅ ခုမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပဖို့ ပြင်ထားပါတယ်။ ကျင်းပမှု လွယ်ကူအောင်အတွက်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုစီမှာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဆိုပြီး လုပ်ဖို့ပြင်ထားပါတယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကို ကိုယ်စားပြုတဲ့ သုံးဦး၊ နိုင်ငံရေးပါတီက သုံးဦးနဲ့ တိုင်းရင်းသားလက်နက်ကိုင်က သုံးဦးစီပါတဲ့ ကိုးဦး ကော်မတီ ပါပါမယ်" ဟုပြောသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရာတွင် နိုင်ငံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ လူမှုရေး၊ မြေယာနှင့် သယံဇာတခေါင်းစဉ် ကဏ္ဍ ငါး ခုအောက်တွင် ဆွေးနွေးမည့် အကြောင်းအရာ ၁၀ ခုပါဝင်သော်လည်း ခုနစ်ခုခန့်သာ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံရေးပါတီ အစုအဖွဲ့၏ UPDJC အတွင်းရေးမှူးဖြစ်သူ စိုင်းကျော်ညွှန့်က "အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ ကဏ္ဍငါးခုရှိတယ်။ ကဏ္ဍတစ်ခုစီမှာ အကြောင်းအရာ နှစ်ခုစီပါမယ်။ လုံခြုံရေးကဏ္ဍအောက်မှာရှိတဲ့ ခေါင်းစဉ် နှစ်ခုကိုတော့ အမျိုးသားအဆင့်ကို မချတော့ဘူး။ အဲဒါတွေကတော့ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်တွေနဲ့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကိစ္စရပ်တွေပါ။ ဒီနှစ်ခုက လုံခြုံရေးပိုင်းဆိုင်ရာကို အမျိုးသားအဆင့်ထိ ဆွေးနွေးတယ်ဆိုရင် ငြိမ်းချမ်းရေးကို ရှေးရှုတဲ့အချိန်မှာ ဒီထက်ပိုပြီးရှုပ်ထွေးလာနိုင်တဲ့အတွက် ဒါကိုတော့ အမျိုးသားအဆင့်မှာ မဆွေးနွေးဘဲ ပြည်ထောင်စုအဆင့်မှာ ဆွေးနွေးမယ်ဆိုပြီး စဉ်းစားဆုံးဖြတ်ထားတာတော့ရှိပါတယ်။ နောက်ကျန်တဲ့ရှစ်ခုထဲမှာမှ စဉ်းစားနေတာက ကိုးကွယ်ယုံကြည်မှုနဲ့ဆိုင်တဲ့ ကိစ္စပေါ့။ ဒီနိုင်ငံမှာက ကိုးကွယ်ယုံကြည်မှုလည်း များတယ်ဆိုတဲ့အခါကျတော့ အပေါ်မှာပဲဆွေးနွေးပြီး အောက်ကိုချပေးမလား။ ဒါမှမဟုတ် အပေါ်မှာပဲ နိုင်ငံတော်သွားချင်တဲ့ လူ့ဂျူဝက်မှုအနေနဲ့ပဲထားပြီး ဆွေးနွေးမလားပေါ့" ဟု ပြောသည်။

ယနေ့အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် ၁၄ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၇ ဦး၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။



# မောင်တောမှ တိမ်းရှောင်လာသူများအား စစ်တွေမြို့ ဓညဝတီကွင်းတွင် ယာယီစခန်းများဖွင့်ပြီး နေရာချထားပေး

**စစ်တွေ အောက်တိုဘာ ၂၀**

မောင်တောမြို့နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာကြပြီး စစ်တွေမြို့ ဘုန်းကြီးကျောင်းများ၌ ယာယီ ခိုလှုံနေကြသူ ၁၀၉၃ ဦး အား အောက်တိုဘာ ၂၀ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် စစ်တွေလူမှုအဖွဲ့အစည်းများပူးပေါင်းကာ စစ်တွေမြို့ ဓညဝတီ အားကစားကွင်းတွင် တစ်စုတစ်ဝေးတည်းဖြစ်စေရန် ယာယီတဲများတည်ဆောက်ပေးပြီး ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ရွက်ဖျင်တဲ ၊ ရေရရှိရေး၊ မီးရရှိရေး၊ အိမ်သာများ တည်ဆောက်ပေးခဲ့ပြီး စားသောက်ရေးအတွက် ထမင်းထုပ်များကို ရပ်ကွက်အလိုက် အလှည့်ကျ လှူဒါန်းထောက်ပံ့နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ရခိုင်လူမှုအဖွဲ့အစည်းမှ ဦးစိုးပိုင်ကပြောသည်။

စစ်တွေမြို့သို့ ထွက်ပြေးတိမ်းရှောင်လာသူအများစုမှာ မောင်တောမြို့နယ် မြောက်ပိုင်းရှိ ကျေးရွာများမှဖြစ်ကြပြီး အမျိုးသမီးနှင့်ကလေးငယ်များ အများစုပါဝင်ပြီး မောင်တောမြို့ မြောက်ပိုင်းတိုင်းရင်းသားများဖြစ်ကြောင်း သိရသည်။ နေရပ်စွန့်ထွက်ခွာလာသူများကို ပြန်လည်ပို့ဆောင်ပေးရန်အတွက် လောလောဆယ် စီစဉ်ဆောင်ရွက်ထားမှုမရှိသေးဘဲ နေရပ်ပြန်သူများရှိပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပို့ဆောင်ပေးမည်ဟုလည်း သိရသည်။

နောက်ဆုံးရသတင်းများအရ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တွင် နေရပ်စွန့်ခွာလာသူ အိမ်ထောင်စု ၃၈၉ စု၊ လူဦးရေ ၁၂၈၃ ဦး၊ စစ်တွေမြို့နယ်တွင် အိမ်ထောင်စု ၆၄၈ စု၊ လူဦးရေ ၂၉၅၁ ဦးထိရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သိရှိရသည်။ **မြတ်ဝေ**

## မှတ်သားဖွယ်ရာမိုးရေချိန်

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့၌ ၂ ဒသမ ၃၂ လက်မ၊ ပိုင်ကျုံမြို့၌ ၁ ဒသမ ၉၃ လက်မ၊ ကော့သောင်းမြို့၌ ၁ ဒသမ ၃၀ လက်မ၊ ချောင်းဆုံမြို့၌ ၀ ဒသမ ၉၄ လက်မ၊ မင်းတပ်မြို့၌ ၀ ဒသမ ၉၀ လက်မ၊ ကျောက်ထုမြို့၌ ၀ ဒသမ ၈၅ လက်မနှင့် ရမည်းသင်းမြို့၌ ၀ ဒသမ ၇၁ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# 2600 MHz လှိုင်းနှုန်းစဉ်(၁၅)နှစ်သက်တမ်းအသုံးပြုခွင့် ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် 2600 MHz လှိုင်းနှုန်းစဉ်လေလံအား နေပြည်တော်ရှိ The Hotel Royal ACE တွင် အောက်တိုဘာ ၁၇ရက် နံနက် ၉ နာရီက စတင်ပြုလုပ်ခဲ့ရာ သတ်မှတ်ချက်နှင့်ကိုက်ညီသော ကုမ္ပဏီကိုးခုမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပထမနေ့ အစီအစဉ်တွင် Round ၁၁ ခု ဆောင်ရွက်နိုင်ခဲ့သည်။

အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်များတွင် အဆိုပါဟိုတယ်၌ ဆက်လက်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၉ ရက်တွင် Round ၃၂ ခုဖြင့် လေလံအား အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

2600 MHz လှိုင်းနှုန်းစဉ်လေလံအား Simultaneous Multiple-Rounds Ascending Auction (SMRA) စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလေလံတွင် Lot အလိုက် အောင်မြင်သည့် ကုမ္ပဏီများစာရင်းမှာ -

| Region | Lot Number | Bidder Name | Price USD (Million) |
|---|---|---|---|
| Region 1 (Nay Pyi Taw, Magwe, Bago, Mon,Kayin,Tanintharyi) | Lot 1.1 | Fortune International Ltd | 6.09 |
| | Lot 1.2 | Global Technology Co.,Ltd | 7.03 |
| Region 2 (Yangon, Ayeyawaddy, Rakhine) | Lot 2.1 | Amara Communications Co.,Ltd | 95.81 |
| | Lot 2.2 | Yatanarpon Teleport Public Co.,Ltd | 83.44 |
| Region 3( Mandalay, Sagaing,Chin,Shan, Kachin, Kayah) | Lot 3.1 | Yatanarpon Teleport Public Co.,Ltd | 27.24 |
| | Lot 3.2 | Amara Communications Co.,Ltd | 24.55 |

ဖော်ပြပါ လေလံအောင်မြင်သူများအား သက်တမ်း ၁၅ နှစ်ရှိသည့် လှိုင်းနှုန်းစဉ် အသုံးပြုခွင့် ခွင့်ပြုပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

**(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။**



ဝါသနာရှင်အဆင့် ဒုတိယတန်း(ကျား)ပဲခူးတိုင်းဒေသကြီးမှ ဦးအေးမော်ယှဉ်ပြိုင်စဉ်

## အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ မဟာဂီတပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၅)၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးသန်းထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးတင်အုန်း၊ မကွေးတိုင်းဒေသကြီးမှ ဦးဝင်းနိုင်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးစောဝင်းတို့က ခွာပြာသင်း (ပတ်ပျိုး) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မကြည်ကြည်သာ၊ ကရင်ပြည်နယ်မှ မသဲနုအေး၊ ချင်းပြည်နယ်မှ မနန်းမို့မို့အေး၊ မွန်ပြည်နယ်မှ မချစ်သီတာအေး၊ ရခိုင်ပြည်နယ်မှ မမေသူလွင်၊ ရှမ်းပြည်နယ်မှ မသက်နှင်းဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ မစန်းနီလာငြိမ်း၊ မန္တလေးတိုင်းဒေသကြီးမှ မဖြူနှင်းခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသိမ့်ယဉ်ကေသွယ်၊ ပဲခူးတိုင်းဒေသကြီးမှ မဇာခြည်ဝတ်ရည်ဟန်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မအိန္ဒြာလီသိမ့်တို့က မန်းတောင်လက်ယာ (ယိုးဒယား)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်ခွန်ဇင်မင်းသူ၊ မွန်ပြည်နယ်မှ မောင်အောင်ကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်ဆုဟိန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်တင့်ဖြိုးခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ပိုင်သူဟိန်း(ခ) အာကာဟိန်း၊ ပဲခူးတိုင်းဒေသကြီးမှ မောင်စည်သူလွင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ရဲဝင့်ကျော်တို့က ဆယ်ဆယ်ရောင်(ဒိန်းသံ)သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းသည့် မြန်မာ့ဂီတရသကို ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။

## ကာလပေါ်တေးပြိုင်ပွဲ

ကာလပေါ်တေးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၄)၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်စိုးမြဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်သင်းသင်းခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ကြူကြူခိုင်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာတို့က မေလှမြိုင်၏ နွေဦးတေးသံသီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်နေထွန်းအောင်၊ ကရင်ပြည်နယ်မှ မောင်မျိုးဇော်ဦး၊ မွန်ပြည်နယ်မှ မောင်သန်းလင်းအောင်၊ ရခိုင်ပြည်နယ်မှ မောင်ပြည့်စည်သူဖြိုး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်သန့်ဇင်ထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်အောင်သက်ပိုင်မှူး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ပိုင်သူဟိန်း(ခ) အာကာဟိန်း၊ မကွေးတိုင်းဒေသကြီးမှ မောင်လင်းဖုန်းကျော်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်စည်သူလွင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်နိုင်လင်းအောင်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ရာဇာတို့က အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ အောင်ပါစေ မေတ္တာပို့သီချင်းဖြင့် လည်းကောင်း ဌာန်ကရိုဏ်းကျနစွာ သီဆိုယှဉ်ပြိုင်ကြသည်။

## အကပြိုင်ပွဲ

အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မခိုင်လင်းဖြိုး၊ ကယားပြည်နယ်မှ မဝေဖူးသိမ့်၊ ချင်းပြည်နယ်မှ မမေသူအောင်၊ မွန်ပြည်နယ်မှ မဆုးထိပ်ထား၊ ရခိုင်ပြည်နယ်မှ မချစ်မြတ်စုစံ၊ ရှမ်းပြည်နယ်မှ မသန်းသန်းဦး(ခ) မဟန်နီ၊ ရန်ကုန်တိုင်းဒေသကြီးမှ မအေးသန္တာဗိုလ်၊ မန္တလေးတိုင်းဒေသကြီးမှ မသိမ့်သိမ့်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဇာနည်ဝင်း၊ မကွေးတိုင်းဒေသကြီးမှ ဒေါ်ဝင်းစီကျော်၊ ပဲခူးတိုင်းဒေသကြီးမှ မဖြူးဘိုမနှင့် တနင်္သာရီတိုင်းဒေသကြီးမှ မခင်စံပယ်စန်းတို့ကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းမင်းဦး၊ ကယားပြည်နယ်မှ မောင်ဂျက်ဖရီ၊ ကရင်ပြည်နယ်မှ မောင်စောနေဝင်း၊ ချင်းပြည်နယ်မှ မောင်ဇေဝေယံ၊ မွန်ပြည်နယ်မှ မောင်ငွေဖြိုးအောင်၊ ရှမ်းပြည်နယ်မှ မောင်စည်သူလင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ခန့်ကျော်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဟံသာဖြိုး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်နိုင်းဝေ၊ မကွေးတိုင်းဒေသကြီးမှ မောင်သန့်ဇင်ထွန်း၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ဇေမင်းထိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ရာဇာထွန်းတို့က လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်)အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မသက်မှူးဝတီ၊ ကယားပြည်နယ်မှ မမေသက်ခိုင်၊ ကရင်ပြည်နယ်မှ မဖြူဖြူဝင်း၊ မွန်ပြည်နယ်မှ မသဇင်ဖြိုး၊ ရခိုင်ပြည်နယ်မှ မလမင်းခင်၊ ရှမ်းပြည်နယ်မှ မစုယွန်းရွှေရည်၊ ရန်ကုန်တိုင်းဒေသကြီးမှ မဇာလီထက်၊ မန္တလေးတိုင်းဒေသကြီးမှ မသီရိဝေ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မထက်ရတီအောင်၊ မကွေးတိုင်းဒေသကြီးမှ မအေးရိပ်မွန်၊ ပဲခူးတိုင်းဒေသကြီးမှ မအိမ့်မှူးခင်၊ ဧရာဝတီတိုင်းဒေသကြီးမှ မထက်ရွှန်းခန့်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မခိုင်ဇင်ဦးတို့က ဆန်းပြားခမ်းနားသည့်ကကွက်များဖြင့် ယှဉ်ပြိုင်ကြသည်။

## အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ၏ သီချင်းသံစဉ်ကိုက်ညှိလေ့ကျင့်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ (၁)၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် ကယားပြည်နယ်



အခြေခံပညာအဆင့် (၁၀-၁၅)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ဇော်မျိုးနိုင်ယှဉ်ပြိုင်စဉ်

မှ ဦးသိန်းအောင်၊ ချင်းပြည်နယ်မှ ဦးတင်ဝင်းစိုး၊ မွန်ပြည်နယ်မှ ဦးစိုးသက်၊ ရခိုင်ပြည်နယ်မှ ဒေါ်စန်းစန်းမြင့်၊ ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်သန်းသန်းနိုင်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးစိုးသူရ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ခင်ချစ်စုမာ၊ မကွေးတိုင်းဒေသကြီးမှ ဦးခင်ညွန့်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်ခင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးကျော်ကျော်တို့က လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်လှိုင်ဝင်းထွန်း၊ ရှမ်းပြည်နယ်မှ မောင်ဖြိုးပြည့်၊ ရန်ကုန်တိုင်းဒေသကြီးမှ မလွင်လွင်ဘုန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်စိုးမိုးသူနှင့် မကွေးတိုင်းဒေသကြီးမှ မောင်အောင်သူရတို့ကလည်းကောင်း သံစဉ်ထည့်သွင်းဖော်ကျူးကြသည်။

## အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မဝင်းလဲ့လဲ့ထွန်းနှင့်အဖွဲ့ (ခ) စတားဝင်းလဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်ယွန်းဝတီဗိုလ်အဖွဲ့တို့က လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝမ်းကေဇင်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြည်တော်ချစ်သမီးလှလှခိုင်နှင့်အဖွဲ့တို့က လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မသဇင်ထွေးနှင့် အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မဖြူနှင်းခိုင်နှင့်အဖွဲ့တို့က လည်းကောင်း၊ သွက်လက်မြိုင်ဆိုင်သည့် ဆိုင်းလက်သံများဖြင့် အကြိတ်



ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းနှင့် တာဝန်ရှိသူများ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ကြည့်ရှုအားပေးစဉ်

အနယ်ယှဉ်ပြိုင်ကြသည်။

## ပတ္တလားပြိုင်ပွဲ

ပတ္တလားပြိုင်ပွဲကိုစိုက်ပျိုးရေးတက္ကသိုလ်ပတ္တမြားခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပေါက်ကျော်မနှင့် ပဲခူးတိုင်းဒေသကြီးမှ မခိုင်သန္တာစိုး(ခ) ခိုင်ဇင်မိုးတို့က ဖြူပြာမူရာ (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် )အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်မြင့်မြတ်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ထက်ဇင်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ညီညီစန်းလွင်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ရာဇာ(ခ) မှူးခန့်သော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ဆန်းမင်းအောင်တို့က မင်းလွင်မင်းလွင်မှိုင်းအုံ့ (ကြိုး)ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်ဝင်းကိုကိုဦး၊ ရှမ်းပြည်နယ်မှ မောင်အေးမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝဏ္ဏ၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဝင်းယံလင်း၊ မကွေးတိုင်းဒေသကြီးမှ မောင်ဝေယံမိုး၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ကျော်ထက်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ထက်အာကာတို့က မှန်ရဝေ (ပတ်ပျိုး) ဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာ လက်သံသာများဖြင့် ယှဉ်ပြိုင်ကြသည်။

## တယောပြိုင်ပွဲ

တယောပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးတင်ရှိန်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဇွန်မင်းနွယ်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးအေးမော်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးအောင်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးဟိန်းကိုကိုတို့က ဂုဏ်တော်ဖွင့် (ကာလပေါ်)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယ



ကာလပေါ်အခြေခံပညာ(၁၅-၂၀)(ကျား)
ဧရာဝတီတိုင်းဒေသကြီးမှ မောင်နိုင်လင်းအောင် ယှဉ်ပြိုင်စဉ်

တန်း)အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မအေးလင်းသူ၊ ရန်ကုန်တိုင်းဒေသကြီးမှ မခင်မြန်မာနိုင်နှင့် ဧရာဝတီတိုင်း ဒေသကြီးမှ ဒေါ်ဥမ္မာတို့က ညဥ့်သုံးယံ (ပတ်ပျိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ကျော်မင်းသန့်၊ မွန်ပြည်နယ်မှ မောင်မင်းမြတ်စွမ်းပြည့်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်လင်းအောင်မြတ်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုးတို့က လွမ်းပိုအောင်ညိုမြင်းလွင် (ယိုးဒယား) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မအိမ့်သူသူမွန်၊ ရန်ကုန်တိုင်းဒေသကြီးမှ မချမ်းမြေ့သာ(ခ) မချမ်းမြေ့သီဟ၊ မန္တလေးတိုင်းဒေသကြီးမှ မပြည့်စုံးမြတ်ခင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မခင်ရတနာစိုးတို့က



အခြေခံပညာ(၁၀-၁၅) (မ)
မန္တလေးတိုင်းဒေသကြီးမှ မသီရိဝေယှဉ်ပြိုင်စဉ်

မေတ္တာဖျန်းမှ လန်းဆန်းမယ် (ကာလပေါ်) ဖြင့် လည်းကောင်း တယောလက်သံသာဖြင့် ယှဉ်ပြိုင်ကြသည်။

## မယ်ဒလင်ပြိုင်ပွဲ

မယ်ဒလင်ပြိုင်ပွဲကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးစန်းထွေး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမောင်မောင်လေး၊ မကွေးတိုင်းဒေသကြီးမှ ဦးတင်မောင်ဌေးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးလုံးလေးတို့က စိန်ခြယ်ဖြာရောင်လင်း (ကြိုး)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်မြနှင်းရည်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဥမ္မာတို့က ထူးမခြားနား (သီချင်းခံ) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ရဲမင်းထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇော်မျိုးနိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုးတို့က ဇမ္ဗူဒီပါ (ကာလပေါ်) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မယွန်းနဒီပိုင်(ခ) ရွှေရုပ်လေးနှင့် ပဲခူးတိုင်းဒေသကြီးမှ မမြတ်ဖူးပွင့်တို့က တောင်တောသာယာ (ယိုးဒယား)ဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာသည့် မယ်ဒလင်သံသာဖြင့် ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးဖေဇင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုသုခုမကို စိတ်ဝင်စားကြသည့်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

**ကျော်ဇေယျ(သတင်းစဉ်)**

# ကယားပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၁၆ ခုနှစ် ကယားပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ ၊ တက္ကသိုလ်၊ ကောလိပ်များမှ လုပ်အားပေး ကြီးကြပ်ဆရာ၊ ဆရာမများနှင့် လုပ်အားပေး ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံလုပ်အားပေးဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားကို လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အခြေခံပညာ အထက်တန်းကျောင်းသူများက " လူတိုင်းအတွက် ပညာရေး သီချင်းဖြင့် " သီဆိုဖျော်ဖြေဖွင့်လှစ်ပေးသည်။

ထို့နောက် ကယားပြည်နယ် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီနာယက၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြားပြီး အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီအတွင်းရေးမှူး ကျောင်းပြင်ပ ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက ကယားပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွိုင်ကော်ပညာရေးကောလိပ်မှ လုပ်အားပေးကျောင်းသူ မမေခင်ဇာသင်းက လုပ်အားပေး တက္ကသိုလ်ကောလိပ် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုပြီး စာသင်ဝိုင်းအသီးသီးသို့ သွားရောက်သင်ကြားပေးကြမည့် လုပ်အားပေးတက္ကသိုလ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများကို အားပေးနှုတ်ဆက်ကြောင်း သတင်းရရှိသည်။(**သတင်းစဉ်**)



# လူငယ်တွေ မြန်မာ့ဂီတနဲ့ ရင်းနှီးရှင်သန်နေဖို့လိုတယ်

**ဦးမင်းနောင်**

**အမေး၊ အရေး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး**

နေပြည်တော် အောက်တိုဘာ ၂၀

**အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲက တတိယမြောက် နေ့အဖြစ် ဆက်လက်ဆင်နွှဲနေဆဲ။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်မျိုးဆက်သစ်လူငယ်များက ပြိုင်ပွဲခန်းမများ၌ အကြိတ်အနယ်ယှဉ်ပြိုင်နေကြဆဲ။ အဆို၊ အက၊ အတီး ပြိုင်ပွဲဝင်သံများက နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်များနယ်မြေ၌ လွှင့်ပျံ့လျက်ရှိနေသည်။**



ဦးမင်းနောင်



ဦးရဲဒွေး

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်အကဲဖြတ်ပေးနေကြသည့် ပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်အချို့၏ ရင်ဖွင့်စကားသံများကိုရယူကာ စုစည်းဖော်ပြလိုက်ပါသည်။



မမေသက်ခိုင်(ကယားပြည်နယ်)



မလဝန်းထက်(ကရင်ပြည်နယ်)



မောင်ငွေဖြိုးအောင် (မွန်ပြည်နယ်)



မကျော့ခင်ခင်သန့်(ရှမ်းပြည်နယ်)

**ဦးမင်းနောင်**

**(အဆိုအကဲဖြတ် အဖွဲ့ခေါင်းဆောင်)**

"နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး စတင်ကတည်းက အကဲဖြတ်ပညာရှင်တစ်ဦးအနေနဲ့ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ အခု (၂၂) ကြိမ် မြောက်ရှိခဲ့ပြီ။ အသက်က (၈၆) နှစ်ရှိပြီဆိုတော့ ကျန်းမာရေးကောင်းနေသရွေ့ နိုင်ငံချစ်စိတ်၊ ဂီတအနုပညာကို တန်ဖိုးထားမြတ်နိုးတဲ့စိတ်နဲ့ ဆောင်ရွက်ပေးသွားဦးမှာပါ။ နိုင်ငံခြားတေးဂီတတွေ လွှမ်းမိုးလာတဲ့ ဒီနေ့အချိန်အခါမှာ ဒီလိုပြိုင်ပွဲတွေကို နှစ်စဉ်ကျင်းပပေးဖို့လိုပါတယ်။ လူငယ်မျိုးဆက်သစ်တွေ မြန်မာ့ဂီတအနုပညာနဲ့ အဆက်မပြတ် ထိတွေ့ရင်းနှီးရှင်သန်နေဖို့ လိုအပ်တဲ့အခြေအနေမှာ ဒီလိုပြိုင်ပွဲကြီးတွေက အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ပါတယ်။ ပြိုင်ပွဲဝင်လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုက နှစ်စဉ် ကျေနပ်အားရစရာပါပဲ။ ဒီနှစ် ပြိုင်ပွဲဝင် ကလေးတွေလည်း စွမ်းဆောင်မှု ကောင်းကြပါတယ်"

**ဦးရဲဒွေး**

**(ရုပ်သေးအကဲဖြတ် အဖွဲ့ခေါင်းဆောင်)**

"အသက် ၈၀ ကျော်လာပြီဖြစ်ပေမယ့် ဒီပြိုင်ပွဲမှာ တတ်စွမ်းသရွေ့ ကူညီအားဖြည့်ပေးနေတာပါ။ ပထမအကြိမ် ဆိုကရေးတီးပြိုင်ပွဲ စတင်ကတည်းက ရုပ်သေးပြိုင်ပွဲ အကဲဖြတ်ပညာရှင်အနေနဲ့ ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ရုပ်သေးကြိုးဆွဲပညာကို ရှင်သန်တိုးတက်စေချင်ပါတယ်။ လူငယ်တွေအနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ပြီး ပြန့်ပွားအောင်လည်း ကြိုးစားကြစေချင်ပါတယ်။ မြန်မာ့ဇာတ်သဘင်လောကမှာ တဖြည်းဖြည်းနဲ့ ရုပ်သေးဟာ အဖြည့်ခံဖြစ်လာသလို လူငယ်တွေရဲ့စိတ်ဝင်စားမှုလည်း လျော့ကျလာတာမို့ ဒီလို ပြိုင်ပွဲကြီးတွေက ပြန်လည်အားဖြည့်ပေးနိုင်တယ်လို့ ယုံကြည်ပါတယ်။

**မမေသက်ခိုင်(၁၀-၁၅)(မ)**

**(ကယားပြည်နယ်၊ အကပြိုင်ပွဲဝင်)**

"ကယားပြည်နယ် လွိုင်ကော်မြို့ဇာတိဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တာ လေးကြိမ်ရှိပါပြီ။ ဆုတော့ မရရှိသေးပါဘူး။ ကျွန်မက အဋ္ဌမတန်းကျောင်းသူဖြစ်ပြီး အချိန်ရသမျှ လေ့ကျင့်ခဲ့ပါတယ်။ အခု အကပြိုင်ပွဲမှာလည်း အကောင်းဆုံး ကြိုးစားထားတာမို့ ထိုက်တန်တဲ့ဆုကိုတော့ ရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အခုလို နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတာကိုပဲ ဂုဏ်ယူဝမ်းမြောက်နေပါတယ်"

**မကျော့ခင်ခင်သန့်**

**(စောင်းတီးပြိုင်ပွဲဝင်၊ ရှမ်းပြည်နယ်)**

"နိုင်ငံတော်အဆင့်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အဆင့်မြင့်ပညာ (မ) စောင်းတီးပြိုင်ပွဲဆိုတော့ ပြိုင်ပွဲဝင်အားလုံးက တော်ကြတဲ့သူတွေပါပဲ။ အခုပြိုင်ပွဲဝင်ခဲ့တာ ကျေနပ်အားရမှုလည်းရှိပြီး အမှားအယွင်းမရှိခဲ့ပါဘူး။ ဆုရရှိမယ်လို့ မျှော်လင့်နေမိတာမို့ ရင်ခုန်နေပါတယ်"

**မလဝန်းထက်**

**(မဟာဂီတ အဆိုပြိုင်ပွဲဝင်၊ ကရင်ပြည်နယ်)**

"ပြည်နယ်အဆင့်မှာ ပထမရရှိခဲ့ပြီး အခုလို ဗဟိုအဆင့်ပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ အခုလို နိုင်ငံတော်အဆင့်ပြိုင်ပွဲကို ဝင်ပြိုင်ခွင့်ရတာ နှစ်ကြိမ်ရှိပါပြီ။ ပထမအကြိမ်မှာ ဆုမရရှိခဲ့ပါဘူး။ သမီးစိတ်ဓာတ်မကျဘဲ အခုလို ဆက်လက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ မဟာဂီတကို ဆရာမဒေါ်နန်းတင့်စမ်းက သင်ကြားပေးခဲ့တာဖြစ်ပြီး သမီးလည်း တတ်စွမ်းသမျှ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်"ဟု ပြောသည်။

**မောင်ငွေဖြိုးအောင်**

**(အကပြိုင်ပွဲဝင်၊ မွန်ပြည်နယ်)**

"မွန်ပြည်နယ် မုဒုံမြို့ဇာတိဖြစ်ပါတယ်။ မုဒုံ အထက (၁) အဋ္ဌမတန်းကျောင်းသားပါ။ ၂၀၁၄ ခုနှစ်က နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ တစ်ကြိမ်ယှဉ်ပြိုင်ခဲ့ဖူးပေမယ့် ဆုမရရှိခဲ့ပါဘူး။ အခုပြိုင်ပွဲမှာတော့ အခြေခံ (၁၀-၁၅) အဆင့်မှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ စိတ်တိုင်းကျအားရအောင် ယှဉ်ပြိုင်နိုင်ခဲ့လို့ ဒီနှစ်မှာ ဆုရရှိမယ်လို့တော့ မှန်းထားပါတယ်" ဟု အသီးသီးဖွင့်ဟပြောကြားသွားပါကြောင်း။ ။

# အမျိုးသမီးနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှု ပပျောက်ရေးနှင့် တားဆီးကာကွယ်၊ စောင့်ရှောက်ရေးအတွက် Hot Line ဝန်ဆောင်မှုစတင်

**ရန်ကုန် အောက်တိုဘာ ၂၀**

Blue Ocean Contact Center နှင့် အခရာ အမျိုးသမီးအဖွဲ့တို့ပူးပေါင်း၍ အမျိုးသမီးနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုပပျောက်ရေးနှင့် တားဆီးကာကွယ်၊ စောင့်ရှောက်ရေးအတွက် ဆွေးနွေးတိုင်ပင်ရန် Blue Ocean Legal Helpdesk ၏အထူး Hot Line ၁၈၈၆ လိုင်းခွဲနံပါတ် ၃ တွင် ဝန်ဆောင်မှု စတင်ပေးအပ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ M3 Food Center ၌ အောက်တိုဘာ ၂၀ ရက်က ကျင်းပသည်။

အမျိုးသမီးနှင့် ကလေးသူငယ် အကြမ်းဖက်မှုကာကွယ်တားဆီးခြင်းဆိုင်ရာ Blue Ocean Legal Helpdesk ၏ အထူး Hot Line ၁၈၈၆ လိုင်းခွဲနံပါတ် (၃)သို့ ဆက်သွယ်ရာတွင် အမျိုးသမီးထုအနေဖြင့် မိမိတို့၏ကြုံတွေ့နေရသည့် အခက်အခဲများကို Blue Ocean Contact Center ၏ ဥပဒေအထောက်အကူပြုအဖွဲ့မှ အမျိုးသမီးဥပဒေပညာရှင်များနှင့် ပွင့်ပွင့်လင်းလင်း လွတ်လပ်စွာ ဖွင့်ဟဆွေးနွေးနိုင်ပြီး တနင်္လာနေ့မှ စနေနေ့အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သည့်အခကြေးငွေမှ ထပ်မံပေးရန်မလိုအပ်ဘဲ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။ "Blue Ocean Contact Center ရဲ့ CSR programmed တစ်ခုအနေဖြင့် မြန်မာနိုင်ငံမှာရှိတဲ့ အိမ်တွင်းအကြမ်းဖက်မှုတွေနဲ့ ကလေးငယ်တွေကို ညှဉ်းပန်းနှိပ်စက်မှုတွေအတွက် ဥပဒေအရ အကာအကွယ်တွေ အခွင့်အရေးတွေရှိနေတယ်ဆိုတာကို သိရှိနားလည်စေဖို့ အခရာအဖွဲ့နဲ့ပူးပေါင်းပြီး ဒီ Hot Line နံပါတ်ကို အများပြည်သူအတွက် ဖွင့်လှစ်ပေးထားခြင်းဖြစ်ပါတယ်"ဟု Blue Ocean Operating Management Company Limited ၏ CEO ဦးထွန်းထွန်းနိုင်က ပြောသည်။

မိမိတို့၏ ပတ်ဝန်းကျင်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အမျိုးသမီးနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုနှင့် ပတ်သက်၍ အကာအကွယ်ရယူရန်နှင့် တိုင်ပင်ဆွေးနွေးရန်အတွက် Blue Ocean Contact Center နှင့် အခရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အထူး Hot line နံပါတ်အား အောက်တိုဘာ ၂၀ ရက်မှ စတင်ခေါ်ဆိုနိုင်ကြောင်း သိရသည်။

**သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - အခရာ**




**အခရာအမျိုးသမီးအဖွဲ့၏ Founder & Director ဒေါ်ထားထား ရှင်းလင်းပြောကြားစဉ်**

# ဖိနှိပ်ခံမြန်မာရွှေ့ပြောင်းလုပ်သားများ အခွင့်အရေးပိုမိုရရှိအောင် အာဆီယံရွှေ့ပြောင်းအလုပ်သမားအစည်းအဝေးတွင် တင်ပြဆွေးနွေးမည်

နေပြည်တော် အောက်တိုဘာ ၂၀

**မကြာမီကျင်းပတော့မည့် နဝမအကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အာဆီယံအစည်းအဝေးတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် အခွင့်အရေးများကို တင်ပြဆွေးနွေးနိုင်ရေးအတွက် ဒေသတွင်း အကြိုအစည်းအဝေးမှတစ်ဆင့် ရလဒ်ကောင်းများထွက်ပေါ်ခဲ့ပြီး အာဆီယံအစည်းအဝေးတွင် တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း ယနေ့ ကျင်းပသည့် နဝမအကြိမ် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အာဆီယံအစည်းအဝေး နိုင်ငံအဆင့် သုံးပွင့်ဆိုင် အကြိုလုပ်ငန်းညှိနှိုင်းပွဲမှ သိရသည်။**

အဆိုပါအစည်းအဝေးကို ယနေ့ နံနက်က နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ပအလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ILO၊ IOM နှင့် အာဆီယံရွှေ့ပြောင်းအလုပ်သမားဌာနမှ တာဝန်ရှိသူများ၊ မြန်မာ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ အလုပ်သမားအဖွဲ့အစည်းများ၊ UN၊ INGO နှင့် NGO များ၊ ပြည်တွင်းပြည်ပ ရွှေ့ပြောင်းအလုပ်သမားရေးရာ ဆောင်ရွက်နေကြသည့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၇၀ ခန့် တက်ရောက်ကြသည်။

ယခုနှစ်အတွက် အဆိုပါ အာဆီယံအဆင့်အစည်းအဝေးကို လာအိုနိုင်ငံတွင် ကျင်းပတော့မည်ဖြစ်ပြီး ဦးတည်ချက်အဖြစ် "ခိုင်မာသော လူမှုကာကွယ်စောင့်ရှောက်မှုများမှတစ်ဆင့် အာဆီယံရွှေ့ပြောင်းအလုပ်သမားများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်လာစေရေး" ဟု သတ်မှတ်ထားပြီး အာဆီယံဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လက်ရှိအခြေအနေနှင့် အာဆီယံတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဖူလုံရေး လွှဲပြောင်းရယူနိုင်ရန်အတွက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

"ပုံမှန်မဟုတ်တဲ့ ရွှေ့ပြောင်းသွားလာမှု (အထောက်အထားမဲ့)ကို ဖြစ်စေတဲ့ အဓိကအချက်တွေက နိုင်ငံတွင်း အေးချမ်းမှုမရှိတာနဲ့ ဖွံ့ဖြိုးတိုးတက်မှုမရှိတာတွေကြောင့် ဖြစ်ပါတယ်။ အလုပ်သမားစေလွှတ်တဲ့နိုင်ငံရော၊ လက်ခံတဲ့နိုင်ငံမှာပါ ဝင်ငွေတိုးစေတဲ့သူတွေက ရွှေ့ပြောင်းသွားလာသူတွေဖြစ်တာကြောင့် သူတို့တွေရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေအပြည့်အဝရရှိစေဖို့ လူမှုအဖွဲ့အစည်းတွေနဲ့ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဲဒီအထဲမှာ ကျွမ်းကျင်မှုနည်းတဲ့ အလုပ်သမားတွေ၊ အမျိုးသမီးလုပ်သားတွေနဲ့ ငယ်ရွယ်တဲ့ လုပ်သားတွေဟာ လုပ်ငန်းခွင်မှာရော လုပ်ငန်းခွင်ပြင်ပမှာပါ ခွဲခြားဆက်ဆံခံရတာ၊ အသိအမှတ်ပြုမခံရတာ၊ လုပ်ခလစာ ပြည့်ဝအောင်မရတာ၊ လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနဲ့ ပုံမှန်မဟုတ်တဲ့ အလုပ်ရှင်အလုပ်သမား သဘောတူစာချုပ်တွေကို လိုက်နာရတဲ့ ဖိနှိပ်ခြယ်လှယ်မှုတွေ ကြုံနေကြရတယ်"ဟု အဆိုပါအခမ်းအနားအတွင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ထို့ပြင် အလုပ်သမားဥပဒေများ ခေတ်နှင့်အညီဖြစ်လာရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကဏ္ဍတစ်ခုလုံးမြှင့်တင်ကာ အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်သမားနှင့် လူမှုအဖွဲ့အစည်းများအကြား အပြန်အလှန်ဆွေးနွေးခြင်းဖြင့် တိုးတက်လာစေရန် အဖြေရှာကြရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ယခုကဲ့သို့ နိုင်ငံအဆင့်ဖြင့် အလုပ်သမားရေးရာကိစ္စရပ်များ၊ အလုပ်သမားဥပဒေများနှင့် ဆက်စပ်ဥပဒေများ အားကောင်းစေရေးအတွက် အစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကျင်းပခဲ့သည်မှာ နှစ်ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။



အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်



ဒေါ်ခင်နွေဦး



ကိုစောခူ



ဦးထူးချစ်

"အခုလိုဒေသတွင်းဆွေးနွေးရခြင်းဟာ အာဆီယံရဲ့ လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ပါတယ်။ ဒီနေ့ပွဲမှာ အကြံပြုချက်တွေ ထွက်ပေါ်လာသလို၊ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို ဘယ်လိုကာကွယ်စောင့်ရှောက်ကြမလဲ၊ အခွင့်အရေးတွေ ဘယ်လိုရအောင်ဆောင်ရွက်မလဲဆိုတဲ့ အကြံပြုချက်တွေကိုလည်း မြင်တွေ့ရတာကြောင့် အလွန်အားရကျေနပ်မိပါတယ်။ အာဆီယံဒေသတွင်းမှာ ရွှေ့ပြောင်းသွားလာတဲ့ အလုပ်သမားဟာ ၂ ဒသမ ၅သန်း ဝန်းကျင်ရှိပါတယ်။ သူတို့အတွက် သင့်တော်တဲ့ ဥပဒေတွေ၊ မူဘောင်တွေရှိမှသာ သူတို့အတွက် ပံ့ပိုးကူညီရာရောက်မှာဖြစ်ပါတယ်" ဟု ILO မြန်မာ ရန်ကုန်ရုံးမှ Liaison Officer Mr. Rory Mungoven က ပြောပြသည်။

ဆွေးနွေးပွဲအတွင်း မြန်မာနိုင်ငံအနေဖြင့် အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုကာကွယ်စောင့်ရှောက်မှုကို မြှင့်တင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ဆိုက်ရောက်နိုင်ငံတွင် ရောက်ရှိနေသော အထောက်အထားရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့် အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများ အားလုံးအတွက် လုံခြုံစိတ်ချစွာ အလုပ်လုပ်ကိုင်နိုင်ရေးနှင့် ခိုင်မာသည့် လူမှုဖူလုံရေးဖြစ်လာစေရန် ယခုနှစ် အာဆီယံအစည်းအဝေးကြီးတွင် အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦးက ပြောကြားသည်။

ဆွေးနွေးပွဲအတွင်း ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးကွန်ရက်မှ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံရှိ လူမှုဖူလုံရေး ခံစားရရှိမှုအခြေအနေများကို ဆွေးနွေးခဲ့ရာ ထိုင်းနိုင်ငံတွင် နိုင်ငံကူးလက်မှတ်၊ အလုပ်လုပ်ခွင့်ပါမစ်ရှိသည့် ရွှေ့ပြောင်းလုပ်သား နှစ်သန်းကျော်အနက် လူမှုဖူလုံရေးဝင်ရောက်ထားသူမှာ သုံးသိန်းသာရှိသေးပြီး မြန်မာလုပ်သားများမှာ ထိုင်းအစိုးရ၏ ဥပဒေများကို သိနားလည်မှု၊ အလေးထားမှု အားနည်းနေသေးကြောင်း၊ အလုပ်သမားအကျိုးခံစားခွင့်များအနေဖြင့် အိမ်အကူနှင့် စိုက်ပျိုးရေးလုပ်သားများ မပါရှိဘဲ ပန်းရောင်ကတ်လုပ်သားများသည်လည်း အလုပ်သမားခံစားခွင့်များ မရရှိကြောင်း ထည့်သွင်းဆွေးနွေးသွားခဲ့သည်။

"မြန်မာရွှေ့ပြောင်းလုပ်သားတွေအတွက် လူမှုဖူလုံရေး၊ နစ်နာကြေးရန်ပုံငွေတွေ ရဖို့အတွက် ဥပဒေနဲ့အညီ တိတိကျကျဆောင်ရွက်ပေးစေလိုပါတယ်။ ILO ပြဋ္ဌာန်းချက်နဲ့အညီ ခွဲခြားဆက်ဆံမှုမရှိအောင် လုပ်ပေးဖို့ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်" ဟု မြန်မာအလုပ်သမားအရေးဆောင်ရွက်သူ ဦးမိုးကြိုးကလည်း ပြောပြသည်။

ယနေ့အခမ်းအနားတွင် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ခြင်း ဘတ်တစ်သောင်းစီကို ရွှေ့ပြောင်းအလုပ်သမားအရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် သုံးဦးထံသို့ ပေးအပ်ခဲ့သည်။

"ထိုင်းရောက်နေတဲ့ မြန်မာကလေးတွေကို ပညာသင်ကြားပေးနေတာ ၁၁ နှစ်နဲ့ အဖွဲ့တည်ထောင်တာ ၁၆ နှစ်ရှိပါပြီ။ အတော်ခရီးရောက်နေပါပြီ။ သူငယ်တန်းကနေ ရှစ်တန်းအထိ သင်ပေးပါတယ်။ ကျောင်း နှစ်ကျောင်းရှိပြီး ကျွန်တော့်ကျောင်းမှာ ကျောင်းသား ၅၀၀ နီးပါးရှိပါတယ်။ နိုင်ငံတော်ကပေးအပ်တဲ့ အထောက်အပံ့တွေကို အမှန်တကယ်လိုအပ်တဲ့နေရာတွေမှာ သုံးစွဲသွားမှာဖြစ်ပါတယ်။ ရနောင်းလူသတ်မှု၊ လိပ်ကျွန်း လူသတ်မှုက ကလေးတွေကို ထိုင်းရှေ့နေတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာရှိပါတယ်" ဟု Foundation for Education and Development မှ Executive Director ဦးထူးချစ်က ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲမှ အထောက်အထားရှိသူနှင့် အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများ အားလုံးအတွက် လူမှုရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် လူမှုဖူလုံရေးအား တိုးမြှင့်ရယူရန် နည်းလမ်းများကို အမျိုးသားအဆင့် သုံးဦးသုံးဖလှယ် မိတ်ဖက်များက အတည်ပြုခဲ့ကြပြီး လာမည့် (၉)ကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်တွင် မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာတစ်စောင် တင်သွင်းသွားမည်ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောပြသည်။

ဗန်ကောက်အခြေစိုက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကွန်ရက်မှ ကိုစောခူကလည်း "ပြည်ပရောက် မြန်မာလုပ်သားတွေရဲ့ဘဝက မဖြောင့်ဖြူးပါဘူး။ ဒါကြောင့် ကျွန်တော်တို့တွေက အဖွဲ့အစည်းတွေ၊ ကွန်ရက်တွေ တည်ထောင်ပြီး သံရုံးအပါအဝင် အခြားအဖွဲ့အစည်းကြီးတွေနဲ့ ချိတ်ဆက်ကူညီကြရပါတယ်။ အထူးသဖြင့် မြန်မာအလုပ်သမားတွေဟာ လုပ်ခလစာဖိနှိပ်မှု၊ ပြည့်ဝတဲ့အလုပ်သမားခံစားခွင့်တွေ မရရှိမှုနဲ့ ခေါင်းပုံဖြတ်မှုတွေကို အများဆုံးခံစားနေကြရတာကို ကာကွယ်ဖို့က အစိုးရရော၊ အဖွဲ့အစည်းတွေရော အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ ကွန်ရက်ကတော့ ရွှေ့ပြောင်းလုပ်သားတွေရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးကိစ္စတွေမှာ လိုက်ပါကူညီပေးနေတဲ့အဖွဲ့ဖြစ်ပါတယ်။ ဆေးရုံဆေးခန်းရောက်တာတွေ၊ စက်ရုံထဲမှာ နေထိုင်မကောင်းတာတွေဖြစ်ရင်လည်း လိုက်ပြီးကူညီပေးပါတယ်။ ကျွန်တော်တို့လို ပြည်ပရောက် မြန်မာအဖွဲ့အစည်းငယ်လေးတွေကို အသိအမှတ်ပြု ခေါ်ယူဆွေးနွေးခွင့်ပေးတာကို အကျိုးရှိစွာနဲ့ အသုံးချပြီး ပိုမိုပူးပေါင်းလို့ အလုပ်သမားအရေးဆောင်ရွက်သွားပါမယ်" ဟု ဖြေကြားသည်။

**သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး**

# ရေယာဉ်နစ်မြုပ်မှုတွင် အသက်ရှင်ကျန်သော မုံရွာအဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်

**မုံရွာ အောက်တိုဘာ ၂၀**

အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ်နစ်မြုပ်မှုတွင် အသက်ရှင်ကျန်ရစ်သော မုံရွာအဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ကူညီထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၁ နာရီက မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောင်အတွင်း ကျင်းပခဲ့သည်။

"လက်ရှိအချိန်အထိ ကောက်ယူရရှိထားတဲ့ အချက်အလက်အရ အောင်စိုးမိုးကျော်-၂ ရေယာဉ်နစ်မြုပ်မှုမှာ အဝေးသင်တက္ကသိုလ် ကျောင်းသားတစ်ဦး သေဆုံးပြီး ၃၄ ဦး အသက်ရှင်လျက် ကယ်ဆယ်ရရှိခဲ့တာပါ။ လိုက်လာတဲ့ ၃၅ ဦးစလုံးဟာ တတိယအသုတ် အနီးကပ်သင်တန်းကို တက်ရောက်ဖို့ လာကြတဲ့ အဝေးသင်ကျောင်းသား ကျောင်းသူတွေ ဖြစ်ပါတယ်။ ဟုမ္မလင်းမြို့နယ်က ကျောင်းသား ၁၈ ဦး၊ ကျောင်းသူ ကိုးဦး ၊ မော်လိုက်မြို့နယ်က ကျောင်းသူ နှစ်ဦး၊ ဖောင်းပြင်မြို့နယ်က ကျောင်းသား ငါးဦး၊ ကျောင်းသူ တစ်ဦး စုစုပေါင်း ကျောင်းသား ၂၃ ဦးနဲ့ ကျောင်းသူ ၁၂ ဦး လိုက်ပါလာတာဖြစ်ပါတယ်။ ပထမနှစ် မြန်မာစာက ၁၀ ဦး၊ ဒုတိယနှစ် မြန်မာစာက ခြောက်ဦး၊ တတိယနှစ် မြန်မာစာက ခြောက်ဦး စုစုပေါင်း မြန်မာစာဘာသာရပ်က ၂၂ ဦး၊ ပထမနှစ် သမိုင်းက နှစ်ဦး၊ ဒုတိယနှစ် သမိုင်းက သုံးဦး၊ တတိယနှစ် သမိုင်းက နှစ်ဦး၊ စတုတ္ထနှစ် သမိုင်းက သုံးဦး စုစုပေါင်း သမိုင်းဘာသာရပ်က ၁၀ ဦး၊ ဒုတိယနှစ် စီးပွား/စီမံက တစ်ဦးနဲ့ စတုတ္ထနှစ် စီးပွားရေးက နှစ်ဦး စုစုပေါင်း ၃၅ ဦးအနက်မှာ ဖောင်းပြင်မြို့နယ် သရောင်းရွာမှာနေတဲ့ မြန်မာစာ တတိယနှစ်သင်တန်း တက်ရောက်ဖို့လာတဲ့ အဝေးသင်ကျောင်းသား မောင်လွင်မိုး တစ်ဦးတည်းသာ အသက်ဆုံးရှုံးခဲ့ရပါတယ်"ဟု မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်က ပြောပြသည်။




ကျောင်းသား ကျောင်းသူများကို ကူညီထောက်ပံ့ရာတွင် မုံရွာတက္ကသိုလ်မှ တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ အထက်ချင်းတွင်းဥရုဒေသ ရှမ်းတိုင်းရင်းသားများ လူမှုကူညီရေးအသင်းက ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ် တစ်သိန်းတစ်သောင်းငါးထောင်နှင့် Asia World ကုမ္ပဏီမှ ကျောင်းသား ကျောင်းသူအားလုံးအတွက် ငွေကျပ် ၁၀ သိန်း ကူညီထောက်ပံ့ရာ စုစုပေါင်း ငွေကျပ် ၆၆ သိန်းဖြစ်ကြောင်း သိရသည်။

"ဟုမ္မလင်းက စထွက်ကတည်းက အမြန်ရေယာဉ်မှာ ဝန်တွေတအားတင်ထားတော့ ကုန်းပတ်က အဲဒီကတည်းက ရေလျှံနေတာပါ။ ရေလျှံနေတာကို မော်တော်က ပိုက်ဆံကောက်တဲ့သူကို ဝိတ်များနေပြီလို့ပြောတော့ ရပါတယ်ဆိုပြီး ခရီးသည်နဲ့ ကုန်တွေကို ရသလောက် ဖိသိပ်တင်လာတာပါ။ အမိုးပေါ်မှာလည်း ပစ္စည်းတွေရော၊ ခရီးသည်တွေရော အများကြီးပါ။ အချို့ခရီးသည်တွေဆို ထိုင်စရာနေရာမရှိလို့ ဘေးမှာ အိမ်သာကြားမှာ ဖြစ်သလို မတ်တတ်ရပ်လိုက်လာကြတာပါ။ စဖြစ်တဲ့အချိန်က မီးမထိုးဘဲ ညမှောင်မှောင်မှာ လရောင်အောက် မောင်းတော့ ရုတ်တရက် ကျောက်စွယ်ကိုမြင်ပြီး စက်ရှိန်နဲ့ ကွေ့လိုက်တာ၊ ကုန်းပတ်ကိုရေလျှံပေမယ့် ကျွန်တော်တို့က ထုံးစံအတိုင်းပဲထင်တာ။ အောက်ထပ်အလယ်မှာ အိပ်နေတဲ့ ကျွန်တော့်ကို သူငယ်ချင်းတွေက ရေတွေဝင်လာပြီပြောမှ ထအကြည့်မှာ မှောက်တော့တာပါပဲ။ မှောက်သွားပြီဆိုတော့ တခြားသူတွေထွက်အောင် စောင့်ရသေးပြီး ထွက်ပေါက်ပျောက်မှာစိုးလို့ အပေါက်ကို လက်နဲ့မှတ်ထားပြီး ရေထဲက တစ်ဆင့် ကူးထွက်ခဲ့ရတာပါ။ ကျွန်တော်တို့ သူငယ်ချင်း ၁၁ ယောက်အဖွဲ့ အားလုံးလွတ်ပါတယ်။ အသက်ရှင်ပါတယ်။ အမြန်ရေယာဉ်တွေအနေနဲ့ လောဘကြီးတာကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးရတာပါ။ ပစ္စည်းတွေ၊ လူအသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရတာဆိုတော့ နောင် အခုလို ရေယာဉ်ပေါ် အများကြီးမတင်အောင် တင်းကျပ်တဲ့ စည်းကမ်းသတ်မှတ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူတွေက စီမံဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ဟုမ္မလင်းမြို့နယ် ပင်းဖာဖာကျေးရွာ အလယ်တန်းပြဆရာ ဦးခိုင်လင်းအောင်က ပြောပြသည်။

ထို့နောက် မုံရွာတက္ကသိုလ် အဝေးသင်မြန်မာစာ တတိယနှစ် ကျောင်းသားဖြစ်သူ ဟုမ္မလင်းမြို့နယ် ဇီးပင်သာရွာနေ ကိုသန်းလင်းဇော်က "ကျွန်တော်တို့အနေနဲ့ ရေကြောင်းကို အဓိကထားသွားလာနေရတာပါ။ အခု မဖြစ်ခင် မနက် ၄ နာရီလောက်မှာ နိုးပြီး၊ မျက်နှာသစ်သွားတိုက်ပြီး မနက်စာစားမယ် လုပ်နေတုန်း စဖြစ်တာပါ။ စဖြစ်ခါစက အရင်ဖြစ်ရိုးဖြစ်စဉ်အတိုင်း ရေဝင်တယ်ထင်တာပါ။ နောက် မရမှန်းသိတော့ ရှေ့က သူငယ်ချင်းလည်း ခုန်ချရော ကျွန်တော်လည်း ခုန်ချပြီး ကူးပြေးလာခဲ့တာပါ။ မော်တော်မောင်းတာ တော်တော်မြန်ပြီး ရေစီးအားကလည်း ကောင်းတယ်။ တင်ထားတဲ့ အလေးချိန်ကလည်း များတော့ နိုင်နင်းမှုမရှိဖြစ်ပြီး နစ်မြုပ်ရတာပါ။ စက္ကန့်ပိုင်းလောက် ရေအောက်ရောက်ပြီး မရမက ပြန်ကူးလာလို့ အသက်ချမ်းသာရာရခဲ့တာပါ" ဟု ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အရှုံးကို လက်ခံမည်မဟုတ်ကြောင်း ဒေါ်နယ်ထရန့်ပြောကြား



**ဝါရှင်တန် အောက်တိုဘာ ၂၀**

ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့်သည် လာမည့်နိုဝင်ဘာ ၈ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ၎င်းအနေဖြင့် ရှုံးနိမ့်ခဲ့ပါက ၎င်းအရှုံးကို လက်ခံမည် မဟုတ်ကြောင်း စက်တင်ဘာ ၁၉ ရက်က ပြောကြားလိုက်ပြီး အမေရိကန်၏ အခြေခံအကျဆုံး ဒီမိုကရေစီအား စိန်ခေါ် လိုက်ကာ နိုင်ငံရေးအသိုင်းအဝိုင်းကြား အံ့သြမှုများကို ဖြစ်ပွား စေခဲ့သည်။

ထရန့်၏ငြင်းဆိုမှုများသည် တတိယအကြိမ်နှင့်နောက်ဆုံး စကားစစ်ထိုးမှုများတွင် သိသာထင်ရှားသော မှတ်ချက်ဖြစ်ခဲ့ပြီး ရွေးကောက်ပွဲလိမ်လည်မှုပြုလုပ်နိုင်သည်ဟု ၎င်းကစောဒက တက်ခဲ့သည်။

ဒိုင်လုပ်သူ ခရစ်ဝေါလက်စ်က ထရန့်အား အေးချမ်းစွာ အာဏာကူးပြောင်းမှုလုပ်နိုင်၊ မလုပ်နိုင်မေးမြန်းရာ လုပ်ငန်းရှင်တစ်ဖြစ်လဲ နိုင်ငံရေးသမားဖြစ်သူ ထရန့်က ထိုကိစ္စနှင့်ပတ်သက်၍ အချိန်တန်လျှင် သိရမည်ဖြစ်သည့်အတွက် ဆန္ဒမစောရန် ပြောကြားခဲ့သည်။ ထရန့်က ၎င်းရှုံးနိမ့်စေမည့် အများပြည်သူ၏ ဆန္ဒမဲ ထောက်ခံချက်များကို ပြောင်းပြန်လုပ်၍ ရမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ဟီလာရီကလင်တန်က ဒီမိုကရေစီနည်းလမ်းမကျသည့် ပြောဆိုမှုဖြစ်ကြောင်း ပြောခဲ့သည်။ နှစ်ပေါင်း ၂၄၀ ကျော်ကြာအောင် လွတ်လပ်ပြီး မျှတသော ရွေးကောက်ပွဲများကို ဆင်နွှဲခဲ့ကြောင်း၊ ထွက်ပေါ်လာသော ရွေးကောက်ပွဲရလဒ်များကို လက်ခံရမည်ဖြစ်ကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**

# ဇီကာဖြစ်ပွားစေသည့် ခြင်ဥများကို ဗြိတိန်၌ တွေ့ရှိ

**လန်ဒန် အောက်တိုဘာ ၂၀**

ဇီကာပိုင်းရပ်စ်အပါအဝင် အပူပိုင်းရောဂါများကို ပြန့်ပွားစေနိုင်သည့် ခြင်အမျိုးအစား၏ ဥများကို ဗြိတိန်၌ ပထမဆုံးအကြိမ်အဖြစ်တွေ့မြင်ခဲ့ရကြောင်း သိရသည်။

ဖော့စတုန်းဒေသအနီး စတင်းဖို့ဒ်ရှိ ပြည်သူများသည် အနီးအနားဒေသ၌ အာရှခြင်ကျားအမျိုးအစား၏ ဥများကို တွေ့မြင်ရကြောင်း စာရေးသားပေးပို့ခဲ့သည်။ အင်္ဂလန်ပြည်သူ့ကျန်းမာရေးဌာနက အင်းဆက်နှင့်ပတ်သက်သည့် နောက်ထပ်သက်သေအထောက်အထားများကို စုံစမ်းရခြင်းမရှိသေးကြောင်း ပြောကြားခဲ့သည်။

လတ်တလောတွင် ဗြိတိန်ရှိပြည်သူလူထု၏ ကျန်းမာရေးကိုအန္တရာယ်ပြုနိုင်သည့် အခြေအနေမျိုးမရှိသေးဟု ယင်းပြည်သူ့ ကျန်းမာရေးဌာနက ပြောသည်။ အင်္ဂလန်နိုင်ငံ ပြည်သူ့ကျန်းမာရေးဌာနမှ အင်းဆက်ပိုးမွှားဗေဒဆိုင်ရာ ဆေးပညာအဖွဲ့အကြီးအကဲ ဂျိုလီ အွန်မက်ဒ်လော့ခ်က ခြင်မျိုးစိတ်များကို ပုံမှန် စိစစ်ခွဲခြားစစ်ဆေးမှု ပြုလုပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကြိုတင်ကာကွယ်မှုအနေဖြင့် ပိုးသတ်ဆေးများ အသုံးပြုကြရန် ဒေသဆိုင်ရာ အာဏာပိုင်များအား ညွှန်ကြားထားကြောင်း၊ အနီးကပ်စီမံဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အင်္ဂလန်ပြည်သူ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

# ဖိလစ်ပိုင်၌ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဟိုင်မာဝင်ရောက် လူထောင်ပေါင်းများစွာကို ကယ်ဆယ်ရွှေ့ပြောင်း



**မနီလာ အောက်တိုဘာ ၂၀**

ဖိလစ်ပိုင်နိုင်ငံတွင် အဆိုးရွားဆုံးမုန်တိုင်းဝင်ရောက်မှုနှင့် ရင်ဆိုင်ရပြီး လူထောင်ပေါင်းများစွာကို ရွှေ့ပြောင်းကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

အင်အားပြင်း စူပါတိုင်ဖွန်းမုန်တိုင်း ဟိုင်မာသည် မြောက်ပိုင်း လူဇွန်ကျွန်းကို ဝင်ရောက်ခဲ့ချိန်တွင် ကျွန်းပေါ်တွင် လူ ၁၀ သန်းမက ရှိနေခဲ့သည်။ ထိုအချိန်တွင် ဖိလစ်ပိုင် သမ္မတ ဒူတက်တေးမှာ တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့သည်။ သို့သော် လည်း အရေးပေါ်ဆောင်ရွက်မှုအဖွဲ့များကို ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း သိရသည်။ "ယခင်ကဖြစ်ခဲ့တဲ့ မုန်တိုင်းဝင်ရောက်မှုတွေလိုမျိုး ပျက်စီးဆုံးရှုံးမှုနဲ့ ထိခိုက်မှုတွေကနေ ကင်းလွတ်ဖို့ပဲ ဆုတောင်းနေကြရပါတယ်"ဟု ဒူတက်တေးက ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်က ဟေယန်အမည်ရှိ အင်အားပြင်း စူပါတိုင်ဖွန်းမုန်တိုင်းဝင်ရောက်မှုကြောင့် လူ ၇၃၅၀ တို့ ထိခိုက်ခဲ့ရသည့်အတွက် ကျွမ်းကျင်သူတို့က ဟေမာမုန်တိုင်း၏ မွှေနှောက်ဖျက်ဆီးမည့် အန္တရာယ်ကို အကြီးအကျယ် ကြောက်ရွံ့ထိတ်လန့်လျက်ရှိသည်။

နိုင်ငံပိုင် မိုးလေဝသဌာနမှ ပညာရှင်ဂီနာကွစ်လောင်က စူပါတိုင်ဖွန်းသည် ၎င်း၏အလယ်ဗဟိုချက်မတွင် တစ်နာရီလျှင် ၁၉၅ မိုင်နှုန်းဖြင့် ဝင်ရောက်လာခဲ့ကြောင်း ပြောခဲ့သည်။

တိုင်ဖွန်းသည် လူဇွန်ကျွန်းကို ဖြတ်လျက် အနောက်စူးစူးသို့ ဆက်လက်ရွေ့လျားသွားမည်ဟု ခန့်မှန်းထားသည်။ **(ဘီဘီစီ)**

# ပြည်သူ့အာမခံငွေ ခိုးယူသူကိုဖမ်းဆီးနိုင်ရေး တရုတ်ရဲများကြိုးပမ်း

**ပေကျင်း အောက်တိုဘာ ၂၀**

ရဲများသည် နိုင်ငံတစ်ဝန်း P2P ချေးငှားမှုအရှုပ်တော်ပုံတွင် ရင်းနှီးမြှုပ်နှံသူရာပေါင်းများစွာထံမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၈ သန်း (၅၃ ဒသမ ၈ မီလီယံယွမ်)ခိုးယူမှုတွင် ပါဝင်ပတ်သက်သည်ဟူသော သံသယရှိမှုဖြင့် ဂူကျိုဟန်ကို ရှာဖွေနေ ကြောင်း ပြည်သူ့လုံခြုံရေးအာဏာပိုင်များက အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အစိုးရရှေ့နေများက ဂူကိုဖမ်းဆီးရန်အတွက် ၂၀၁၅ခုနှစ် မေ ၂၇ ရက်က ဖမ်းဆီးမိန့်ထုတ်ပြန်ခဲ့သည်။ ဂူသည် အများပြည်သူအာမခံငွေများကို အလွဲသုံးမှုများလုပ်နေကြောင်း ရှန်ကျန် မြူနီစီပယ် ပြည်သူ့လုံခြုံရေးဗျူရိုက ပြောခဲ့သည်။ **(ဆင်ဟွာ)**

# ဖိလစ်ပိုင်နှင့် တရုတ် စီးပွားရေးမိတ်ဖက်ဖွဲ့စည်း

**ပေကျင်း အောက်တိုဘာ ၂၀**

ဖိလစ်ပိုင်သမ္မတ ရိုဒရီကို ဒူတက်တေးက အမေရိကန်ပြည်ထောင်စုမှ ခွဲထွက်ခြင်းကို အောက်တိုဘာ ၂၀ ရက်က ကြေညာခဲ့ကာ စားပွဲဝိုင်းဆွေးနွေးခြင်းဖြင့် တောင်တရုတ်ပင်လယ်အရေးကိစ္စကို ပြန်လည်ဖြေရှင်းရန် သဘောတူပြီးနောက် တရုတ်နှင့် မဟာမိတ်ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း ကြေညာခဲ့သည်။

အမေရိကန်နှင့် ဆက်ဆံရေးယိုယွင်းလာခဲ့ပြီးနောက် အနည်းဆုံး စီးပွားရေးလုပ်ငန်းရှင် ၂၀၀ နှင့်အတူ ဖိလစ်ပိုင်သမ္မတ ဒူတက်တေးသည် စီးပွားရေးမိတ်ဖက်အဖွဲ့ ဖွဲ့စည်းရန်အတွက် လမ်းခင်းသည့်အနေဖြင့် တရုတ်နိုင်ငံသို့ မကြာသေးမီက အလည်အပတ်ရောက်ရှိစဉ် ပေကျင်း၌ ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ယခုလိုအစည်းအဝေးတွင် အမေရိကန်ပြည်ထောင်စုနှင့် ခွဲထွက်ခြင်းကို ကြေညာလိုကြောင်း ဒူတက်တေးသည် တရုတ်နှင့် ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များကို ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့အလည်အပတ်ရောက်ရှိစဉ် ဒူတက်တေး၏ ကုန်သွယ်ရေးဝန်ကြီးသည် တရုတ်တို့နှင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စာချုပ်များချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန်-ဖိလစ်ပိုင်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော်ကြာပြီဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့က မိုဆူးလ်၌ အပြင်းအထန်ထိုးစစ်ဆင်နေ

**မိုဆူးလ် အောက်တိုဘာ ၂၀**

ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့သည် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများကို အီရတ်မှ ဆက်လက်တိုက်ထုတ်သည့်အနေဖြင့် မိုဆူးလ်မြို့အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အပြင်းအထန် ထိုးစစ်ဆင်နွှဲလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အီရတ်၌ စစ်သွေးကြွများ နောက်ဆုံးချုပ်ကိုင်ခဲ့သည့် အဓိကနယ်မြေကို ထောင်ချောက်ဆင်ဖမ်းရန် စစ်ဆင်နေကြောင်း ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့က ပြောကြားခဲ့သည်။

အီရတ်တပ်မတော်သည် တောင်ဘက်မှထွက်ခွာလာခဲ့ပြီး အဆိုပါ ထိုးစစ်ဆင်တိုက်ခိုက်မှုတွင် အထူးလေ့ကျင့်ထားသည့် အင်အားစုများပူးပေါင်းပါဝင်လာကြောင်း သိရသည်။ အိုင်အက်စ်အဖွဲ့ခေါင်းဆောင်များမှာ မိုဆူးလ်မြို့မှ ဆုတ်ခွာထွက်ပြေးသွားသည့် အရိပ်အယောင်များတွေ့မြင်ရကြောင်း အမေရိကန်တပ်မတော်က ပြောကြာခဲ့သည်။

မိုဆူးလ်မြို့အတွင်း၌ အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့ ၅၀၀၀ ကျော်ခန့်ရှိနေသေးကြောင်း သိရသည်။ စစ်ဆင်ရေးကို စစ်မျက်နှာသုံးခုခွဲ၍ လုပ်ဆောင်ခဲ့ကြောင်း၊ ထို့နောက် အဆိုပါနယ်မြေအတွင်း ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့နှင့် အီရတ်လုံခြုံရေးအင်အားစုနှစ်ခုလုံး မကြာသေးမီက အနိုင်ရခဲ့ကြောင်း ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့က ပြောကြားခဲ့သည်။

**(ဘီဘီစီ)**



# အရှေ့အာဖရိကဒေသ ဂျဘူတီနိုင်ငံမှာ ဂျပန်နိုင်ငံက စစ်အခြေစိုက်စခန်း တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိ

**တင်လင်းအောင်**

**ဂျပန်နိုင်ငံဟာ အရှေ့အာဖရိက ဒေသတွင်း တရုတ်နိုင်ငံက လွှမ်းမိုးလာမှုကို ထိန်းညှိနိုင်ဖို့အတွက် အာဖရိကအရှေ့ပိုင်း ဂျဘူတီသမ္မတနိုင်ငံ ဂျဘူတီမြို့မှာ ၄င်းရဲ့ နောက်ထပ် စစ်အခြေစိုက်စခန်းတစ်ခုကို လာမယ့်နှစ်မှာ တိုးချဲ့နိုင်ရေးအတွက် လုပ်ဆောင်နေပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံဘက်ကလည်း သဘာဝအရင်းအမြစ်များရရှိရေးနဲ့ ဈေးကွက်သစ်ချဲ့ထွင်နိုင်ရေးတို့အတွက် အာဖရိကနိုင်ငံများနဲ့ မိတ်ဖက်ဆက်ဆံမှုများ လုပ်ဆောင်နေပါတယ်။**



တရုတ်နိုင်ငံဟာ အာဖရိကနိုင်ငံတွေရဲ့ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်း တွေမှာ အမေရိကန် ဒေါ်လာ ၆၀ ဘီလီယံရင်းနှီးမြှုပ်နှံမှုတွေလုပ်ဆောင်ခဲ့ပြီး အချို့ အကြွေးတွေကို ပယ်ဖျက်ကာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုတိုးတက်အောင် ကူညီခဲ့ပါတယ်။ ဒီလိုကူညီတာကို ကြည့်ရင် တရုတ်နိုင်ငံအနေနဲ့ ဒေသတွင်းမှာ ၄င်းရဲ့ အင်အားကို ကြီးမားအောင်လုပ်ဆောင်နေတယ်ဆိုတာတွေ့ရမှာဖြစ်ပါတယ်။

ယခုနှစ်အစောပိုင်းကလည်း ဂျပန်နိုင်ငံဟာ အာဖရိကရှိ အခြေခံအဆောက်အအုံတွေ၊ ပညာရေးကဏ္ဍတွေ၊ ကျန်းမာရေးကဏ္ဍတွေမှာ ပိုမိုကူညီနိုင်ဖို့အတွက် ကြိုးစားခဲ့ပါတယ်။ ငွေလုံးငွေရင်းအနေနဲ့ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကို အများပြည်သူနဲ့ ပုဂ္ဂလိကကဏ္ဍတွေမှာ ထပ်မံထည့်ဝင်ခဲ့ပါတယ်။

တရုတ်နိုင်ငံကလည်း အခြေခံအဆောက်အအုံအသစ်ဆောက်လုပ်မှုကဏ္ဍတွေမှာ ဘဏ္ဍာငွေရင်းနှီးမြှုပ်နှံမှုတွေကို ပြုလုပ်ခဲ့ပြီး အာဖရိကအရှေ့ပိုင်း ဂျဘူတီ သမ္မတနိုင်ငံမှာ ၄င်းတို့ရဲ့တည်ရှိမှုကို ပြသလိုက်ပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံအနေ နဲ့ ယင်းဒေသမှာ ပိုမိုလွှမ်းမိုးနိုင်ရေးအတွက် တရုတ်နဲ့ အပြိုင်လုပ်ဆောင်လျက်ရှိ ပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ဖေဖော်ဝါရီလမှာ ငြိမ်းချမ်းရေးလုပ်ငန်းများနဲ့ လူသားချင်းစာနာမှုဆိုင်ရာ တာဝန်များထမ်းဆောင်နေတဲ့ ရေတပ်သင်္ဘောတွေကို ထောက်ပံ့မှုတွေလုပ်ဆောင်နိုင်ဖို့ ဂျဘူတီနိုင်ငံမှာ ၄င်းရဲ့ ပထမဆုံး နိုင်ငံခြားစစ်အခြေစိုက်စခန်းတစ်ခုကို စတင်တည်ဆောက်ခဲ့ပါတယ်။

ဂျဘူတီနိုင်ငံဟာ ဝေလပြည်နယ်လောက်ရှိတဲ့အပြင် စူးအက်တူးမြောင်းကနေပြီး ပင်လယ်နီကိုဝင်ရောက်ရာ တောင်ဘက်စကြုံလမ်းဖြစ်တဲ့အတွက် မဟာဗျူဟာကျတဲ့နေရာမှာ တည်ရှိပါတယ်။ သေးငယ်ပြီး စိုက်ပျိုးလို့မဖြစ်ထွန်းတဲ့ ဂျဘူတီနိုင်ငံဟာ အီသီယိုးပီးယား၊ အီရီထရီးယားနဲ့ ဆိုမာလီယာကြားမှာ တည်ရှိနေတဲ့အပြင် အမေရိကန်နဲ့ ပြင်သစ်စစ်အခြေစိုက်စခန်းများလည်း ရှိကြောင်း သိရပါတယ်။

၂၀၁၁ ခုနှစ်မှစတင်ကာ တပ်ဖွဲ့ဝင် ၁၈၀ လောက်ပါဝင်တဲ့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ဟာ ဂျဘူတီနိုင်ငံ ဂျဘူတီအပြည်ပြည်ဆိုင်ရာလေဆိပ် အမေရိကန်စစ်အခြေစိုက်စခန်းဖြစ်တဲ့ လီမွန်နီယာစခန်းနဲ့ ကပ်လျက်မှာ မြေဧက ၃၀ ကိုငှားရမ်းခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဟာ တရုတ်အပါအဝင် အပြည်ပြည်ဆိုင်ရာ တပ်ဖွဲ့တစ်ခုအနေနဲ့ အေဒင်ပင်လယ်ကွေ့နဲ့ ဆိုမာလီကမ်းလွန်မှာရှိတဲ့ ပင်လယ်ဓားပြတွေကို နှိမ်နင်းဖို့အတွက် ပင်လယ်ရေကြောင်း ကင်းလှည့်လေယာဉ်များနဲ့ စစ်ဆင်မှုတွေပြုလုပ်ခဲ့ပါတယ်။



**ဂျဘူတီနိုင်ငံဟာ စူးအက်တူးမြောင်းကနေပြီး ပင်လယ်နီကို ဝင်ရောက်ရာ တောင်ဘက်စကြုံလမ်းဖြစ်တဲ့အတွက်ကြောင့် မဟာဗျူဟာကျသောနေရာမှာ တည်ရှိတဲ့အပြင် အီသီယိုးပီးယား၊ အီရီထရီးယားနဲ့ ဆိုမာလီယာကြားမှာ တည်ရှိနေကာ အမေရိကန်နဲ့ ပြင်သစ် စစ်အခြေစိုက်စခန်းများလည်းရှိ . . .**

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကတော့ ဂျပန်နိုင်ငံဟာ ဒေသတွင်း တရုတ်နိုင်ငံရဲ့လွှမ်းမိုးမှုကို ထိန်းညှိနိုင်ဖို့အတွက် အာဖရိကအရှေ့ပိုင်း ဂျဘူတီသမ္မတနိုင်ငံ ဂျဘူတီမြို့မှာ ၄င်းရဲ့စစ်အခြေစိုက်စခန်းတစ်ခုကို လာမယ့် နှစ်မှာ တိုးချဲ့နိုင်ရေးအတွက်ပြုလုပ်ခဲ့တယ်ဆိုတာကို အတည်ပြုခဲ့ပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ ယင်းနေရာကို ငှားယူထားခြင်းနဲ့ပတ်သက်ပြီး ဂျဘူတီအစိုးရနဲ့ ညှိနှိုင်းဆွေးနွေးနေတယ်လို့ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရိုက်တာရဲ့ မေးမြန်းမှုတွေကို ဖြေကြားခဲ့ပါတယ်။

ဂျဘူတီသမ္မတနိုင်ငံ ဂျဘူတီမြို့မှာ ဂျပန်နိုင်ငံရဲ့ စစ်အခြေစိုက်စခန်းတစ်ခုကို လာမည့်နှစ်မှာ တိုးချဲ့တည်ဆောက်နိုင်မဲ့ကိစ္စအတွက်မေးမြန်းမှုတွေကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဂျန်ကပြောကြားရာမှာ ဂျပန်နိုင်ငံအနေနဲ့ သမိုင်းကြောင်းနဲ့ သက်ဆိုင်တဲ့ အကြောင်းပြချက်အရ ၄င်းရဲ့စစ်ဘက်ဆိုင်ရာနဲ့ လုံခြုံရေးမူဝါဒတွေကို အာရှတစ်ခွင်ဖြန့်ကြက်ဖို့ လုပ်ဆောင်နေကြောင်း ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံဟာ အတိတ်ကသင်ခန်းစာတွေကို ယူပြီး ခေတ်စနစ်နဲ့အညီ ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းကြောင်းမှန်လိုက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါ ကြောင်း ဂျန်ကပေကျင်းနေ့စဉ်သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံဟာ စီ-၁၃၀ အမျိုးအစားသယ်ယူပို့ဆောင်ရေးလေယာဉ်တွေ၊ ဘုရှ်မာစတာ သံချပ်ကာယာဉ်တွေနဲ့ အထောက်အကူပြု အဆောက်အအုံတွေကို အဆိုပါအခြေစိုက်စခန်းမှာ ထားရှိဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါပေမယ့် ဘယ်လောက်ပမာဏအထိ ထားမလဲဆိုတာကိုတော့ မသိရသေးပါဘူး။ ဂျပန်နိုင်ငံက ထပ်မံငှားရမ်းမယ့် မြေနေရာဟာ လက်ရှိ စစ်အခြေစိုက်စခန်းမြေနေရာထက်ကျဉ်းပြီး တစ်နှစ်မှာ အမေရိကန်ဒေါ်လာ တစ်သန်းကုန်ကျမယ်လို့သိရပါတယ်။

**ကိုးကား-ရိုက်တာ**

**(၁၄-၁၀-၂၀၁၆)**

## လက်နက်တပ်ဆင်ထားသည့် ဒရုန်းများကို အိုင်အက်စ်တို့ အသုံးပြုတိုက်ခိုက်

**ဘဂ္ဂဒက် အောက်တိုဘာ ၂၀**

လေ့လာစူးစမ်းသူများက အီရတ်တွင် လျှို့ဝှက်အလုပ်ရုံတစ်ခုကို ရှာဖွေဖော်ထုတ်ပြီးနောက် အိုင်အက်စ်တို့သည် ရန်သူများနှင့် နိုင်ငံခြားတပ်ဖွဲ့များကို တိုက်ခိုက်ရန် လက်နက်တပ်ဆင်ထားသည့် ဒရုန်းများကိုပြုလုပ်ရန် ကြိုးစားနေကြောင်းပြောကြားခဲ့သည်။

အောက်တိုဘာ ၂ ရက်က စစ်သွေးကြွများသည် ကာ့ဒ်တိုက်ခိုက်ရေးသမားနှစ်ဦးကို တိုက်ခိုက်ရန် ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသည့် ဒရုန်းယာဉ်တစ်စင်းကို အသုံးပြုခဲ့ကြောင်းသိရသည်။

ထိုသို့တိုက်ခိုက်ခြင်းသည် ယင်းအဖွဲ့၏ ပထမဆုံးအကြိမ်တိုက်ခိုက်ခြင်းဖြစ်ပြီး ယခင်က ဒရုန်းယာဉ်များကို ထောက်လှမ်းရေးနှင့် ဝါဒဖြန့်ဗီဒီယိုအတွက်သာ အသုံးပြုခဲ့သော်လည်း ယခုအခါတွင် သေစေနိုင်သော လက်နက်များအဖြစ်အသုံးပြုနေပြီဖြစ်သည်။ ယင်းဒရုန်းတိုက်ခိုက်မှုသည် အိုင်အက်စ်တို့၏ မြောက်မြားလှစွာသော အစီအစဉ်များထဲမှတစ်ခုဖြစ်ကြောင်းသိရသည်။

အိုင်အက်စ်နှင့် အခြားသူပုန်အဖွဲ့များသည် ဆီးရီးယားနှင့် အီရတ်တို့တွင် ဒရုန်းယာဉ်များကို ပုံသဏ္ဍာန်အမျိုးအမျိုးအသုံးပြုခြင်းဖြင့် အကျိုးအမြတ်များ ရရှိခဲ့ကြောင်း သည်အင်ဒီပင်းန်ဒင့်န်သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

**(သည်အင်ဒီပင်းန်ဒင့်န်)**



**မောင်တင်**

# ကျောက်ဖြူမြို့နယ် အလံချိန်ကျေးရွာ၌ လူ ၅၀ ကျော် ဝမ်းရောဂါဖြစ်ပွား တစ်ဦး သေဆုံး၊ ရှစ်ဦး အရေးပေါ် ဆေးကုသနေရ

**ကျောက်ဖြူ အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အလံချိန်ကျေးရွာ၌ လူ ၅၀ ကျော် ဝမ်းပျက် ဝမ်းလျှောရောဂါ ဖြစ်ပွားနေပြီး တစ်ဦးသေဆုံးကာ ရှစ်ဦးမှာ ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံသို့ အရေးပေါ်ပို့ဆောင် ဆေးကုသမှုခံယူနေရကြောင်း ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးမှ သိရသည်။

အဆိုပါကျေးရွာ၌ အောက်တိုဘာ ၁၀ ရက်မှ ရောဂါ စတင်ဖြစ်ပွားရာ အောက်တိုဘာ ၁၇ ရက်အထိ လူပေါင်း ၅၀ ကျော် ကူးစက်ပျံ့နှံ့သွားခြင်းဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်တွင် အသက်(၇၃ နှစ်)ရှိ အဘွား တစ်ဦး သေဆုံးသွားခဲ့ကြောင်း အလံချိန်ကျေးရွာ ဒေသခံများထံမှ သိရသည်။

ထို့နောက် ရောဂါအခြေအနေစိုးရိမ်ရသည့် လူနာ ရှစ်ဦးအား ကျောက်ဖြူခရိုင် ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အရေးပေါ်ကုသရန် ကျောက်ဖြူပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ အရေးပေါ်လူနာအဖြစ် ကုသလျက်ရှိကြောင်း ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမ တစ်ဦးက ပြောသည်။

"ရွာမှာ သက်ကြီး၊ လူငယ် သက်လတ်ပိုင်းတွေ လူပေါင်း ၆၀ ကျော်၊ ၇၀ နီးပါး ဖြစ်ပွားနေပါတယ်။ လူတွေ ပြောသလို ၄၀ ကျော်၊ ၅၀ မဟုတ်ဘူး။ ရေကြောင့်လား၊ အစားအစာကြောင့်လားဆိုတာ ဘာဆိုဘာမှ မသိဘူး။ ဆရာဝန်လည်း မပြောဘူး။ အချို့လည်းဖြစ်ပြီး ဆေးကုလို့ နှစ်ရက်၊ သုံးရက်လောက်ဆို ကောင်းသွားကြတယ်။ အချို့လည်း အလွန်စိုးရိမ်ရတယ်။ ဝမ်းက မနားတမ်းဆိုသလို သွားနေတယ်" ဟု အလံချိန်ကျေးရွာမှ ဦးညီမောင်က ပြောသည်။

ရောဂါစဖြစ်သည့်နေ့မှစတင်ပြီး သတင်းရလျှင်ရချင်း ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီး ဒေါက်တာရဲလွင်မောင် ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်း ဆရာ ဆရာမများက အလံချိန်ကျေးရွာသို့ သွားရောက်ကုသလျက်ရှိရာ ရောဂါအခြေအနေ စိုးရိမ်ရသည့် လူနာ ရှစ်ဦးအား ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကျောက်ဖြူမြို့နယ် အလံချိန်ကျေးရွာသည် ကျောက်ဖြူမြို့မှ အရှေ့ဘက် မိုင် ၂၀ ခန့် အကွာတွင် တည်ရှိပြီး ရေလမ်းတစ်ခုတည်းဖြင့်သာ သွားလာရသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဝါးပိတ်ကျေးရွာအနီး စိုက်ခင်းအတွင်းမှ သေနတ်တစ်လက် သိမ်းဆည်းရမိ



**နေပြည်တော် အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်ခန့်တွင် ဝါးပိတ်ကျေးရွာအထွက် စိုက်ခင်းအတွင်း ဝှက်ထားသော ၁၂ ဗို့ ဆလိုက်အက်ရှင် သေနတ်တစ်လက်ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ လက်နက်မှာ မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ ကင်းစခန်းများအား အောက်တိုဘာ ၉ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ တိုက်ခိုက်စဉ် ၎င်းတို့နောက်သို့ ပါရှိသွားသော လက်နက်ဖြစ်ပြီး အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရသေ့တောင်မြို့နယ်၌ ငွေကျပ်သန်းပေါင်း ၃၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၂၀**

အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ် နယ်မြေ(၁၁) စေတီပြင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၉ ရက်က ရသေ့တောင်မြို့နယ် ပန်းဖော်ပြင်ကျေးရွာအုပ်စုအတွင်း လှည့်ကင်းဆောင်ရွက်စဉ် အောက်တိုဘာ ၁၈ ရက် ည ၁၁ နာရီခန့်က မေယုတောင်ပေါ်မှ ခတ်မီးများထိုး၍ တောင်ခြေသို့ လူများဆင်းလာကြောင်း သတင်းအရ လမ်းကြောင်းအားရှင်းလင်းရှာဖွေရာ အောင်သာယာကျေးရွာအနီး ဘူးသီးတောင်-ညောင်ချောင်း-အငူမော် ကားလမ်းနံဘေး တောင်ခြေအနီး ချုံပုတ်အတွင်းမှ ဆာလာအိတ် ကိုးအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၈ သိန်း (ယင်းဒေသတန်ဖိုးငွေကျပ် သန်း ၃၆၀၀)ကို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားပြီး ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြတ်ဝေ**

**ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးကို ရှောင်ကြစို့**

# တိုက်ကြီးမြို့အနီး လူနေရွာများသို့ တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်

**တိုက်ကြီး အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရေစက်တောင်ကျေးရွာနယ်မြေ၌ တောဆင်ရိုင်းတစ်ကောင် အောက်တိုဘာ ၁၉ ရက်က ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်ဝင်ရောက်နေကြောင်း ရွာသားများ၏ သတင်းပေးပို့ချက်အရ တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးတင်မြတ်နှင့်အဖွဲ့၊ မြိုင်ဟေဝန်ဆင်စခန်းမှ ဆင်ဦးစီး နှစ်ဦး၊ မင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က တောဆင်ကို မောင်းထုတ်သော်လည်း မထွက်ဘဲဖြစ်နေကြောင်း သိရသည်။ လူအင်အားဖြင့် ဆင်ခြောက်လှန့်မောင်းထုတ်ရာ အောက်တိုဘာ ၁၉ ရက် ညပိုင်းက နှင်းဆီမြိုင်ရွာအထိ ရောက်ရှိလာပြီး လူသန့်အင်းရွာမှတစ်ဆင့် မှော်ဘီနယ်တောစပ်သို့ ကူးပြောင်းသွားကြောင်း သိရသည်။

"အခုဝင်တဲ့ဆင်က တောဆင်ပါ။ မနှစ်ကလည်း လူသန့်အင်းရွာထဲဝင်ပြီး စပါးခင်းတွေ စားသွားတယ်။ ဆင်က အထီးပါ။ အရပ်ထဲမှာတော့ ဂျစ်ကားလို့ အမည်ပေးခေါ်ကြတယ်၊ လူတော့ အန္တရာယ်မပေးပါဘူး၊ ကျွန်တော်တို့လည်း အမြန်ပြန်ထွက်ရေး ဆောင်ရွက်နေပါတယ်"ဟု တောအုပ်ကြီး ဦးတင်မြတ်က ပြောသည်။ တောဆင်ကိုမောင်းထုတ်နိုင်ရန်အတွက် မြိုင်ဟေဝန်ဆင်စခန်းမှ ကွန်ဂျီဆင် သုံးကောင်နှင့် ဆင်ဦးစီး ငါးဦး ထပ်မံမှာထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**


သင့်မိသားစုဘဝ ချမ်းမြေ့သာယာစေရန်

"ရောချမ်းသာ" (AYCT)

- လုံခြုံစိတ်ချရသော လုံခြုံရေးစနစ်၊
- လုံလောက်သောကားပါကင်၊
- ကျယ်ဝန်းသောမြေနေရာပေါ်တွင် တည်ဆောက်ထားသော အဆင့်မြင့်ရေကူးကန်၊ ကလေးကစားကွင်းများပါရှိပြီး သင့်တင့်သောဈေးနှုန်းဖြင့်ရရှိမည့် ရန်ကုန်မြို့၌ တစ်ခုတည်းသော"ရောချမ်းသာ အဆင့်မြင့်အိမ်ရာ" (AYCT) အရောင်းပြပွဲတွင် အထူးဈေးနှုန်းနှင့် သီတင်းကျွတ်အထူးလက်ဆောင်များရယူရန်အတွက် (၂၂/၂၃-၁၀-၁၆) စနေ၊ တနင်္ဂနွေနေ့တို့၌ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ "ချမ်းသာပလာဇာ အရောင်းပြခန်း"သို့ ကြွလှမ်းခဲ့ပါရန် ဖိတ်ခေါ်အပ်ပါသည်။



အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားရန်လျှောက်ထားကြောင်း

**အကြောင်းကြားစာ**

(အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁)
မန္တလေးခရိုင်တရားရုံး၌
၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ်-၆၁

ဒေါ်နန်းဆန်းဆန်းအေး — လျှောက်ထားသူ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၂)၊ ဦးပိုင် (၁၇)နှင့် ဦးပိုင်(၁၈)နေ ဒေါ်နန်းဆန်းဆန်းအေးနှင့်သမီးအရွယ်မရောက်သေးသူ မမိုးမြင့်မြတ်အောင်တို့ပိုင်သော ပစ္စည်းအကြောင်း။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၂)၊ ဦးပိုင်(၁၇) နှင့် ဦးပိုင်(၁၈)နေ ဒေါ်နန်းဆန်းဆန်းအေးက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မမိုးမြင့်မြတ်အောင်၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ရက် (၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်ဟန်)
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ကောင်းမြတ်မင်း ကိုင်ဆောင်သော Passport အမှတ် (MB-033527သည် ပျောက်ဆုံးသွားပါသည်။
ဖုန်း-၀၉-၂၆၂၇၁၀၀၈၇



**မြိုင်မဟာစည်(ရန်ကုန်)**
**စုပေါင်းဘုံကထိန်သင်္ကန်းလှူဒါန်းမည်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာအတွင်း၌ သတ္တမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက် ၂၉-၁၀-၂၀၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာ အရှင်ကောဝိဒမှ ရေစက်ချအနုမောဒနာတရား ဟောကြားမည်ဖြစ်ပါသည်။

အကျိုးဆောင်အဖွဲ့
မြိုင်မဟာစည်ရိပ်သာ
တောင်ဥက္ကလာ၊ ရန်ကုန်



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကျော်စွာဝင်း ၇/ညလပ (နိုင်)၀၉၆၁၉၃၏ TOYOTA ALPHARD, STATION WAGON မော်တော်ယာဉ်၏ပါမစ် NO,ISP 3 12-13(20066) မူရင်း၊ ID,NO, 796643,ID,Date ၂-၁၁-၂၀၁၆မူရင်း၊ Customs Statement မူရင်း၊ ယာဉ်ခတ်ပုံမူရင်းတို့မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၂၄၂၂၇၇



**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 1I/2450 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)



သမဝါယမတက္ကသိုလ် (သန်လျင်) နှင့် WISE College တို့ပူးပေါင်းဖွင့်လှစ်သော
Business Management Higher Diploma (အမှတ်စဉ်-၆) နှင့်
Advanced Diploma (အမှတ်စဉ်-၅)သင်တန်းအတွက်
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

WISE College

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကို ဒီဇင်ဘာလ (၁၇)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Business Management Higher Diploma • Business Management Advanced Diploma

၁။ Business Management Higher Diploma သင်တန်းများကို အသက် ၁၆ နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ၊ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများ၊ ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းများကို အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် တက်ရောက်ရမည်ဖြစ်ပါသည်။ ဖြေဆိုအောင်မြင်ပြီးပါက သမဝါယမတက္ကသိုလ်(သန်လျင်) နှင့် WISE College တို့ ပူးပေါင်းပေးအပ်သော Diploma လက်မှတ် ရရှိမည်ဖြစ်ပါသည်။
၃။ ၎င်း Diploma သင်တန်းအောင်မြင်ပြီးဆုံးပါက abe (UK) Diploma များကို ဆက်လက်တက်ရောက်ဖြေဆိုနိုင်ပါသည်။
၄။ ထူးချွန်စွာအောင်မြင်သူများကို On Job Training (OJT) နှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တာဝန်ယူ ရှာဖွေပေးသွားပါမည်။
၅။ သင်တန်းကြေးကို (၆)လ (သို့) (၁)နှစ် အရစ်ကျစနစ်ဖြင့် CB Bank နှင့် ချိတ်ဆက်၍ လစဉ်ပေးသွင်းနိုင်ပါသည်။

ပညာအရည်အချင်းအထောက်အထားမူရင်းနှင့် မိတ္တူ(၂)စုံ၊ ဓာတ်ပုံ(၃)ပုံတို့နှင့်တကွ WISE College တွင် (၂၂.၁၀.၂၀၁၆)ရက်နေ့မှစ၍ စာရင်းပေးသွင်းအပ်နှံနိုင်ပါသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

WISE College : (1009 A/B), ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။
Ph : 09-253 528 521, 09-253 528 520
"We are not selling Education"



## ကထိန်ပွဲသွားရောက်မည့်လူများ တင်ဆောင်လာသောယာဉ် ဘရိတ်ပေါက်ပြီး ချောက်ထဲကျ

**ဒီးမော့ဆို အောက်တိုဘာ ၂၀**

ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာနေ ယာဉ်မောင်း ကျော်စွာဦး (၃၅ နှစ်)သည် ယာဉ်အမှတ် 2H/ ---- ဒန်ဘာ ယာဉ်ကို မောင်းနှင်၍ ငွေတောင်ကျေးရွာနေသူများ၊ ဆည်မြောင်း ဝန်ထမ်းများနှင့်အတူ ဒီးမော့ဆိုမြို့နယ် ဒေါတမကြီး ကျေးရွာအုပ်စု ဒေါညေးခူ ဘုန်းကြီးကျောင်း ကထိန်သို့ သွားရောက်စဉ် ဒီးမော့ဆို - ဒေါတမကြီးသွား ကားလမ်းမိုင်တိုင်အမှတ်(၁၆/၇ နှင့် ၁၇ မိုင်)ကြားအရောက် တောင်ကုန်းအဆင်း၌ ကားဘရိတ်ပေါက်၍ လမ်းဘေး ချောက်ထဲသို့ ထိုးကျပြီး သစ်ပင်ကို ဝင်တိုက်မိ၍ ယာဉ် တိမ်းမှောက်သွားခဲ့သည်။ **(အပေါ်ပုံ)**

ယာဉ်ပေါ်တွင် လိုက်ပါလာသူ ၄၅ ဦးအနက် ငါးဦးမှာ သေဆုံးပြီး ၃၅ ဦးခန့် ထိခိုက်ဒဏ်ရာရရှိကာ ဒီးမော့ဆို မြို့နယ်ဆေးရုံနှင့် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတို့၌ ဆေးကုသလျက်ရှိကြောင်း သိရပြီး ယာဉ်မောင်း ကျော်စွာဦး အား ဒီးမော့ဆိုမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ငွေကျပ်သိန်းပေါင်း ၁၆၇၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါး ဘလောက်တုံးများ ဖမ်းဆီးရမိ

**ကွန်ဟိန်း အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် တောင်ပိုင်း ကွန်ဟိန်းမြို့နယ် တာကော်တံတားအနီး၌ မော်တော်ယာဉ်တစ်စီးအား သတင်းအရ ရှာဖွေရာမှ ငွေကျပ်သိန်း ပေါင်း ၁၆၇၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါး ဘလောက်တုံးများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီ မိနစ် ၄၀ က ကာလိရဲစခန်းပိုင်နယ်မြေ တာကော်တံတားနီး၌ သံလွင်ကူးတို့ဆိပ်ရဲကင်းမှ ရဲအုပ် ကျော်သူ၊ ရဲအုပ်အောင်နှင်း ဦးစီးတပ်ဖွဲ့ဝင်များသည် တာကော်တံတားကို နေ့စဉ်ဖြတ်သန်းလျက်ရှိသော ယာဉ်များကို ရှာဖွေစစ်ဆေးနေစဉ် ကာလိဘက်မှ မိုင်းပျဉ်းသို့ ယာဉ်မောင်း စိုင်းဆိုင်ရွှေ (၂၇နှစ်)မိုင်းရှူးမြို့နယ်နေသူ မောင်းနှင်ပြီး မောဆာရိယ(၂၄ နှစ်) မိုင်းရှူးမြို့နယ်နေသူ လိုက်ပါလာသော ယာဉ်အမှတ် MDY 4D/---- ဆာ့ဖ်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ၂၀၀ (၆၇ ကီလိုဂရမ်ခန့်)၊ ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၆၇၅၀ တွေ့ရှိသဖြင့် ရဲအုပ်အေးမင်းကျော်က တရားလိုပြုလုပ် တိုင်ကြားခဲ့ပြီး ကာလိနယ်မြေရဲစခန်းက စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**



## မဟာအောင်မြေမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ၃၈ လမ်း၊ လမ်း ၇၀× ၇၁ လမ်းကြား အဆောင်ငှားလုပ်ငန်း လုပ်သူ ကိုမြင့်ဌေးဦး (၄၂ နှစ်)၏ စပယ်ဦး အဆောင် သွပ်မိုး၊ နံကပ် နှစ်ထပ်နေအိမ်မှ အောက်တိုဘာ ၂၀ ရက် ည ၆ နာရီ မိနစ် ၄၀ ခန့်က လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရာ နှစ်ထပ်အဆောင် ငါးလုံးနှင့် နေအိမ် ငါးလုံး မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီး ခရိုင်မြို့နယ် ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၅၂ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။



မီးလောင်မှုကြောင့် အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး ဒဏ်ရာရရှိပြီး မီးစတင်လောင်သည့် အဆောင်မှ တာဝန်ရှိသူအား သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ကလော-သာစည်လမ်းပိုင်း၌ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းကျော်ဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက်က ကလောမြို့အထွက် ဝက်ရေဖြူကျေးရွာအနီး ကလော-သာစည် ကားလမ်းပေါ်၌ စိုင်းအောင်ညွန့် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၈၈ သိန်းကို လည်းကောင်း။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် ဂေါနန်ကျေးရွာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်သွား ကားလမ်းမပေါ်၌ ဆန်အောင် မောင်းနှင်ပြီး မခေါန်နန်နှင့် မဇောင်းဆိုင်းတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက်(အလေးချိန် ၁၄၃ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ တို့ကိုလည်းကောင်း။

မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် သံတံတားဂိတ်၌ ဇော်ထွန်းဦး မောင်းနှင်ပြီး ဇနီးဖြစ်သူ မထွေးထွေး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ အယ်ဖရာဇိုလမ်ဆေးပြား ၄၉၅၀၀ ကိုလည်းကောင်း။

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် ကွမ်းသီးတန်းရပ်ကွက်ရှိ ကိုကို ဆေးဆိုင်ကို ရှာဖွေရာ ဆိုင်ပိုင်ရှင် ကောင်းထက်ကိုကိုအား တွေ့ရှိရပြီး ဆိုင်အတွင်းမှ တရားမဝင် ဒေါလ် ဆေးတောင့် ၅၀၊ တရားမဝင် ဒေါလ် ထိုးဆေး ပုလင်း ၆၀၊ ဒိုင်ရာဆီပင် ဆေးပြား ၅၉၀၊ ဒိုင်ရာဆီပင် ထိုးဆေး ပုလင်း ၃၀၊ မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်မရှိသော လိင်စိတ်ကြွဆေးလုံး ၃၄၆ လုံး၊ ဆေးတောင့် ၁၆၄ တောင့်နှင့် ဆေးရည် ပုလင်း ၁၅၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရလည်းကောင်း၊ အမျိုးသား ဆေးဝါးဥပဒေပုဒ်မ ၁၈ အရလည်းကောင်း အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## အလုပ်စခန်းမှ ထွက်ပြေးသူတစ်ဦးကို ဖမ်းဆီးရမိ

**တပ်ကုန်း အောက်တိုဘာ ၂၀**

နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာ အမှတ်(၁) ကုန်ထုတ်စခန်း၌ အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီ ခန့်က အကျဉ်းသား ခုနစ်ဦး အလုပ်စခန်းမှ ထွက်ပြေးမှုဖြစ်ပွားခဲ့သည်။

ထွက်ပြေးသွားသော ရဲဘက်ပြေးများကို ဖမ်းဆီးရမိရေးအတွက် ရွှေမြို့နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်ဇေယျနှင့် နယ်ထိန်းအရာရှိ ရဲအုပ်သိန်းသန်းထွန်း အဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့ တိုင်းအရန်အကူ တပ်ခွဲမှ ရဲအုပ် သက်နိုင်ဦး အဖွဲ့၊ သပြေချောင်းအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းပိတ်ဆို့ရှာဖွေခဲ့ရာ အောက်တိုဘာ ၁၉ ရက် ည ၈ နာရီခန့်က သပြေချောင်း ကျေးရွာအရှေ့ဘက် ငွေးခါးတောင် ကျောက်ကွင်း၌ ရောက်ရှိနေသော မျိုးအောင်(ခ)ကျားကြီး (၃၀ နှစ်) ပဲခူးမြို့ **(ယာပုံ)** ကို တွေ့ရှိစစ်ဆေးရာ ၎င်းသည် ၂၀၁၀ ပြည့်နှစ်က လူကုန်ကူးမှုဖြင့် ထောင်ဒဏ်(နှစ် ၆၀)ပြစ်ဒဏ်ကျခံခဲ့ပြီး ကင်းသာ(၁)ကုန်ထုတ်စခန်းမှ ထွက်ပြေးလာသော ရဲဘက်ပြေးတစ်ဦးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရွှေမြို့နယ်မြေရဲစခန်းက ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**


### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အထက(၂) ဆရာမ ဒေါ်ခင်သန်း(ခ)ဒေါ်ခင်သန်းမြင့် (၁၂/ဒပန(နိုင်)၀၂၃၃၃၂) မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်သန်း(ခ)ဒေါ်ခင်သန်းမြင့်

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/၁၁၈၅၅ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးခိုင် ၁၄/ပသန(နိုင်)၂၁၆၆၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/9240 Nissan AD VY12 S/W(4X2)R ယာဉ်လက်ဝယ်ရှိသူ Sein Pwint Hlyan Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မူဆယ်)မူဆယ်မြို့

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ဒီဇယ်ဆီ (၂၀၀၀၀၀)ဂါလန်

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၇-၁၀-၂၀၁၆ရက် ညနေ ၄နာရီဖြစ်ပြီး တင်ဒါပုံစံများအား တစ်စုံလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်မြို့၊ (၄) ရပ်ကွက်၊ အောင်ရတနာလမ်းနေ ကျွန်မ ဒေါ်ချိုချိုမြင့် ၁၄/ပသန(နိုင်)၀၈၀၅၃၃၏ သမီး မဝင့်ဝင့်ထွန်း ၁၄/ပသန(နိုင်) ၁၉၈၇၈၉ သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်၍ ၎င်းဆန္ဒအတိုင်း နေအိမ်မှ စွန့်ခွာသွားခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင် ဒေါ်ချိုချိုမြင့်
၁၄/ပသန(နိုင်) ၀၈၀၅၃၃

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ဘိလပ်မြေ(ထိုင်း/ပြည်တွင်းဖြစ်) (၁၀၈၁၃၈၈)အိတ်
(ခ) ၆၀/၇၀ လမ်းခင်းကတ္တရာ (၂၇၀၀)တန်
(ဂ) Cold Emulsion (၁၂၀)တန်

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၃-၁၁-၂၀၁၆ရက် ၁၆:၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား တစ်စုံလျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူ ရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့

### အမည်မှန် နှင့် မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့နယ်၊ ပဒေသာမြို့သစ်၊ လမ်းသွယ် (၈)လမ်းနေ ဦးစောပါ၏သမီး သင်္ချိုင်းသူ မသန်းသန်း [၉/ပဥလ(နိုင်)၀၃၈၆၄၈] ၏ အမည်မှန်မှာ မွှန်းသီရိဖြိုး ဖြစ်၍ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁၁-၁၉၉၂ ဖြစ်ပါကြောင်း။

မွှန်းသီရိဖြိုး
၉/ပဥလ(နိုင်)၀၃၈၆၄၈

### ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးစိုးငြိမ်းဝင်း ၉/မခန (နိုင်)၀၀၀၀၀၂ Passport (No-မမှတ်မိ) မှာ ၁၀-၁၀-၂၀၁၆ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၉၅၄၀၉

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့
### အိတ်ဖွင့်တင်ဒါပိတ်ရက် ရက်ပြောင်းလဲသတ်မှတ်ခြင်း

ရခိုင်ပြည်နယ်ကုသရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းသစ် ၁၁ခုအား ၂၂-၉-၂၀၁၆ ရက်တွင် တင်ဒါခေါ်ယူခဲ့ပြီး ၂၁-၁၀-၂၀၁၆ရက်တွင် တင်ဒါပိတ်ရက် အဖြစ်သတ်မှတ်ခဲ့သော်လည်း လုပ်ငန်းလိုအပ်ချက်အရ တင်ဒါပိတ်ရက်ကို ၄-၁၁-၂၀၁၆ရက် ညနေ ၄:၃၀ နာရီ သို့ ပြောင်းလဲသတ်မှတ်လိုက်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်-၃၅၅/မ-၁၊ ရတနာလမ်း၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ ပြင်ဦးလွင်မြို့နေ ဦးခင်စိုး ၈/သရန(နိုင်)၀၂၆၉၉၉နှင့် ဒေါ်ဌေးဌေး ၈/သရန(နိုင်)၀၂၇၀၀၀တို့၏သမီး မခင်ရတနာထက် ၁၂/ပဇတ(နိုင်)၀၃၇၉၀၀သည် မိဘ၏ပြောဆိုဆုံးမကားကို အကြိမ်ကြိမ်အခါခါ နားထောင်ခြင်းမရှိဘဲ မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိဆန္ဒသဘောအတိုင်းပြုလုပ်သွားပါသဖြင့် ၎င်းအားယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိဘများ
ဦးခင်စိုး-ဒေါ်ဌေးဌေး



# ဘာစီလိုနာတို့ အိမ်ကွင်း၌ မန်စီးတီးကို ဂိုးပြတ်နိုင်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စုပွဲစဉ် ပထမအကျော့ပွဲစဉ်(၃)ကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (C) မှ ဘာစီလိုနာနှင့် မန်စီးတီးတို့ပွဲတွင် အိမ်ရှင်ဘာစီလိုနာတို့ လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ယင်းပွဲတွင် ဘာစီလိုနာသည် ပုံမှန်ကစားကွက်အတိုင်း ၄-၃-၃ ဖြင့် ပွဲထွက်ခဲ့ပြီး မန်စီးတီးက ၄-၂-၃-၁ ပုံစံဖြင့် အဓိကတိုက်စစ်မှူး စစ်စစ်မပါဝင်ဘဲ ဒီဘရိုင်းကို အထောင်ထားကာ ပွဲထွက်လာသည်။ ပွဲချိန် ၁၇ မိနစ်တွင် မက်ဆီက ဘာစီလိုနာအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၅၃ မိနစ်တွင် မန်စီးတီးဂိုးသမား ဘရာဗို ဂိုးစည်းအပြင်ဘက်တွင် ဘောလုံးကို လက်ဖြင့် ပုတ်ထုတ်ကာကွယ်ခဲ့သည့်အတွက် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရကာ ဘာစီလိုနာအတွက် အနိုင်ဂိုးများကို ပွဲချိန် ၆၁ မိနစ်နှင့် ၆၉ မိနစ်တို့တွင် မက်ဆီက ဟက်ထရစ် သွင်းယူခဲ့သည်။ ပွဲချိန် ၇၃ မိနစ်တွင် ဘာစီလိုနာ နောက်တန်းကစားသမား မက်သရူး နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသည်။ ပွဲချိန် ၈၇ မိနစ်တွင် ဘာစီလိုနာအသင်း ပယ်နယ်တီကန်ခွင့်ရကာ နေမာကန်သွင်းခဲ့သော်လည်း မန်စီးတီးဂိုးသမားကာကွယ်နိုင်ခဲ့သည်။ နေမာသည် ဆုံးရှုံးခဲ့သည့် ပယ်နယ်တီအတွက် ပွဲချိန် ၈၉ မိနစ်တွင် ဘာစီလိုနာအတွက် စတုတ္ထမြောက်ဂိုးကို ပြန်လည်သွင်းယူပေးနိုင်ခဲ့သည်။ ပွဲစဉ် (၃)အပြီး ဘာစီလိုနာ ရမှတ်ကိုးမှတ်နှင့် မန်စီးတီးအသင်းက လေးမှတ်ရရှိထားသည်။

အုပ်စု (C)မှ ပွဲစဉ်တစ်ပွဲဖြစ်သည့် မိုချန်ဂလာဘတ်က နှစ်ဂိုး-ဂိုးမရှိဖြင့် ဆဲလ်တစ်ကို အနိုင်ရရှိခဲ့သည်။ အုပ်စု (A)တွင် အာဆင်နယ်က လူဒိုဂိုရက်စ်ကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အိုဇေးလ်က ဟက်ထရစ်သွင်းယူခဲ့သည်။ ပီအက်စ်ဂျီက ဘေဆယ်လ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု (B) တွင် နာပိုလီက ဘက်ဆစ်တပ်စ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ဘင်ဖီကာက ဒိုင်နမိုကိဗ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု (D) တွင် အက်သလက်တီကိုက ရော့စ်တော့ဗ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်က အိမ်ကွင်းတွင် လေးဂိုး-တစ်ဂိုးဖြင့် ပီအက်စ်ဗီကို အနိုင်ရရှိခဲ့သည်။

❒ သီဟ

# Dagon FC ဘောလုံးအသင်း အားကစားသမားများအား ဂုဏ်ပြုကြိုဆို

**ရန်ကုန် အောက်တိုဘာ ၂၀**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ပီရူး၊ မိုဇမ်ဘစ်၊ တန်ဇန်းနီးယား၊ ဟေတီ၊ တီမောလက်စ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အသင်းပေါင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည့် Viettel World Cup 2016 ပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သော Dagon FC ဘောလုံးအသင်းသည် အောက်တိုဘာ ၁၉ ရက် ညနေ ၆ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ Dagon FC အသင်း မှ တာဝန်ရှိသူများ၊ Myanmar National Tele Communication Co.,Ltd. မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များက ကြိုဆိုခဲ့ကြသည်။

မြန်မာနိုင်ငံကိုယ်စားပြု Dagon FC ဘောလုံးအသင်းသည် အုပ်စုတွင်း ပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် ပြိုင်ဘက်အသင်းများကို အနိုင်မခံ အရှုံးမပေး အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲတွင် ဗီယက်နမ် B2 အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ Viettel World Cup 2016 ဆုဖလားရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ် (ရန်ကုန်)တတိယနေ့အဖြစ် ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Phyo Si Thu & Bago Yoma Eco Resort က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ်အား အောက်တိုဘာ ၂၀ ရက်တွင် တတိယနေ့အဖြစ် ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

Senior Professional အဆင့်တွင် မြင့်ဆွေက သတ်မှတ်ရိုက်ချက်ထက် လေးချက်ပိုရိုက်ကာ စုစုပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(အမျိုးသား) ပြိုင်ပွဲတွင် ဟိန်းစည်သူက သတ်မှတ်ရိုက်ချက်အောက် ခုနစ်ချက်လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၂၀၉ ချက်ဖြင့် လည်းကောင်း ဝါသနာရှင်အဆင့်(အမျိုးသမီး) ပြိုင်ပွဲတွင် ခင်မာနွယ်က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်ပိုရိုက်ကာ စုစုပေါင်းရိုက်ချက် ၁၅၂ ချက်ဖြင့် လည်းကောင်း၊ လူငယ်ကစားသမားအဆင့်တွင် မင်းသံလွင်အောင်က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်ပိုရိုက်ကာ စုစုပေါင်းရိုက်ချက် ၇၈ ချက်ဖြင့် ဦးဆောင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

ဖိုးသော်ဇင်

## ကမ်းရိုးတန်းဒေသများ၌ မိုးပိုလာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများ၌ မိုးပိုလာနိုင်သည်။ (မိုး/ဇလ)


## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃) ရပ်ကွက်၊ ကွင်းအမှတ် ၅၂၊ ကင်မလင်းကျွန်းကွင်း၊ ဦးပိုင်အမှတ် (J-၁၃)၊ ဧရိယာ ဝ.၁၁၄ ဧကရှိ မြေကို ဦးမြင့်စိန်အမည်ဖြင့် မြေနေရာချထားမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၁၀-၂၀၁၆ရက် ဤသတင်းစာ၏ စာမျက်နှာ (၂၄)မှ မဇင်မာနွယ် ၁၃/ကမန(နိုင်)၀၆၃၉၂၂နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း ကြော်ငြာ၌ ဖော်ပြထားသော ရက်စွဲများမှ

(၁၂-၁၀-၂၀၁၆)၊ (၁၄-၁၀-၂၀၁၆)၊ (၂၉-၁၀-၂၀၁၆)တို့အစား (၁၂-၈-၂၀၁၆)၊ (၁၄-၈-၂၀၁၆)၊ (၂၉-၈-၂၀၁၆)ဟု ပြင်ဆင်ဖတ်ရှုပါရန်။




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်ကုသရေးဦးစီးဌာနမှ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း(ဆောင်ရွက်ဆဲ)သုံးခုအား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) - ဘူးသီးတောင်မြို့နယ်ဆေးရုံတွင် ခြောက်ခန်းတွဲ(လေးထပ်)ဝန်ထမ်းနေအိမ်(၁၀၈'×၄၃') ဆောက်လုပ်ခြင်းနှင့် ရေ၊ မီး ရရှိရန်ဆောင်ရွက်ခြင်းလုပ်ငန်း

- ဘူးသီးတောင်မြို့နယ်ဆေးရုံတွင် လေးခန်းတွဲလေးထပ် ဝန်ထမ်းနေအိမ်(၁၀၄'×၅၃') ဆောက်လုပ်ခြင်းနှင့် ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း

(ခ) - တောင်ကုတ်မြို့နယ်ဆေးရုံတွင် တိုးချဲ့နှစ်ထပ် လူနာဆောင် (၁၅၀'×၅၆') ဆောက်လုပ်ခြင်းနှင့် ရေ၊ မီး ရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း

- တောင်ကုတ်မြို့နယ်ဆေးရုံတွင် ခွဲစိတ်ခန်းပါ နှစ်ထပ်လူနာဆောင် (၁၅၀'×၆၂') ဆောက် လုပ်ခြင်းနှင့် ရေ၊ မီး ရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း

- တောင်ကုတ်မြို့နယ် ဆေးရုံတွင်လေးခန်းတွဲ လေးထပ်ဝန်ထမ်းနေအိမ် (၁၀၄'×၅၃')ဆောက်လုပ်ခြင်းနှင့် ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း

- စကြံလျှောက်လမ်းနှစ်ခုဆောက်လုပ်ခြင်းလုပ်ငန်း

(ဂ) သံတွဲမြို့နယ်၊ ငပလီဆေးရုံတွင် ခြောက်ခန်းတွဲလေးထပ် ဝန်ထမ်းနေအိမ်(၁၃၈'×၄၃') ဆောက်လုပ်ခြင်းနှင့် ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့် အဆောက်အအုံများ၏ဆောင်ရွက်မည့် အတိုင်းအတာ အသေးစိတ်အချက် အလက်များ မှီငြမ်းပြပုံစံများနှင့်ပတ်သက်၍ သိရှိလိုပါက ရခိုင်ပြည်နယ်ကုသရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၄၃-၂၁၀၇၁သို့ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၁-၁၀-၂၀၁၆ရက်
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၁၁-၂၀၁၆ရက် ၁၆း၃၀နာရီ
**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - ရခိုင်ပြည်နယ်ကုသရေးဦးစီးဌာန (ဆေးရုံအုပ်ကြီးရုံး၊ စစ်တွေအထွေထွေ ရောဂါကုဆေးရုံကြီး)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သားအဖြစ်မှအပြီးတိုင်အမွေပြတ်စွန့်လွှတ်ကြောင်းကြေငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ ဘူတာရပ်ကွက်၊ ဘူတာရုံအနီးနေ ကျွန်တော် ဦးရွှေခိုင် (၉/ကပတ(နိုင်) ၀၂၄၉၃၇)မှ အောက်ပါအတိုင်း ကြေငြာအပ်ပါသည်။ ကျွန်တော် ဦးရွှေခိုင်၏ သားဖြစ်သူ မောင်မင်းညွန့် (၉/ကပတ(နိုင်)၀၂၄၉၃၉)သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစုဆွေမျိုးအသိုင်းအဝိုင်း၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် အကြိမ်ကြိမ်ပြုမူခဲ့သဖြင့် ဤကြေငြာပါသည့်နေ့မှစ၍ အပြီးတိုင် အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေငြာအပ်ပါသည်။

မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

ဦးရွှေခိုင် (၉/ကပတ(နိုင်)၀၂၄၉၃၇)


## Hole In One ရရှိသော ဂေါက်သီးရိုက်အားကစားသမားအား KENBO-125 ဆိုင်ကယ်ချီးမြှင့်

ဥက္ကလာဂေါက်ကွင်းတွင် အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပလျက်ရှိသော Myanmar Amateur 2016 ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့(ပဥ္စမ)ပွဲစဉ်တွင်ပါဝင်ယှဉ်ပြိုင်လျက်ရှိသော Amateur အတွဲအမှတ် (၃)မှ ကစားသမား ဦးကျော်ကျော်သည် ကျင်းအမှတ် (၇)တွင် ဦးဇင်အောင်မင်း၊ ဦးမိုးကျော်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1 ဘောလုံးကို Iron Cleveland CG.15 No-8 ဖြင့် အကွာအဝေးကိုက် ၁၅၂ကိုက်ရိုက်ကာ တစ်ချက်တည်းကျင်းဝင်သွားခဲ့သည်။

ဥက္ကလာဂေါက်ကွင်းမှ Hole In One ဆုအဖြစ် KENBO-125 CC (ဆိုင်ကယ်)အား ဂေါက်သီးရိုက်ကစားသမား ဦးကျော်ကျော်ကို အခမ်းအနားဖြင့် ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

ဦးသောင်းထွန်း

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၃၉)

# “ ပြစ်မှု ”ဆိုသော စကားရပ်



**ဦးဟန်ညွန့်(ဥပဒေ)**

**ရာဇဝတ်မှုလား**

“**ရာဇဝတ်မှု**လား။ **ပြစ်မှု**လား။ ကွဲကွဲပြားပြား သိပါရစေ။ လိုတိုရှင်း ရေးစေချင်ပါတယ်” ဟု စာဖတ်ပရိသတ်တစ်ဦးက ပြောသည်။

**လိုတိုရှင်း**

လိုတိုရှင်းရေးပါဆိုလျှင်တော့ “**ရာဇဝတ်**” က ရှေးဆန်တယ်။ “**ပြစ်မှု**” က ခေတ်ဆန်တယ်ဟု လွယ်လွယ်ပြောမည်။ ယနေ့ခေတ်တွင်၊ ပြစ်မှုဆိုသော စကားရပ်ကို တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြလေပြီ။

**ဒေါက်တာမောင်မောင်**

တစ်ချိန်က တရားရေးဝန်ကြီးဖြစ်ခဲ့ပြီး နိုင်ငံတော်သမ္မတ တာဝန်ယူခဲ့ဖူးသော ဆရာကြီးဒေါက်တာ မောင်မောင်က -

> “ယခင်က ရာဇဝတ်ဥပဒေဟု ခေါ်သည်။ သို့ရာတွင် “ရာဇဝတ်”ဆိုလျှင် ရာဇာ-မင်းအား ဝတ်ပြုရသည်။ မင်းက အပေါ်မှစိုးမိုး၍ ချမှတ်သော တစ်ချက်လွှတ်အမိန့်ကို ပြည်သူက နာခံရသည်ဟု မြင်နေရသည်။ ထို့ကြောင့် ပြည်သူတို့သည်ပင် အစိုးရဖြစ်သည့်စနစ်တွင် ရာဇဝတ်အခေါ် မလျော်။ ပြစ်မှုဟုခေါ်လာကြသည်။
>
> ပြစ်မှုများကိုပြစ်မှုဆိုင်ရာ ဥပဒေ (ယခင်အခေါ်-ရာဇသတ်ကြီး)တွင် အဓိကအားဖြင့် တွေ့နိုင်ကြသည်။ သို့ရာတွင် ပြစ်မှုအသစ်များကို နောက်ဥပဒေများကလည်း ပြဋ္ဌာန်းသည်” ဟု “**တရားဥပဒေအထွေထွေဗဟုသုတ**” စာအုပ်(တတိယ အကြိမ်) စာမျက်နှာ-၅၀တွင် ရေးသားရှင်းလင်းခဲ့သည်။

**မြန်မာရာဇသတ်ကြီး**

မြန်မာနိုင်ငံတွင် ရာဇသတ်ကြီးဥပဒေ( ပြစ်မှုဥပဒေ) မည်သို့ပေါ်ပေါက်ခဲ့ပါသလဲ။

ရာဇသတ်ကြီး(Penal Code)ဟူ၍ အိန္ဒိယတွင် ၁၈၆၀ ပြည့်နှစ်အက်ဥပဒေအမှတ် ၄၅ ဖြင့်ပေါ်ထွန်းခဲ့သည်။ မြန်မာနိုင်ငံတွင် အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့သည်။ အင်္ဂလိပ်ကိုလိုနီလက်အောက်ကျရောက်ဖူးသည်။ ၁၈၇၄၊ ၁၈၈၅ ခုနှစ်များ၏ သမိုင်းရာဇဝင်ရှိခဲ့ဖူးသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အိန္ဒိယပြည်နယ်အဖြစ် သတ်မှတ်ပြီး မြန်မာနိုင်ငံတစ်ဝန်း ရာဇသတ်ကြီးအာဏာတည်ခဲ့သည်။

၁၉၃၅ ခုနှစ် မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှုအက်ဥပဒေအရ အိန္ဒိယအက်ဥပဒေများအား မြန်မာနိုင်ငံတွင် ဆက်လက်အာဏာတည်စေသည်။ ထိုအခါ ရာဇသတ်ကြီး (Penal Code) ပါလာသည်။ ဤသည်မှာ နောက်ခံသမိုင်းအကျဉ်းဟု ဆိုနိုင်သည်။

မြန်မာဘာသာပြန်ဆိုထားသော “ရာဇသတ်ကြီး”ကို ယနေ့သုံးစွဲကျင့်သုံးလျက်ရှိသည်။ မြန်မာဘာသာပြန်ဥပဒေကော်မတီ၏ ဘာသာပြန်ဆိုချက်ဖြစ်သည်။

**ပြစ်မှု (Offence) ၏အဓိပ္ပာယ်**

ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၀ တွင် ပြဋ္ဌာန်းသည်။ ဤပုဒ်မရှိ အောက်ပါစာပိုဒ် ၂ နှင့် ၃ တို့တွင် ဖော်ပြပါရှိသည့် အခန်းနှင့် ပုဒ်မများတွင်မှတစ်ပါး “ပြစ်မှု” ဆိုသောစကားသည် ဤရာဇသတ်ကြီးအရ ပြစ်ဒဏ်စီရင်ထိုက်သောအရာကို ဆိုလိုသည်။

**ပြစ်ဒဏ်စီရင်ထိုက်သောအရာ**

အခန်း ၄၊ အခန်း ၅-က၊ ထို့ပြင် ပုဒ်မ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၇၁၊ ၁၀၉၊ ၁၁၀၊ ၁၁၂၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၈၇၊ ၁၉၄၊ ၁၉၅၊ ၂၀၃၊ ၂၁၁၊ ၂၁၃၊ ၂၁၄၊ ၂၂၁၊ ၂၂၂၊ ၂၂၄၊ ၂၂၅၊ ၃၂၇၊ ၃၂၈၊ ၃၂၉၊ ၃၃၀၊ ၃၃၁၊ ၃၄၇၊ ၃၄၈၊ ၃၈၈၊ ၃၈၉ နှင့် ၄၄၅ တို့တွင် “ပြစ်မှု”ဆိုသောစကား သည် ဤရာဇသတ်ကြီးအရဖြစ်စေ၊ အထူးဥပဒေအရဖြစ်စေ၊ ဒေသန္တရဥပဒေအရဖြစ်စေ ပြစ်ဒဏ်စီရင်ထိုက်သောအရာကို ဆိုလိုသည်။

**ပါဝင်သည်**

ထို့ပြင် ပုဒ်မ ၁၄၁၊ ၁၇၆၊ ၁၇၇ ၊ ၂၀၁၊ ၂၀၂၊ ၂၁၂၊ ၂၁၆ နှင့် ၄၄၁ တို့တွင် ပြစ်မှုဆိုသောစကားသည် ဤရာဇသတ်ကြီးအရ ပြစ်ဒဏ် စီရင်ထိုက်သောအရာအပြင် အထူးဥပဒေအရ သို့မဟုတ် ဒေသန္တရဥပဒေအရ သေဒဏ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထောင်ဒဏ် ၆ လ ထက်မနည်း ပြစ်ဒဏ်စီရင်ထိုက်သော အရာများလည်း ပါဝင်သည်။

**ပုဒ်မ ၄၀**

ဤပုဒ်မမှာ ပြစ်မှု (Offence)ဆိုသည့် စကားရပ်ကို ဖွင့်ဆိုထားခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄(ဏ)တွင် ပြစ်မှုဆိုသည့်စကားရပ်ကို ဖွင့်ဆိုထားသည်။ ထိုဖွင့်ဆိုချက်တွင် ဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သင့်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကိုဆိုလိုသည်ဟု ဖွင့်ဆိုသည်။ ထိုဖွင့်ဆိုချက်မှာ ဤပုဒ်မ ၄၀ ဖွင့်ဆိုချက်ထက် ကျယ်ဝန်းသည်။

**စကားရပ်ဥပဒေ**

“ပြစ်မှု”ဆိုသော စကားရပ်သည် “တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သင့်နိုင်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကိုဆိုသည်”ဟု ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅(က)(၂၂)၌ ဖွင့်ဆိုသည်။

**ဒုတိယစာပိုဒ်၊ တတိယစာပိုဒ်**

ပုဒ်မ ၄၀ ၏ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့ပါ ပုဒ်မများတွင် ဖော်ပြထားသော ပြစ်မှုများသည် ဆိုင်ရာအထူးဥပဒေများနှင့် ဒေသန္တရဥပဒေအပါအဝင် တိုင်း ဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့်ဥပဒေများနှင့်ပါ သက်ဆိုင်ကြောင်း ပြဋ္ဌာန်းချက် ဖြစ်ပေသည်။

**ဆရာကြီးများ၏ ကျေးဇူး**

တက္ကသိုလ်ဥပဒေကျောင်းသားဘဝက သင်ကြားပို့ချပေးခဲ့သော ဆရာကြီးများ၏ကျေးဇူးကို ပြန်လည်သတိရဂါရဝပြုပါသည်။ ဥပဒေလောကတွင် ထင်ရှားသော ဆရာကြီး ဦးချွန်ဖောင်သည် ထိုစဉ်ကာလက (၁၉၆၉၊ ၁၉၇၀) ရာဇသတ်ကြီး ဥပဒေဘာသာရပ်ကို ကထိကအဖြစ် ပို့ချပါသည်။ ဇယားကားချပ်များရေးပြကာ ပုဒ်မ တစ်ခုချင်းအလိုက်ရှင်းလင်းသည်။ ဥပမာတွေပေးသည်။ ဘက်စုံအတွေးအခေါ်ဖွင့်လှစ်ပြသည်။ ရာဇသတ်ကြီးသမိုင်းကြောင်းကို မမောနိုင် မပန်းနိုင် ဟောပြောသည်။ စာသင်ချိန်ကျော်သွားသည်ကို အမှုမထားမိ။ စိတ်ဝင်စားဖွယ်ကောင်းလှပေ၏။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှာပါ။ မမေ့ပါ။

**နိုင်ငံတော်လုပ်ကြံမှု**

ရာဇသတ်ကြီးပါ နိုင်ငံတော်လုပ်ကြံမှုအကြောင်းအပါအဝင် ရာဇဝတ်မှု(ပြစ်မှု)များအကြောင်း၊ ရာဇဝတ်ဘေး ပြေးမလွတ်ပုံများကို လက်တွေ့ဖြစ်ရပ်များနှင့်ပါ သင်ပြသည်။ ယနေ့တက္ကသိုလ်များ၌လည်း(စာရေးသူတို့ခေတ်ကလို) အတွေ့အကြုံ ကြွယ်ဝသော၊ အငြိမ်းစား ဥပဒေ ပညာရှင်ကြီးများ၏ အချိန်ပိုင်းပါမောက္ခ၊ အချိန်ပိုင်းကထိကများအဖြစ် အကူအညီရယူ၊ အတွေ့အကြုံကောင်းများသင်ယူကြမည်ဟု မျှော်လင့်ယုံကြည်ပါသည်။ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ တရားခွင်လက်တွေ့လေ့လာမှုများ၊ ကျမ်းငယ်ရေးသားစစ်ဆေးမှုများကို စာတွေ့လက်တွေ့ပေါင်းစပ်နိုင်ကြပေမည်။ အဆင့်မြင့်ပြစ်မှုပညာရပ်များ တိုးပွားလေ့လာနိုင်ကြပါစေ။

**ရာဇဝတ်မှုတွေ ဘာ့ကြောင့်များ**

ယနေ့လူသတ်မှုတွေများသည်။ လုယက်မှုတွေများသည်။ မုဒိမ်းမှုတွေများသည်။ ဘာ့ကြောင့်လဲ။ မူခင်းကျဆင်းရေးတွန်းအားပေးကြစို့။ ရာဇဝတ်မှုကျဆင်းရေး၊ ရာဇဝတ်မှုပပျောက်ရေး ဆောင်ရွက်ကြရမည်။ ပြည်သူပြည်သားအပါအဝင် အားလုံးမှာ တာဝန်ရှိသည်။ ရဲတပ်ဖွဲ့တစ်ဖွဲ့နှင့်သာမလုံလောက်။

**သုတေသနလုပ်**

-ပညာရပ်ကို သုတေသနလုပ်။ ပညာရပ်ကိုခေတ်မီအောင်လုပ်။ ပညာရပ်က စာအုပ်ထဲမှာအိပ်မနေသင့်။

-တစ်ဖက်ကလည်း အဆိုပါပညာရပ်ဖြင့်ပင်ပြည်သူကိုအကျိုးပြု။ နိုင်ငံကို ဖွံ့ဖြိုးစေ။

-တရားဥပဒေစိုးမိုးစေ။ မူခင်းကျဆင်းစေ။ ရာဇဝတ်ဘေး ပြေးမလွတ်စေရ။ ဘက်စုံဆောင်ရွက်မှ သဘာဝကျ။ ဤသို့ ရေးပါရစေ။

**တင်ပြချက်**

(၁)ပြစ်မှုဆိုသော စကားရပ်ကိုကား ရှင်းရှင်းလင်းလင်းသိပါပြီ။ နားလည်ပါပြီ။

(၂)နားလည်ရုံဖြင့် ပြီးပြီလား။ မပြီးသေး။

(၃)ပြစ်မှုကာကွယ်ဖို့ ၊ ရာဇဝတ်မှုကျဆင်းဖို့ ၊ တရားဥပဒေစိုးမိုးဖို့မှာ ပို၍ ၊ ပို၍၊ အရေးကြီးသေးသည်ဟု ရာဇသတ်ကြီးဘာသာ သင်ယူခဲ့ဖူးသော စာရေးသူ၏ ဥပဒေအတွေး မျှသာပါ---။

**“ ပြစ်မှု” ဆိုသော စကားရပ်သည် “တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သင့်နိုင်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကိုဆိုသည်” ဟု ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅ (က)(၂၂)၌ ဖွင့်ဆိုသည်။**

---

## သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကျင်းပသည့် သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု စည်ပင်ကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နေပြည်တော် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်က သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ပွဲ ဆောင်ရွက်ရခြင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နေပြည်တော် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက သဘာဝဘေးအန္တရာယ်အကြောင်းကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးသူရဝင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ ဥတ္တရခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးခင်လေးက လျှပ်စစ်မီးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲတတ်စေရေးနှင့်ပတ်သက်၍ လည်းကောင်း အသီးသီးအသိပညာ ပေးဟောပြောကြကြောင်း သိရသည်။ **(ဝဲပုံ)**



**(ခရိုင် ပြန်/ဆက်)**

---

## သက်တမ်း နှစ် ၁၀၀ ကျော် ကုက္ကိုပင်ပြိုလဲ

**အုတ်တွင်း အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ ဈေးရပ်ကွက် ဈေးကျောင်းဘုန်းတော်ကြီးကျောင်းဝိုင်းအတွင်း နှစ် ၁၀၀ ကျော်သက်တမ်းရှိ ကုက္ကိုပင်ကြီး၏ ကိုင်းကြီးတစ်ခု အောက်တိုဘာ ၁၈ ရက်က ကျိုးကျခဲ့ကြောင်း သိရသည်။

ကုက္ကိုပင်ကြီး၏ ကိုင်းကြီးကျိုးကျမှုကြောင့် ဈေးရပ်ကွက် အလကကျောင်း(ခွဲ)ဘေး ခေတ်တိုင်နှစ်တိုင်၊ စာသင်ကျောင်းအားကာရံထားသည့် အုတ်တံတိုင်းရှစ်ခန်း၊ စာသင်ဆောင်သွပ်ငါးချပ်၊ သစ်သားဒိုင်း၊ ပြတင်းပေါက်တစ်ပေါက် ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံများက ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

---

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်း

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းတွင် ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၇ ရက်က အဆိုပါ ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးက သင်တန်းထူးချွန်ဆုရသူများကို ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလှအောင်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၄၁။ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာနိုင်သည့် သို့မဟုတ် ပေါ်ပေါက်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှအပ ပြည်ပမှ စမ်းသပ်ဆဲဖြစ်သော သို့မဟုတ် အသုံးပြုရန်၊ စိုက်ပျိုးမွေးမြူရန်၊ အတည်ပြုချက် မရရှိသေးသော နည်းပညာများ၊ ဆေးဝါးများ၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၊ အသုံးအဆောင်များ သယ်ဆောင်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) ပြည်သူတို့အပေါ် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(င) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ကြီးမားစွာထိခိုက်ပျက်စီးစေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပိတ်ပင်ထားသော ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

၄၂။ အောက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများကို ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) နိုင်ငံတော်ကသာဆောင်ရွက်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်နိုင်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းရှိနိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း၍ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏အတည်ပြုချက်ဖြင့်ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

၄၃။ ကော်မရှင်သည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ပုဒ်မ ၄၂ ပါ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများအား အများပြည်သူသိရှိစေရန် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ သတ်မှတ် ကြေညာရမည်။

၄၄။ ကော်မရှင်သည် ပုဒ်မ ၄၂ အရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြီးနောက် လျှော့ပေါ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရန် လိုအပ်လာလျှင် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်သတ်မှတ် ကြေညာရမည်။

၄၅။ ကော်မရှင်သည် ပုဒ်မ ၄၄ အရ ပြန်လည်သုံးသပ်ရာတွင် အစိုးရအဖွဲ့က ပြုလုပ်ထားသော နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကတိကဝတ်များကို သွေဖည်မှုမရှိစေရန် အလေးထား၍ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်သည်။

၄၆။ ကော်မရှင်သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွားကိုကြီးမားစွာ အကျိုးသက်ရောက်မှုဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကို ခွင့်ပြုမိန့်ထုတ်ပေးရန် ဆောင်ရွက်သည့်အခါ အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အခန်း (၁၁)
## ရင်းနှီးမြှုပ်နှံသူများအားဆက်ဆံဆောင်ရွက်ခြင်း

၄၇။ အစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံသူများအပေါ် ဆက်ဆံဆောင်ရွက်ရာတွင်-

(က) ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတို့တွင် တစ်နည်းနည်းဖြင့် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမှတစ်ပါး ဤဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လုပ်ငန်းတိုးချဲ့ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ရောင်းချခြင်း သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြားအစီအစဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုများထက် လျော့နည်းမှု မရှိစေရ၊

(ခ) တူညီသောအခြေအနေမျိုးတွင် နိုင်ငံတစ်ခုမှ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၊ ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့်လုပ်ငန်း ဖွဲ့စည်းတည်ထောင်ခြင်း၊ လုပ်ငန်းရယူခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ရောင်းချခြင်း သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြားအစီအစဉ်များအပေါ် အခြားနိုင်ငံတစ်ခုခုမှ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုထက်လျော့နည်းခြင်း မရှိစေရ၊

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်သည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား အောက်ပါကိစ္စရပ်များအလို့ငှာ ပေးအပ်နိုင်သော ခံစားခွင့်များ၊ ဦးစားပေးခြင်းများ သို့မဟုတ် အထူးအခွင့်အရေးပေးခြင်းတို့အတွက် လိုက်နာရန် တာဝန်ရှိသည်ဟု မမှတ်ယူစေရ-

(၁) အကောက်ခွန်ယူနီယံ (CustomsUnion)၊ လွတ်လပ်သော ကုန်သွယ်ရေးဇုန်၊ စီးပွားရေးယူနီယံနှင့်နိုင်ငံတကာ သဘောတူညီမှုများအရ ဖြစ်ပေါ်လာသော အကောက်ခွန်ယူနီယံ (Customs Union)၊ လွတ်လပ်သော ကုန်သွယ်ရေးဇုန်နှင့် စီးပွားရေးယူနီယံ၊

(၂) နိုင်ငံတကာသဘောတူညီချက်များ၊ နှစ်နိုင်ငံသို့မဟုတ် ဒေသတွင်း သို့မဟုတ် နိုင်ငံတကာသဘောတူစာချုပ်များနှင့် အကျုံးဝင်သော ရင်းနှီးမြှုပ်နှံသူများနှင့်၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပေးအပ်သည့် ပိုမိုသာလွန်သော ဆက်ဆံဆောင်ရွက်မှုများ၊ ဒေသတွင်း နိုင်ငံများအကြားချုပ်ဆိုသည့် သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များ၊ အခြားနိုင်ငံများနှင့် ချုပ်ဆိုသည့် သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များနှင့် အကျုံးဝင်သော ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ပေးအပ်သည့် ပိုမိုသာလွန်သော ဆက်ဆံဆောင်ရွက်မှုများ သို့မဟုတ် အခွန်အကောက်ဆိုင်ရာကိစ္စရပ်များနှင့် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ပါဝင်ပတ်သက်နေသော အစီအစဉ်များ။

၄၈။ အစိုးရအဖွဲ့သည်ရင်းနှီးမြှုပ်နှံသူများကို အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သာတူညီမျှဆက်ဆံဆောင်ရွက်မှုပြုရန် အာမခံသည်-

(က) ရင်းနှီးမြှုပ်နှံသူများနှင့်၎င်းတို့၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ကြီးမားစွာ ထိခိုက်နစ်နာစေသည့် ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ရပိုင်ခွင့်၊

(ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အစိုးရအဖွဲ့မှခွင့်ပြုထားသည့် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ပါ စည်းကမ်းသတ်မှတ်ချက်များကို ပြောင်းလဲခြင်း အပါအဝင် အခြားသော အလားတူလုပ်ဆောင်မှုများနှင့် စပ်လျဉ်း၍ တရားဥပဒေနှင့်အညီဆောင်ရွက်ခွင့်နှင့် အယူခံခွင့်။

၄၉။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၇၆ ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေရ။

## အခန်း(၁၂)
## မြေအသုံးပြုခွင့်

၅၀။ (က) ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိထားသော သို့မဟုတ် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် ပုဂ္ဂလိကမြေ သို့မဟုတ် အဆောက်အအုံဖြစ်ပါက ပိုင်ရှင်ထံမှလည်းကောင်း၊ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ၊ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှလည်းကောင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ နှစ်ရှည်မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းခွင့်ရှိသည်။ နိုင်ငံသားရင်းနှီးမြှုပ်နှံသူသည် မိမိပိုင်မြေ သို့မဟုတ် အဆောက်အအုံတွင် တည်ဆဲဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်သည်။

(ခ) နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူသည် အစိုးရ သို့မဟုတ် အစိုးရအဖွဲ့အစည်းများထံမှဖြစ်စေ၊ ပုဂ္ဂလိကမြေ သို့မဟုတ် အဆောက်အအုံပိုင်ရှင်ထံမှဖြစ်စေ ကော်မရှင်ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိသည့်နေ့မှစ၍ ကနဦးနှစ် ၅၀ အထိ သတ်မှတ်ချက်နှင့်အညီ မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းနိုင်သည်။

(ဂ) အထက်ဖော်ပြပါပုဒ်မခွဲ(ခ)အရခွင့်ပြုထားသော မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းကာလ သို့မဟုတ် မြေ သို့မဟုတ် အဆောက်အအုံအသုံးပြုခွင့်ကာလ သက်တမ်းကုန်ဆုံးပြီးနောက် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် တစ်ဆက်တည်းသက်တမ်းတိုးခွင့် ၁၀ နှစ်နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံ၍ ၁၀ နှစ်သက်တမ်း တိုးမြှင့်နိုင်သည်။

(ဃ) ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်းခြင်းစာချုပ်အားစာချုပ်စာတမ်း မှတ်ပုံတင်ခြင်းအက်ဥပဒေနှင့်အညီစာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(င) အစိုးရအဖွဲ့သည် မြေအသုံးချမှု သို့မဟုတ် မြေငှားရမ်းမှုများအတွက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအား ပိုမိုကောင်းမွန်သော သတ်မှတ်ချက်များနှင့် အခွင့်အရေးများကို ခွင့်ပြုပေးနိုင်သည်။

(စ) ကော်မရှင်သည် နိုင်ငံတော် တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန် အလို့ငှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နည်းပါးပြီး ဆက်သွယ်သွားလာရေး ခက်ခဲသောဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဤဥပဒေပါ မြေ သို့မဟုတ် အဆောက်အအုံငှားရမ်းခွင့်ကာလ သို့မဟုတ် မြေ သို့မဟုတ် အဆောက်အအုံ အသုံးပြုခွင့်ကာလထက် ပိုမိုခံစားခွင့်ပြုရာတွင် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အခန်း(၁၃)
## အမှုထမ်းများနှင့်အလုပ်သမားများ ခန့်ထားခြင်း

၅၁။ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံတော်အတွင်း၎င်း၏ ရင်းနှီးမြှုပ်နှံမှုတွင် သတ်မှတ်အရည်အချင်းကိုက်ညီသည့် မည်သည့်နိုင်ငံသားကိုမဆို အကြီးတန်းစီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးအဖြစ် ဥပဒေများနှင့်အညီ ခန့်အပ်နိုင်သည်။

(ခ) အဆင့်ဆင့်သော စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူ နေရာတို့တွင် နိုင်ငံသားများအား ခန့်အပ်နိုင်ရန် အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များဆောင်ရွက်၍ အစားထိုးခန့်ထားရမည်။

(ဂ) ကျွမ်းကျင်မှုမလိုသော လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရမည်။

(ဃ) နိုင်ငံခြားသားနှင့် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများခန့်ထားရာတွင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး၍ ခန့်ထားရမည်။

(င) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခွင့်အရေးနှင့်တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံးလုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံရေးနှင့် အလုပ်သမားများနှင့်သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့အပါအဝင် အလုပ်သမားဆိုင်ရာ ဥပဒေ၊နည်းဥပဒေများပါ အခွင့်အရေးများရရှိရေးအတွက် ဆောင်ရွက်ပေးရမည်။

(စ) ရင်းနှီးမြှုပ်နှံမှုတွင် အလုပ်ရှင်အချင်းချင်း၊ အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နှင့်အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တည်ဆဲဥပဒေများနှင့်အညီဖြေရှင်းရမည်။

## အခန်း(၁၄)
## ရင်းနှီးမြှုပ်နှံမှုကို အာမခံခြင်း

၅၂။ အစိုးရအဖွဲ့သည် ဥပဒေနှင့်အညီဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံသည်။ အောက်ပါအခြေအနေများနှင့်အညီ ဆောင်ရွက်ခြင်းမှအပ ရင်းနှီးမြှုပ်နှံမှုကို သိမ်းယူခြင်းကိုဖြစ်စေ၊ သွယ်ဝိုက်သိမ်းယူခြင်းကိုဖြစ်စေ၊ ရပ်ဆိုင်းစေခြင်း သဘောသက်ရောက်သော ဆောင်ရွက်မှုများကိုဖြစ်စေ မပြုလုပ်ဟု အာမခံသည်-

(က) နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အမှန်တကယ်လိုအပ်ခြင်း၊

(ခ) ခွဲခြားမှုမရှိဘဲ ဆောင်ရွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) သိမ်းယူသည့် ရင်းနှီးမြှုပ်နှံမှုအားမျှတ၍ ပြည့်စုံလုံလောက်သော လျော်ကြေးကို မြန်ဆန်စွာပေးချေခြင်း။

၅၃။ မျှတ၍ပြည့်စုံလုံလောက်မှုရှိသော လျော်ကြေးသတ်မှတ်ရာတွင်လျော်ကြေးပမာဏသည် သိမ်းဆည်းသည့် ရင်းနှီးမြှုပ်နှံမှု၏ ဈေးကွက်တန်ဖိုးနှင့်ညီမျှရမည်ဖြစ်ပြီး သိမ်းဆည်းသည့်ကာလ၌ ဖြစ်ပေါ်နေသည့် ဈေးကွက်တန်ဖိုးဖြင့် သတ်မှတ်ရမည်။ သို့ရာတွင် ၎င်းလျော်ကြေးပမာဏအား သတ်မှတ်ရာတွင် အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူ၏အကျိုးစီးပွားအကြားမျှတသော အခြေအနေအပေါ် အခြေခံရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု၏ လက်ရှိနှင့် ယခင်အနေအထား၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ပစ္စည်းသိမ်းယူရခြင်း၏ အကြောင်းအရင်း၊ ရင်းနှီးမြှုပ်နှံမှု၏မျှတသော ဈေးကွက်တန်ဖိုး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ပစ္စည်းသိမ်းယူရခြင်း၏ ရည်ရွယ်ချက်၊ ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည့် ကာလတစ်လျှောက်ရရှိခဲ့သည့် အမြတ်ငွေများနှင့် ရင်းနှီးမြှုပ်နှံမှုသက်တမ်းတို့ကိုပါ ထည့်သွင်းစဉ်းစားရမည်။

၅၄။ ဤဥပဒေ၏ အခန်း (၂၀) နှင့်အခန်း (၂၂) ပါပြဋ္ဌာန်းချက်များ အပါအဝင် အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်အရ ဆောင်ရွက်သည့် စီးပွားရေးဆိုင်ရာ ထိန်းညှိရန် ရည်ရွယ်ချက်အတွက် သို့မဟုတ် လူမှုအကျိုးစီးပွား အထောက်အကူပြုစေရေး ရည်ရွယ်ချက်များအတွက် လုပ်ဆောင်သည့် ခွဲခြားမှုမရှိသည့် ဆောင်ရွက်ချက်များသည် ဤအခန်း၏ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိစေရ။

၅၅။ ပုဒ်မ ၅၂ ကို လိုက်နာကျင့်သုံးရာတွင် လုပ်ကိုင်ဆောင်ရွက်မှုများသည် အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်းနှင့် သွယ်ဝိုက်၍ ရင်းနှီးမြှုပ်နှံမှု သိမ်းယူခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူက တင်ပြလာလျှင် အစိုးရအဖွဲ့သည် အောက်ဖော်ပြပါ အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ ကိစ္စရပ်တစ်ခုချင်းအလိုက် စုံစမ်းစစ်ဆေးမှုပြုခြင်း၊ အချက်အလက်ကို စိစစ်ခြင်းတို့ကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှု၏စီးပွားရေး တန်ဖိုးကိုကြီးမားပြင်းထန်စွာ ထိခိုက်နစ်နာစေရန်တမင်ဖန်တီး ရည်ရွယ်ဆောင်ရွက်ခြင်းရှိမရှိ၊

(ခ) အစိုးရမှရင်းနှီးမြှုပ်နှံသူသို့ ယခင်စာဖြင့် ရေးသားထားသည့် ကတိကဝတ်များ၊ သဘောတူစာချုပ်၊လိုင်စင် သို့မဟုတ် အခြား တရားဝင် စာရွက်စာတမ်းများကို ချိုးဖောက်မှုရှိမရှိ၊

(ဂ) ပုဒ်မ ၅၂၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် အစိုးရအဖွဲ့၏ ရည်ရွယ်ချက်အပါအဝင် ၎င်း၏လုပ်ဆောင်ချက်များသည် အများပြည်သူအကျိုးစီးပွားနှင့်ကိုက်ညီမှု ရှိမရှိ။

*(ဆက်လက်ဖော်ပြပါမည်)*

## ကမ်းပြိုပြောင်းရွှေ့မိသားစုများအား ထောက်ပံ့ပေးလျက်ရှိ

**တွံတေး အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေလေ့ချောင်ကျေးရွာအုပ်စု ရွှေလေ့ချောင်ကျေးရွာတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများဖြစ်နေသလို မြေအက်ကြောင်းများ ထပ်မံဖြစ်ပေါ်နေသဖြင့် အဆိုပါအက်ကြောင်းများ ထပ်မံဖြစ်ပေါ်နေသည့်နေရာများသို့ ရန်ကုန်တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကာ ဒေသခံပြည်သူများအတွက် လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်၊ တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးဝင်းရွှေ၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကျော်မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်နှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မြေအက်ကြောင်းများ ထပ်မံဖြစ်ပေါ်နေသည့်နေရာသို့ အောက်တိုဘာ ၁၀ ရက်ကပင် သွားရောက်ကြည့်ရှုခဲ့ပြီး မြေအက်ကြောင်းနှင့် နီးကပ်လျက်ရှိသည့် အန္တရာယ်ရှိနိုင်သောအိမ်တစ်လုံးကို ဝိုင်းဝန်းဖျက်သိမ်းခြင်းနှင့် အိမ်ထောင်စု ၁၁ စုကို ဘေးလွတ်ရာနေအိမ်များ၊ ခြံကွက်များအတွင်းသို့ ရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ရွှေလေ့ချောင်ကျေးရွာတွင် ကမ်းပါးပြိုကျမှုကြောင့် အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အတွင်း ကြိုတင်ရွှေ့ပြောင်းပေးခဲ့သော နေအိမ် ၂၁ အိမ်မှ အိမ်ထောင်စုများ နှင့် ယခင်ထောက်ပံ့ကြေးပေးရန်ကျန်ရှိသော သဲကုန်းကျေးရွာမှ အိမ်ထောင်စုသုံးစု စုစုပေါင်း ၂၄ စုအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများကိုလည်း အောက်တိုဘာ ၁၀ ရက်ကပင် ပေးအပ်ခဲ့ရာ အိမ်ထောင်စု ၂၄ စုအတွက် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးပါဖာ တစ်လုံးစီ၊ စားဆီ၊ အဝတ်အထည်ဟောင်းမျိုးစုံ ၁၂ ထုပ်၊ SCG Relief Bags ၁၀၁ အိတ်ကို ထောက်ပံ့ခဲ့ပြီး အိမ်ဆောက်ပစ္စည်းဖိုးအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် ကျပ်ငါးသောင်းစီကိုလည်းကောင်း၊ အိမ်ထောင်စု ၂၄ စုမှ လူဦးရေ ၁၀၁ ဦးအတွက် လူတစ်ယောက်တစ်ရက်လျှင် ကျပ် ၃၀၀ နှုန်းဖြင့် ခုနစ်ရက်စာဆန်ဖိုး ကျပ် ၂၁၂၁၀၀ ကိုလည်းကောင်း ပေးအပ်ခဲ့သည်။

ရွှေလေ့ချောင်ကျေးရွာ ကမ်းပြိုကျမှုအတွက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ယာယီထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် ယာယီ မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်း ပေ ၁၉၀၀ ခန့်ကို ဆောင်ရွက်မည်ဖြစ်သည်။ ကမ်းပြိုသည့်နေရာ နှင့် နီးကပ်လျက်ရှိသည့် နေအိမ်များကို ရွှေ့ပြောင်းပေးခြင်းနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း တွံတေးမြို့နယ် ခလရ (၇၀)တပ်ရင်းမှ ဗိုလ်မှူး စိန်အေး ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၂၀ က ကျေးရွာဘုန်းကြီးကျောင်းတွင်အခြေပြု၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**



## မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ကျောက်မဲ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက် / ကျေးရွာပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲကို ကျောက်မဲမြို့ရှိ ခရိုင်အားကစားကွင်းတွင် အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနိုင်က အမှာစကားပြောကြားပြီး အဖွင့်ပွဲစဉ်များအဖြစ် ရပ်ကွက် (၃၊ ၄၊ ၅၊ ၆)အသင်းနှင့် အမှတ်(၇)ရပ်ကွက်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပြိုင်ပွဲသို့ ရပ်ကွက်နှင့် ကျေးရွာများမှ ဘောလုံးအသင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စု (၄)အုပ်စုခွဲ၍ ကစားကြမည်ဖြစ်ကာ နောက်ဆုံးဗိုလ်လုပွဲကို နိုဝင်ဘာ (၉) ရက်တွင် ကျင်းပမည်ဖြစ်သည်။ **(ခရိုင် ပြန် / ဆက်)**




# တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုမှ လှူဒါန်းသော ငွေကျပ်သိန်း ၁၈၀၀ကျော်ဖြင့် မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်ကို အဆင့်မြှင့်တင်ပြုပြင်မည်

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးမြို့၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်ကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုမှလှူဒါန်းသော ငွေကျပ်သိန်း ၁၈၀၀ ကျော်ဖြင့် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းများကို ယခုလအတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းငွေများဖြင့် နန်းတော်ယဉ်ကျေးမှုပြတိုက်ကို အဆင့်မြှင့်တင်ခြင်း၊ နန်းခုံပေါ်ရှိ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သော နန်းတော်ဆောင်များ၊ နန်းခုံအစိတ်အပိုင်းများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

“ဗိုလ်ချုပ်မှူးကြီးနဲ့ တပ်မတော်ကြည်း၊ ရေ၊ လေမိသားစုတို့က နန်းတော်ပြတိုက် အဆင့်မြှင့်တင်မှုနဲ့ နန်းတော်အတွင်း လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်နိုင်ဖို့အတွက် လှူဒါန်းတာဖြစ်ပါတယ်။ ဒီလအတွင်းမှာပဲ ပြတိုက်ပညာရှင်တွေနဲ့ပူးပေါင်းပြီး အဆင့်မီ ထိန်းသိမ်းပြသနိုင်အောင် စတင်ဆောင်ရွက်သွားမှာပါ”ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရန်အတွက် လှူဒါန်းငွေ ကျပ် ၁၈၇၉၃၃၀၀၀ ကို တပ်မတော်မိသားစု အလှူရှင်များကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) တာဝန်ခံ ညွှန်ကြားရေးမှူးထံသို့ အောက်တိုဘာ ၁၇ ရက်က လှူဒါန်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပြည်သူများမှ စာဖြင့်၊ နှုတ်ဖြင့် တင်ပြသောအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးမည်

**ကျောက်ဖြူ အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသမှ အခက်အခဲများနှင့်ပတ်သက်၍ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တင်ပြလာမှုများကို ဝန်ကြီးများအဆင့် ပေးပို့၍ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ အောက်တိုဘာ ၁၈ ရက်က ပြုလုပ်ခဲ့သည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ပြောကြားသည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ လူမှုရေးဝန်ကြီး ဦးချမ်းသာတို့က ကျောက်ဖြူမြို့ပေါ်ရှိ ပြည်သူလူထုနှင့် တွေ့ဆုံခဲ့ပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသမှ အခက်အခဲများနှင့်ပတ်သက်၍ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တင်ပြလာမှုများကို ဝန်ကြီးများအဆင့် ပေးပို့၍ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လတ်တလော ဆောင်ရွက်၍ရသော ကိစ္စများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်၍မရသော ကိစ္စရပ်များကို နောက်ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ တွင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ဝန်ကြီးများကလည်း ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ပြည်သူများ၊ မြို့မိမြို့ဖများကလည်း လိုအပ်ချက်များကို တင်ပြခဲ့သည်။ **(မြို့နယ် ပြန် / ဆက်)**

# ရော်ဘာဈေးတက်လာသော်လည်း အစေးခြစ်အလုပ်သမားရှားပါးသဖြင့် ခြံရှင်များအခက်အခဲဖြစ်နေ

**ရေး အောက်တိုဘာ ၂၀**

မွန်ပြည်နယ် ရေးမြို့နယ်၏ အဓိကစီးပွားဖြစ်ထုတ်ကုန်တစ်ခုဖြစ်သော ရော်ဘာပေါ်ချိန် ရာသီအစ ဈေးကွက်ထဲသို့ ဝင်ရောက်နေချိန်၌ အဖွင့်ဈေးကောင်းနေသော်လည်း ရော်ဘာခြံငယ်ရှင်များမှာ အစေးခြစ်အလုပ်သမားရှားပါးမှုနှင့် ကြုံတွေ့နေရ၍ အစေးခြစ်လုပ်ငန်းလုပ်ကိုင်နိုင်ရန် အခက်အခဲဖြစ်နေကြကြောင်း သိရသည်။


အခုရော်ဘာရာသီမှာ ရာသီဥတုက မိုးမကုန်သေးတာရယ်၊ အစေးခြစ်လုပ်သား ရှားပါးနေတာရယ်၊ ဒါ့အပြင် ယခင်က ဈေးကောင်းမရတဲ့အတွက် ခြံငယ်တွေမှာ အစေးခြစ်လုပ်ကိုင်ခြင်းမရှိဘဲ အစားထိုးကွမ်းသီးကို စိုက်လာကြပြီး ထင်းအဖြစ်ခုတ်လှဲလာကြတာရယ်ကြောင့် ရောင်းသူ၊ ဝယ်သူ၊ အလုပ်သမားတွေလည်း တွက်ခြေမကိုက်ဖြစ်နေပါတယ်ဟု ရေးမြို့နယ်မှ ရော်ဘာခြံရှင်တစ်ဦးဖြစ်သော ဦးသိန်းဝင်းကပြောသည်။

ယခင်နှစ်များတွင် ရော်ဘာဈေးမကောင်းခဲ့သဖြင့် ခြံရှင်များမှာလည်း အလုပ်သမားများကို လုပ်အားခ ဈေးကောင်းမပေးနိုင်ခဲ့သောကြောင့် အလုပ်သမားများမှာ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် အစေးခြစ်လုပ်ငန်းလုပ်ကြခြင်းမရှိတော့ဘဲ တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြကြောင်း သိရသည်။

ယခုနှစ် ရော်ဘာဈေးမှာ ပြီးခဲ့သည့်နှစ်နှင့်ယှဉ်လျှင်တက်လာကြောင်း၊ ယခင်နှစ်က အဖွင့်ဈေးအနေဖြင့် R3 အစိမ်းပြား တစ်ပေါင်လျှင် ၅၅၀ ကျပ်ရှိရာမှ ယခုအခါ ၆၂၀ ကျပ်အထိ တက်လာ၍ ဈေးကောင်းရလာသော်လည်း ဈေးကွက်အတွင်း ရော်ဘာဝင်ရောက်မှုက နည်းပါးနေကြောင်း၊ ရှေ့ဆက်၍ ရော်ဘာဈေးကွက် ပိုမိုဦးမော့လာရန် ရော်ဘာလုပ်ငန်းရှင်များ မျှော်လင့်နေကြကြောင်း ရော်ဘာလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးဆန်းမောင် က ပြောသည်။

မွန်ပြည်နယ်အတွင်း ရော်ဘာအစေးခြစ် စိုက်ဧကပေါင်းမှာ ၃၁၇၄၄၈ ဧကရှိရာ ပြီးခဲ့သည့်နှစ် ရော်ဘာရာသီချိန်က အစေးခြစ်အလုပ်သမားပေါင်း တစ်သိန်းခွဲဝန်းကျင်ကို အလုပ်ပေးနိုင်ခဲ့သော်လည်း ရော်ဘာဈေးကောင်းမရခဲ့သည့်အတွက် ခြံရှင်နှင့်အလုပ်သမားအများစုမှာ တွက်ခြေမကိုက်ဖြစ်ခဲ့ကြပြီး လုပ်သားများမှာ တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသဖြင့် ယခုနှစ်တွင် လုပ်သားလိုအပ်ချက်ရှိနေကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**



ရော်ဘာလုပ်ငန်းတစ်ခုမှ ထုတ်လုပ်ထားသော ရော်ဘာပြားကုန်ကြမ်းများ

# တစ်ကျော့ပြန် တိုက်စစ်ခြေစွမ်းတွေကို စောင့်ကြည့်ရမယ့် ရိုးမားတိုက်စစ်မှူး ဇက်ကို



ဒီနှစ်စီးရီးအေကိုကြည့်မယ်ဆိုရင်တော့ ထူးခြားမှုရှိတဲ့ အရာကို ပြောပါဆိုရင်တော့ ရိုးမားအသင်းတိုက်စစ်မှူးဇက်ကိုလို့ ပြောရမှာ ဖြစ်ပါတယ်။ တိုက်စစ်မှူးဇက်ကိုဟာ ရိုးမားအသင်းကို ၂၀၁၅ ခုနှစ်ကတည်းက မန်စီးတီးအသင်းကနေ ပြောင်းရွှေ့လာခဲ့ပေမယ့် သူ့ရဲ့ခြေစွမ်းပိုင်းနဲ့ ပတ်သက်ပြီးဝေဖန်မှုတွေ အပြင်းအထန်ခံနေခဲ့ရတဲ့သူလည်း ဖြစ်ပါတယ်။ အခုတော့ သူဟာ စီးရီးအေ ၈ ပွဲမှာ ခုနစ်ဂိုးသွင်းယူထားနိုင်ခဲ့ပြီး အသင်းကိုလည်း စီးရီးအေ အမှတ်ပေးဇယားရဲ့ အဆင့်ဒုတိယနေရာမှာ ရပ်တည်နိုင်ဖို့ စွမ်းဆောင်ပေးထားသူဖြစ်ပါတယ်။

တိုက်စစ်မှူးဇက်ကိုဟာ ရိုးမားအသင်းကို ကနဦးက အငှားနဲ့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းမှသာ အပြီးသတ်ပြောင်းရွှေ့ကစားခဲ့တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဇက်ကိုဟာ ရိုးမားအသင်းနဲ့ကစားခဲ့တဲ့ ပထမရာသီမှာတော့ ခြေစွမ်းပိုင်းကောင်းမွန်မှု မရှိတာကြောင့် တစ်ချိန်တုန်းက အင်တာမီလန်အသင်းကို ပြောင်းရွှေ့ကစားခဲ့ဖူးတဲ့ ရက်စတားဘဲဂရိတ်အသင်းတိုက်စစ်မှူး ဒါကိုပန်ရှစ်နဲ့တောင် နှိုင်းယှဉ်ခံခဲ့ရပါတယ်။ တိုက်စစ်မှူး ဒါကိုပန်ရှစ်ဟာ ရက်စတားဘဲဂရိတ်အသင်းမှာ ၉၁ ပွဲမှာ ၈၄ ဂိုးအထိသွင်းယူခဲ့ပြီး ခြေစွမ်းကောင်းတွေ ပိုင်ဆိုင်ခဲ့ပေမယ့် အင်တာမီလန်အသင်းကို ရောက်ရှိခဲ့ပြီးနောက်ပိုင်းမှာတော့ ခြေစွမ်းပြကစားနိုင်ခြင်းမရှိဘဲ ၁၉ ပွဲသာ ကစားခွင့်ရရှိခဲ့ပြီး သုံးဂိုးသာသွင်းယူနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဇက်ကိုဟာ တိုက်စစ်မှူး ဒါကိုပန်ရှစ်လိုပဲ စီးရီးအေမှာ နေဝင်ချိန်တွေ ရောက်လာလေမလားလို့ ဝေဖန်မှုတွေရှိခဲ့ကြပါတယ်။

ရိုးမားအသင်းဟာ တိုက်စစ်မှူး ဇက်ကိုကို အပြီးသတ်ခေါ်ယူမှုအနေနဲ့ ယူရို ၁၅ သန်းနဲ့ခေါ်ယူခဲ့ရပေမယ့် ပြီးခဲ့တဲ့ ရာသီကခြေစွမ်းတွေကတော့ အသင်းတွက် စိတ်ပျက်စရာအတိဖြစ်ခဲ့ ကြပါတယ်။ ဒီ့အပြင် ပြီးခဲ့တဲ့ ရာသီက ရိုးမားအသင်းရဲ့ အခြေအနေတွေကလည်း နည်းပြဂါစီယာရဲ့ လက်အောက်မှာ ဆိုးရွားမှုတွေဖြစ်ခဲ့ပါတယ်။ အသင်းကလည်း ဒဏ်ရာပြဿနာတွေ ရုန်းကန်နေရတဲ့အချိန်မှာ ဇက်ကိုရဲ့ခြေစွမ်းကလည်း ကျဆင်းနေချိန်လို့ဆိုရမှာပါ။ ဒီ့အပြင် ဂျာဗင်ညို၊ မိုဟာမက်ဆာလက်တို့လည်း တစ်ကိုယ်ကောင်းဆန်မှုတွေကြောင့် အသင်းဟာနိုင်ပွဲ အနည်းငယ် ပျောက်ဆုံးခဲ့ပါတယ်။

ဒါပေမယ့်နည်းပြဂါစီယာ ထွက်ခွာသွားခဲ့ပြီးနောက်ပိုင်း အသင်းဟာ နည်းပြသစ်စပယ်လက်တီရဲ့ လက်အောက်မှာတော့ တဖြည်းဖြည်းနဲ့ အကောင်းဆုံးအခြေအနေကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ဇက်ကိုလည်း နောက်ဆုံး ၁၀ ပွဲမှာ ခုနစ်ပွဲအထိ ပါဝင်ကစားခွင့် ရရှိခဲ့တာကြောင့် ဇက်ကိုရဲ့ အနာဂတ်ဟာ ရိုးမားအသင်းမှာ ဆက်လက်ရှိနေဖို့အခြေခိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရာသီက ဇက်ကိုဟာ စပယ်လက်တီရဲ့လက်အောက်မှာ ကစားရတဲ့အချိန်ဟာ နည်းပြဟောင်း ဂါစီယာထက်ပိုမိုနည်းပေမယ့် ဂိုးကတော့ ပိုမိုသွင်းယူနိုင်တာ အမှန်ဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ရာသီက ရိုးမားအသင်းမှာ အယ်ရှာတာဝီ၊ ပီရော့တီနဲ့ မိုဟာမက်ဆာလက်တို့ကလည်း အတွဲညီညီနဲ့ အသင်းအတွက် ရလဒ်ကောင်းတွေ ရယူပေးနိုင်ခဲ့တာကြောင့် တစ်နှစ် ယူရို ၄.၅ သန်း ပေးနေရတဲ့ တိုက်စစ်မှူး ဇက်ကိုကို အသင်းကနေ ရှင်းထုတ်ဖို့ရှိနေတယ်လို့တောင် သတင်းတွေထွက်ခဲ့ပါတယ်။

ဒီ့အပြင် ဂျာဗင်ညိုကလည်း ငွေသုံးကြမ်းတဲ့ တရုတ်စူပါလိဂ်ကို ပြောင်းရွှေ့သွားခဲ့တာကြောင့် ဇက်ကိုလည်း လိုက်ပါလေမလားဆိုပြီး ထင်ကြေးပေးပြောဆိုမှုတွေကတော့ ထွက်ခဲ့ပါသေးတယ်။ ဒါပေမယ့် ဇက်ကို ကိုယ်တိုင်ကအသင်းကနေ ထွက်ခွာဖို့ ဆန္ဒမရှိခဲ့သလို ရိုးမားအသင်းကလည်း ဇက်ကိုရဲ့ ခြေစွမ်းတွေကို နောက်တစ်ရာသီ ထပ်မံစောင့်ကြည့်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အခုတော့ ဇက်ကိုဟာ ရိုးမားအသင်းတွက်တော့ တိုက်စစ်သူရဲကောင်းတစ်ဦး ဖြစ်လိုနေပါပြီ။ သူဟာ အူဒီးနီးစ်အသင်းနဲ့ ပွဲကစတင်ပြီး အသင်းအတွက် တစ်ဂိုး စတင်သွင်းယူနိုင်ခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်း ဆမ်ဒိုးရီးယားအသင်းနဲ့ ပွဲမှာ တစ်ဂိုး၊ ခရိုတိုနီအသင်းနဲ့ပွဲမှာ နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ အထူးသဖြင့် အင်တာမီလန်အသင်းကို ၂-၁ နဲ့ နိုင်ခဲ့တဲ့ပွဲမှာ အသင်း အတွက် အနိုင်ဂိုး သွင်းယူပေးခဲ့တာတော့ သူ့ရဲ့ခြေစွမ်းကို လူတိုင်းက စတင်သတိထားမိလာခဲ့ကြပါတယ်။ ဒီ့အပြင် ပြီးခဲ့တဲ့ စနေနေ့က ကစားခဲ့တဲ့ နာပိုလီအသင်းနဲ့ပွဲမှာလည်း သူဟာ ရိုးမားအသင်းအတွက် ၂ ဂိုး သွင်းယူခဲ့ပါသေးတယ်။

ဒီ့အပြင် ကစားသမားရဲ့ကစားနိုင်မှု ရာခိုင်နှုန်းတွေကို ဖော်ပြလေ့ရှိတဲ့ WhoScored မှာတော့ ဇက်ကိုရဲ့ ဒီနှစ်ရာသီမှာ ကစားနိုင်မှုနှုန်းတွေဟာ ၈.၀၂ အထိ ရှိခဲ့ပါတယ်။ ဒီ့အပြင် ဇက်ကိုဟာ ဒီနှစ်ရာသီမှာဂိုးပေါက် ဝင်ရောက်ရန် ကြိုးပမ်းမှု အကြိမ် ၄၀ ရှိခဲ့ပါပြီ။ အဲ့ဒါတွေကတော့ ခေါင်းနဲ့ ကိုးကြိမ်၊ ညာခြေထောက်နဲ့ ၁၉ ကြိမ်၊ ဘယ်ခြေထောက် နဲ့ ၁၂ ကြိမ်ရှိခဲ့ပါတယ်။ လက်ရှိ စီးရီးအေမှာလည်း ခုနစ်ဂိုးအထိ သွင်းယူပေးထားပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ထိပ်ဆုံးမှာ ရပ်တည်နေသူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဇက်ကိုဟာ ခြေစွမ်းကောင်းတွေ တကယ်ပြန်လည်ရရှိလာခဲ့ပြီလားဆိုတာကလည်း လူတိုင်းကသိချင်နေတဲ့ အဖြေတစ်ခုဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် ဘောလုံးလောကမှာလည်း ဘယ်အရာမှ ပုံသေသတ်မှတ်လို့မရတာကြောင့် ဇက်ကိုအနေနဲ့ ရိုးမားမှာ ဘယ်လောက်အထိ ခြေစွမ်းပြသနိုင်ပြီး အသင်းအတွက် ဘယ်လောက် အကျိုးပြုနိုင်မလဲဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာပါ။

— အောင်က —

## နေမာနှင့် ဘာစီလိုနာအသင်းတို့ စာချုပ်သစ် ချုပ်ဆိုမည်




စပိန်ကလပ် ဘာစီလိုနာအသင်းနှင့် တိုက်စစ်မှူး နေမာတို့သည် အောက်တိုဘာ ၂၁ ရက်(ယနေ့)တွင် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက အသင်း၏ တွစ်တာစာမျက်နှာမှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။ ဘရာဇီးတိုက်စစ်မှူး နေမာနှင့် ဘာစီလိုနာအသင်းတို့သည် ၂၀၂၁ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရေးသားဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာနှင့် ဘာစီလိုနာအသင်းတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ တိုက်စစ်မှူး နေမာသည် ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် ရှစ်ပွဲ ပါဝင်ကစား ပြီးချိန်၌ ၅ ဂိုး သွင်းယူပေးထားသူဖြစ်သည်။ တိုက်စစ်မှူး နေမာသည် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းနှင့် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းတို့၏ စိတ်ဝင်စားမှု ခံနေရသူဖြစ်သည်။

“ဘာစီလိုနာအသင်းနဲ့ တိုက်စစ်မှူး နေမာတို့ဟာ အောက်တိုဘာ ၂၁ ရက်မှာ ၂၀၂၁ ခုနှစ်အထိ သက်တမ်းရှိတဲ့ စာချုပ်သစ်ချုပ်ဆိုမှာ ဖြစ်ပါတယ်။ လက်မှတ်ရေးထိုးမှုကို ဘာစီလိုနာအသင်းရဲ့ ရုံးခန်းမှာ ပြုလုပ်မှာဖြစ်ပြီး ဒေသစံတော်ချိန် ၃ နာရီမှာ လက်မှတ်ရေးထိုးသွားမှာပါ”ဟု ဘာစီလိုနာအသင်းက သတင်းထုတ်ပြန်ခဲ့သည်။

စာချုပ်သစ်တွင် နေမာအတွက် ပြောင်းရွှေ့ကြေးသတ်မှတ်မှုကို ထည့်သွင်းချုပ်ဆိုမည်ဖြစ်ပြီး ပထမနှစ်အတွက် ယူရိုသန်း ၂၀၀၊ ဒုတိယနှစ်အတွက် ယူရို ၂၂၂ သန်း၊ ကျန်သုံးနှစ်အတွက် ယူရို သန်း ၂၅၀ သတ်မှတ်သွားမည် ဖြစ်သည်။ စပိန်မှ သတင်းများအရ တိုက်စစ်မှူး နေမာသည် စာချုပ်သစ်ချုပ်ဆိုပြီးချိန်တွင် တစ်နှစ်လုပ်ခငွေအဖြစ် အသားတင် ယူရို ၁၆ သန်း ရရှိမည်ဖြစ်သည်ဟု ဆိုသည်။

ဘာစီလိုနာအသင်းသည် ဘတ်စကွက်၊ မာရှေယာနိုတို့နှင့် စာချုပ်သစ်များ ချုပ်ဆိုခဲ့ပြီး အသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်သူ လူးဝစ်ဇ်ဆွာရက်ဇ်နှင့်လည်း စာချုပ်သစ် ချုပ်ဆိုရန် စီစဉ်လျက်ရှိသည်။

**ထက်အောင်**

### Premier League
### ပရီမီယာလိဂ်ပွဲစဉ်(၉)

| | |
|---|---|
| **စနေနေ့ (၂၂-၁၀-၁၆)** | |
| ည ၆း၀၀ | ဘုန်းမောက် - စပါးစ် |
| ည ၈း၃၀ | အာဆင်နယ် - မစ်ဒယ်ဘရော့ |
| ည ၈း၃၀ | ဘန်လေ - အဲဗာတန် |
| ည ၈း၃၀ | ဟားလ်စီးတီး - စတုတ်စီးတီး |
| ည ၈း၃၀ | လက်စတာ - ခရစ္စတဲလ်ပဲလေ့စ် |
| ည ၈း၃၀ | ဆွမ်ဆီး - ဝက်ဖို့ဒ် |
| ည ၈း၃၀ | ဝက်စ်ဟမ်း - ဆန်းဒါးလန်း |
| ည ၁၁း၀၀ | လီဗာပူး - ဝက်စ်ဘရွန်း |
| **တနင်္ဂနွေနေ့ (၂၃-၁၀-၁၆)** | |
| ည ၇း၀၀ | မန်စီးတီး - ဆောက်သမ်တန် |
| ည ၉း၃၀ | ချဲလ်ဆီး - မန်ယူ |

### LIGA BBVA
### စပိန်လီဂါပွဲစဉ်(၉)

| | |
|---|---|
| **သောကြာနေ့ (၂၁-၁၀-၁၆)** | |
| နံနက် ၁း၁၅ (စနေနံနက်) | အိုဆာစူနာ - ဘတ်တစ် |
| **စနေနေ့ (၂၂-၁၀-၁၆)** | |
| ညနေ ၅း၃၀ | အက်စ်ပန်ညော - အီဘား |
| ည ၈း၄၅ | ဗလန်စီယာ - ဘာစီလိုနာ |
| ည ၁၁း၀၀ | ဆိုစီဒက် - အလာဗက်စ် |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ဂရန်နာဒါ - ဂီဂျွန် |
| **တနင်္ဂနွေနေ့ (၂၃-၁၀-၁၆)** | |
| ညနေ ၄း၃၀ | ဆယ်တာဗီဂို - ဒီပို့တီဗို |
| ည ၈း၄၅ | ဆီဗီးလ် - အက်သလက် |
| ည ၁၁း၀၀ | ဗီလာရီးရဲ - လက်ပဲလ်မက်စ် |
| ည ၁၁း၀၀ | မာလာဂါ - လီဂါနက်စ် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ရီးရဲ - ဘီလ်ဘို |

### BUNDESLIGA
### စီးရီးအေပွဲစဉ်(၉)

| | |
|---|---|
| **စနေနေ့ (၂၂-၁၀-၁၆)** | |
| ည ၁၀း၃၀ | ဆမ်ဒိုးရီးယား - ဂျီနိုအာ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | မီလန် - ဂျူဗင်တပ် |
| **တနင်္ဂနွေနေ့ (၂၃-၁၀-၁၆)** | |
| ညနေ ၅း၀၀ | အူဒီးနီးစ် - ပက်စ်ကာရာ |
| ည ၇း၃၀ | အတ္တလန္တာ - အင်တာမီလန် |
| ည ၇း၃၀ | ကယ်ဂလီယာရီ - ဖီယိုရင်တီနာ |
| ည ၇း၃၀ | ခရိုတိုနီ - နာပိုလီ |
| ည ၇း၃၀ | အမ်ပိုလီ - ခီယေဗို |
| ည ၇း၃၀ | တိုရီနို - လာဇီယို |
| ည ၁၀း၃၀ | ဘလောညာ - ဆာစူအိုလို |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ရိုးမား - ပါလာမို |

### SERIE A
### ဘွန်ဒက်စ်လီဂါပွဲစဉ်(၈)

| | |
|---|---|
| **သောကြာနေ့ (၂၁-၁၀-၁၆)** | |
| နံနက် ၁း၀၀ (စနေနံနက်) | ဟမ်းဘတ် - ဖရန့်ဖွတ် |
| **စနေနေ့ (၂၂-၁၀-၁၆)** | |
| ည ၈း၀၀ | လေဗာကူဆင် - ဟော့ဖန်ဟိန်း |
| ည ၈း၀၀ | ဟာသာဘာလင် - ကိုလုံး |
| ည ၈း၀၀ | အင်ဂိုစတက် - ဒေါ့မွန် |
| ည ၈း၀၀ | ဒရမ်စတတ် - ဝုဖ်ဘတ် |
| ည ၈း၀၀ | ဖရိုင်းဘတ် - အော့ဘတ် |
| ည ၁၁း၀၀ | ဘိုင်ယန် - ဂလာဘတ်ချ် |
| **တနင်္ဂနွေနေ့ (၂၃-၁၀-၁၆)** | |
| ည ၈း၀၀ | လိုက်ပဇစ် - ဝါဒါဘရီမင် |
| ည ၁၀း၀၀ | ရှော်လ်ကာ - မိန့်ဇ် |

# အခြားဥရောပလိဂ်ပြိုင်ပွဲများထက် ပရီမီယာလိဂ်သည် ပိုမိုပြင်းထန်သည့်ပြိုင်ပွဲဖြစ်သည်ဟု ပြောဆိုမှုများကို

## ဂွါဒီယိုလာ ငြင်းဆို



မန်စီးတီးအသင်း မန်နေဂျာ ဂွါဒီယိုလာက အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲသည် အခြားဥရောပ ထိပ်တန်းလိဂ်ပြိုင်ပွဲများထက် ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်သည့်ပြိုင်ပွဲဖြစ်သည်ဟု ပြောဆိုမှုများကို ငြင်းဆိုလိုက်သည်။

စပိန်လူမျိုးနည်းပြ ဂွါဒီယိုလာ (၄၅နှစ်)သည် စပိန်လီဂါကလပ် ဘာစီလိုနာ၊ ဂျာမနီဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့ကို တာဝန်ယူခဲ့ဖူးသူဖြစ်ပြီး အဆိုပါအသင်းများနှင့်အတူ အမှတ်ပေးချန်ပီယံဆုဖလား ခြောက်ကြိမ် အပါအဝင် ဆုဖလားပေါင်းများစွာ ရယူနိုင်ခဲ့သူဖြစ်သည်။

မန်နေဂျာ ဂွါဒီယိုလာက "ပရီမီယာလိဂ်ပြိုင်ပွဲဟာ ပြိုင်ဆိုင်မှု အလွန်ပြင်းထန်တဲ့ ပြိုင်ပွဲဖြစ်တယ်လို့ ပြောဆိုမှုတွေကို ကျွန်တော် ကြိမ်ဖန်များစွာ ကြားခဲ့ရပါတယ်။ အချို့တွေက စပိန်လီဂါနဲ့ ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွေမှာ ဘယ်လိုရှိတယ်ဆိုတာကို မသိကြဘူး။ အင်္ဂလန်ဘောလုံးလောကမှာ ရှိနေတဲ့ ပြဿနာတစ်ခုက ပွဲပေါင်းများစွာ ကစားရခြင်းဖြစ်နိုင်တယ်။ ဒါပေမယ့် ဂျာမနီဘွန်ဒက်စ်လီဂါမှာ ကစားနေပုံက အလွန်ကောင်းမွန်မှုရှိတယ်။ အခြားလိဂ်ပြိုင်ပွဲနဲ့ အဲဒီပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ကစားနေပုံတွေအပေါ် လေးစားမှုရှိဖို့ လိုတယ်လို့ ကျွန်တော် ထင်ပါတယ်။ လိဂ်ပြိုင်ပွဲတိုင်းမှာ ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေ ရှိနေပါတယ်။ ဒါက ကစားနေတဲ့ ကစားသမားတွေရဲ့ အရည်အချင်းပါပဲ။ စပိန်ကလပ်တွေဆိုရင် ပြီးခဲ့တဲ့ ၇ နှစ်၊ ၈ နှစ်လောက်အတွင်း ဥရောပပြိုင်ပွဲတွေမှာ ချန်ပီယံဆုတွေ ဆွတ်ခူးနိုင်တာ၊ ဗိုလ်လုပွဲအဆင့်ကို အကြိမ်ကြိမ် တက်ရောက်နိုင်တာမျိုးတွေ ရှိတယ်။ ဘာကြောင့်လဲဆိုတော့ စပိန်ကလပ်တွေရဲ့ ကစားပုံက ကောင်းမွန်တာကြောင့်ဖြစ်ပြီး ကစားသမားကောင်းတွေလည်း ရှိနေတာကြောင့်ပါ။ အင်္ဂလန်မှာ ပွဲပေါင်းများစွာ ကစားနေရတာမျိုးဖြစ်ပေမယ့် ပြိုင်ပွဲရဲ့ ပြင်းထန်မှုက အီတလီ စီးရီးအေ ပြိုင်ပွဲနဲ့ အတူတူပါပဲ"ဟု ပြောဆိုခဲ့သည်။

မန်နေဂျာ ဂွါဒီယိုလာသည် မန် စီးတီးအသင်းအား ယခုနှစ် ပရီမီယား လိဂ်ပြိုင်ပွဲ၌ ၈ ပွဲ ကစားပြီးချိန်တွင် ၆ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ် ရရှိစေရန် ဦးဆောင်ပေးထားနိုင်သူဖြစ်သည်။

**ထက်အောင်**

# ပရီမီယာလိဂ်ပွဲတစ်ပွဲတွင် ပယ်နယ်တီ နှစ်ကြိမ် ကာကွယ်နိုင်သည့် ခုနစ်ဦးမြောက် ဂိုးသမားအဖြစ် စတီကီလန်ဘာတ် မှတ်တမ်းဝင်

ပြီးခဲ့သည့် အောက်တိုဘာ ၁၅ ရက်တွင် မန်စီးတီးနှင့် အဲဗာတန်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ မန်စီးတီးအသင်းရရှိသည့် ပယ်နယ်တီကန်ခွင့် နှစ်ကြိမ်အား ကာကွယ်နိုင်ခဲ့သူ အဲဗာတန်အသင်း ဂိုးသမား စတီကီလန်ဘာတ်သည် ပရီမီယာလိဂ်ပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက် ပွဲတစ်ပွဲ၌ ပယ်နယ်တီနှစ်ကြိမ် ကာကွယ်နိုင်သည့် သတ္တမမြောက် ဂိုးသမားဖြစ်လာခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါပွဲတွင် ဟော်လန်အသင်း ဂိုးသမား စတီကီလန်ဘာတ်(၃၄နှစ်)သည် ပွဲချိန် ၄၃ မိနစ်၌ ဒီဘရိုင်း၊ ပွဲချိန် ၇၀ မိနစ်တွင် ဆာဂျီယိုအဂူရိုတို့ ကန်သွင်းသည့် ပယ်နယ်တီများကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဂိုးသမား စတီကီလန်ဘာတ်သည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းတွင် ဖူလ်ဟမ်အသင်းမှ အဲဗာတန်သို့ ပြောင်းရွှေ့ လာခဲ့သူဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင် အဲဗာတန်အတွက် စုစုပေါင်း ကိုးပွဲ ပါဝင်ကစားထားသူဖြစ်သည်။

သက်တမ်း ၂၄ နှစ်ရှိပြီဖြစ်သည့် ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ပွဲတစ်ပွဲတွင် ပယ်နယ်တီ နှစ်ကြိမ် ကာကွယ်နိုင်သော ဖြစ်စဉ် ရှစ်ကြိမ်ရှိခဲ့ပြီး ဘရာဇီးဂိုးသမား ဂိုမစ်သည် ပွဲတစ်ပွဲတွင် ပယ်နယ်တီ နှစ်ကြိမ်ကာကွယ်နိုင်မှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့် တစ်ဦးတည်းသော ဂိုးသမားဖြစ်သည်။ လက်ရှိအချိန်တွင် ဝက်ဖို့ဒ်အသင်းတွင် ပါဝင်ကစားနေသူ ဂိုးသမား ဂိုမစ်(၃၅နှစ်) သည် စပါးအသင်း၊ ဝက်ဖို့ဒ်အသင်းတို့တွင် ပါဝင်ကစားစဉ် အတွင်း ပရီးမီးယားလိဂ်ပွဲတစ်ပွဲ၌ ပယ်နယ်တီနှစ်ကြိမ် ကာကွယ်နိုင်မှု တစ်ကြိမ်စီ ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။



### ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ပွဲတစ်ပွဲ၌ ပယ်နယ်တီ နှစ်ကြိမ်ကာကွယ်နိုင်ခဲ့သည့် ဂိုးသမားများ

| အမည် | ကလပ် | ပြိုင်ဘက် | ကစားသည့်နေ့ |
|---|---|---|---|
| ဘော့စနစ် | အက်စ်တွန်ဗီလာ | စပါး | ၂-၃-၁၉၉၄ |
| ပါဗယ်ဆာနိုက် | ရှက်ဖီးလ်ဝင့်စဒေး | အက်စ်တွန်ဗီလာ | ၁၈-၁၂-၁၉၉၉ |
| ဗန်ဒါဆား | ဖူလ်ဟမ် | အက်စ်တွန်ဗီလာ | ၂-၂-၂၀၀၅ |
| ဖရီဒယ် | ဘလက်ဘန်း | ရှက်ဖီးလ်ယူနိုက်တက် | ၉-၉-၂၀၀၆ |
| ဂျက်စကယ်လိုင်နင် | ဘော်လ်တန် | ဘလက်ဘန်း | ၂၂-၁၀-၂၀၀၆ |
| ဂိုမစ် | စပါး | ဆန်းဒါးလန်း | ၃-၄-၂၀၁၀ |
| ဂိုမစ် | ဝက်ဖို့ဒ် | ဝက်စ်ဘရွန်း | ၁၆-၄-၂၀၁၆ |
| စတီကီလန်ဘာတ် | အဲဗာတန် | မန်စီးတီး | ၁၅-၁၀-၂၀၁၆ |

# လှပဖို့ခက်တဲ့မော်ရင်ညိုရဲ့အိမ်အပြန်လမ်း

## 2016-17 PREMIER LEAGUE WEEK 9

**ပရီမီယာလိဂ်ပွဲစဉ် (၈) မှာတော့ မန်စီးတီးတို့နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ် (၉) မှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒ့ါအပြင် ဒီပွဲစဉ် (၉) မှာ မော်ရင်ညိုဟာ အသင်းဟောင်း ချယ်လ်ဆီးနဲ့ ပြန်လည်ရင်ဆိုင်ရမယ့်ပွဲ ပါဝင်နေပါတယ်။ ဒါကြောင့်လည်း အဆိုပါပွဲစဉ်မှာ မော်ရင်ညိုအနေနဲ့ မန်ယူကို အနိုင်ရအောင် ဦးဆောင်ပေးနိုင်မလားဆိုတာ စောင့်ကြည့်သွားရမှာဖြစ်သလို ပွဲစဉ် (၈) မှာနိုင်ပွဲမရခဲ့တဲ့ စပါးအနေနဲ့လည်း နိုင်ပွဲပြန်လည်ရယူနိုင်ပါ့မလားဆိုတာကိုပါ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။**

### လက်စတာ v ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | လက်စတာ | ၁ | ၀ | ပဲလေ့စ် |

လက်စတာက ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း လက်စတာအနေနဲ့ ချယ်လ်ဆီးကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်လာမှာ သေချာနေပါတယ်။ ပဲလေ့စ်ခြေကလည်း ကောင်းမွန်နေတယ်ဆိုပေမယ့် လက်စတာက အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ပဲလေ့စ်တို့ ဒီပွဲမှာ အသာရယူနိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ လက်စတာနိုင်ပွဲကပ်ရနိုင်တယ်။

### လီဗာပူး v ဝက်စ်ဘရွန်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | လီဗာပူး | ၂ | ၂ | ဝက်စ်ဘရွန်း |

လီဗာပူးခြေက ကောင်းမွန်မှုအပြည့်ရှိပါတယ်။ အိမ်ကွင်းဖြစ်တဲ့အပြင် တိုက်စစ်ပိုင်းကလည်း ထိုးဖောက်ကစားပုံကောင်းမွန်မှုရှိတာကြောင့် ဝက်စ်ဘရွန်းကိုဖိအားပေးသွားနိုင်ဖို့ ရှိနေပါတယ်။ ဝက်စ်ဘရွန်းကတော့ နောက်ဆုံးပွဲစဉ်မှာ စပါးကိုသရေခံကစားနိုင်ခဲ့တယ်ဆိုပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ လီဗာပူးကသာ ခြေစွမ်းပိုင်းအသာစီးနဲ့ ကစားနိုင်မှာဖြစ်သလို နိုင်ပွဲလည်းရယူသွားနိုင်မှာပါ။

### ဘုန်းမောက် v စပါး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဘုန်းမောက် | ၁ | ၅ | စပါးစ် |

ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် စပါးတို့ ပွဲပန်းနိုင်ပေမယ့်လည်း ဝက်စ်ဘရွန်းနဲ့ သရေကျခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ဘုန်းမောက်ခြေက ကောင်းမွန်မှုရှိနေကာ ဟားလ်ကိုဂိုးပြတ်အနိုင်ရခဲ့သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း ဘုန်းမောက်ရဲ့ခံကစားအားကြောင့် စပါးတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ စပါးကပ်ပြီးသာနိုင်မယ်။

### ဘန်လေ v အဲဗာတန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဘန်လေက အိမ်ကွင်းကစားပုံ ကောင်းမွန်တတ်သလို ဒီပွဲစဉ်မှာလည်း အိမ်ကွင်းမှာရလဒ် ကောင်းမွန်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် မန်စီးတီးကို သရေကစားနိုင်ခဲ့တဲ့ အဲဗာတန်ခြေကလည်း ကောင်းမွန်မှုရှိပါတယ်။ ဒ့ါအပြင် နောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်မရခဲ့တာကြောင့်လည်း အဲဗာတန်တို့နိုင်ပွဲပြန်လည် ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဘန်လေကို ထိန်းချုပ်နိုင်ဖို့ရှိနေကာ နိုင်ပွဲလည်း ရသွားနိုင်ပါတယ်။

### ဆွမ်ဆီး v ဝက်ဖို့ဒ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဆွမ်ဆီး | ၁ | ၀ | ဝက်ဖို့ဒ် |

အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် ဆွမ်ဆီးတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အဆိုပါပွဲမှာ ဆွမ်ဆီးဟာ ရှုံးပွဲကြုံတွေ့ခဲ့ပေမယ့်ခြေစွမ်းပိုင်းကတော့ ကောင်းမွန်မှုရှိခဲ့ပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်တဲ့အပြင် ၄ ပွဲဆက်တိုက်ရှုံးပွဲကြုံတွေ့ခဲ့ တာကြောင့်လည်း ရလဒ်ကောင်းမွန်ဖို့ပိုမိုပြီး အားစိုက်လာမှာ သေချာနေပါတယ်။ ဝက်ဖို့ဒ်ကတော့ ခြေစွမ်းပိုင်းမဆိုးပေမယ့် အိမ်ကွင်းမှာ ဆွမ်ဆီးပဲကပ်နိုင်ခြေရှိတယ်။

### မန်စီးတီး v ဆောက်သမ်တန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မန်စီးတီး | ၃ | ၁ | ဆောက်သမ်တန် |

မန်စီးတီးဟာ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း မန်စီးတီးအနေနဲ့ ပရီမီယာလိဂ်မှာ နှစ်ပွဲဆက်တိုက် အနိုင်မရခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်တဲ့အပြင် အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဆောက်သမ်တန်ကတော့ ခြေစွမ်းပိုင်းမဆိုးပေမယ့် ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်သလို အဝေးကွင်းမှာ ခြေစွမ်းပိုင်းကျဆင်းတတ်ပါတယ်။ မန်စီးတီး နိုင်ပွဲပြန်ရမှာပါ။

### အာဆင်နယ် v မစ်ဒယ်ဘရော့

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

အာဆင်နယ်က ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လက်ရှိအချိန်မှာ အာဆင်နယ်ခြေကကောင်းမွန်မှုရှိနေကာ တိုက်စစ်ပိုင်း ကစွမ်းဆောင်ရည် ကောင်းမွန်နေပါတယ်။ မစ်ဒယ်ဘရော့ကတော့ အမှတ်ခွဲယူနိုင်ဖို့ ခံစစ်အားပြုကစားလာမှာ ဖြစ်သလို တန်ပြန်တိုက်စစ်နဲ့လည်း တုံ့ပြန်ကစားလာမှာဖြစ်ပေမယ့် အာဆင်နယ်ရဲ့အိမ်ကွင်းအားကို ထိန်းနိုင်ဖို့ ခက်ပါတယ်။ အာဆင်နယ်ကသာ အိမ်ကွင်းမှာနိုင်ပွဲရမယ်။

### ဟားလ် v စတုတ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဟားလ်ခြေက ကျဆင်းနေတယ်။ အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်ပေမယ့် ခံစစ်ပိုင်းကစားပုံက အားနည်းလွန်းနေပါတယ်။ ဘုန်းမောက်ကိုတောင် ၆-၁ ဂိုးနဲ့ အရေးနိမ့်ခဲ့ရပါတယ်။ ဟားလ်အနေနဲ့ဒီပွဲက အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပေမယ့်လည်း အဆိုပါခံစစ်ပိုင်းအားနည်းမှုကြောင့် စတုတ်ကိုအသာရယူနိုင်ဖို့ခက်ခဲနိုင်ပါတယ်။ လက်ရှိခြေမှန်ပြန်ရလာတဲ့ စတုတ်ပဲ အနိုင်ရသွားနိုင်ပါတယ်။

### ဝက်စ်ဟမ်း v ဆန်းဒါးလန်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်စ်ဟမ်း | ၁ | ၀ | ဆန်းဒါးလန်း |

ခြေစွမ်းပိုင်းအားနည်းမှုတွေများနေတဲ့ နှစ်သင်းဆုံတွေ့ပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံးရလဒ် ကောင်းမွန်ဖို့အတွက် အားစိုက်လာမှာသေချာနေပါတယ်။ ဝက်စ်ဟမ်းဟာ နောက်ဆုံးပွဲစဉ်မှာ ပဲလေ့စ်ကိုအနိုင်ရခဲ့သလို ခြေစွမ်းပိုင်းလည်း တိုးတက်မှုရှိလာခဲ့တာကို တွေ့ရပါတယ်။ ဒီပွဲကလည်းအိမ်ကွင်းဖြစ်နေတာကြောင့်ဝက်စ်ဟမ်းတို့ နိုင်ပွဲရယူနိုင်ဖို့ ပိုမိုအားစိုက်လာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဝက်စ်ဟမ်းကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ချယ်လ်ဆီး v မန်ယူ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ချယ်လ်ဆီး | ၁ | ၁ | မန်ယူ |

ချဲလ်ဆီးဟာ လက်စတာကိုအနိုင်ရယူ နိုင်ခဲ့တဲ့ပွဲမှာ ကစားပုံကောင်းမွန်ခဲ့တာကိုတွေ့ ရပါတယ်။ ၃-၄-၃ ပုံစံနဲ့လည်း အသင်းက အံဝင်မှုရှိလာတာကို တွေ့ရသလို အိမ်ကွင်းဖြစ်နေတာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း မော်ရင်ညိုကလည်း အသင်းဟောင်းနဲ့ ပြန်လည်ရင်ဆိုင်ရမယ့်ပွဲမှာ ရလဒ်ကောင်းဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ မန်ယူရဲ့ တုံ့ပြန်မှုကြောင့် ချယ်လ်ဆီးသရေလောက်ပဲရမယ်။

# မီးရှူး၊ မီးပန်းနှင့်ပြောက်အိုးများကို မြေမြှုပ်ဖျက်ဆီး

**မြဝတီ အောက်တိုဘာ ၂၀**
မြဝတီခရိုင် မြဝတီမြို့၌ သီတင်းကျွတ်ကာလအတွင်း သိမ်းဆည်းမိခဲ့သော မီးရှူး၊ မီးပန်းနှင့်ပြောက်အိုးများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၌ အောက်တိုဘာ ၁၇ ရက်က မြေ မြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း မီးရှူး၊ မီးပန်း၊ ပြောက်အိုးများ ရောင်းချသူများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရှာဖွေစစ်ဆေးသိမ်းဆည်းကာ သိမ်းဆည်းမိသောပစ္စည်းများကို မြေမြှုပ်ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ရောင်းချသူများကိုလည်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းသို့ ခေါ်ယူ၍ နောက်နောင်တွင် အဆိုပါပစ္စည်းများ မရောင်းချရန် ခံဝန်လက်မှတ်ထိုးခိုင်းစေခဲ့ကြောင်းနှင့် ဆက်လက်ရောင်းချပါက ရောင်းချသူအား တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်ရွှေစင်၏ ပြောကြားချက်အရ သိရသည်။



မြဝတီမြို့၌ သီတင်းကျွတ်ကာလအတွင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခြင်း မရှိစေရန်၊ မြို့၏လုံခြုံရေးကို ထိပါးစေနိုင်သောအခြေအနေများ မဖြစ်ပွားစေရန်နှင့် အများပြည်သူ အထိတ်တလန့်မဖြစ်စေရန်အတွက် မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အများပြည်သူများ သိရှိလိုက်နာစေရန် ဥပဒေတစ်ရပ်ကို ထုတ်ပြန်ထားခဲ့ပြီးဖြစ်ကာ အဆိုပါဥပဒေအရ စက်တင်ဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ (တော်သလင်းလ၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများ) အတွင်း ပြောက်အိုး၊ မီးရှူး၊ မီးပန်း အစရှိသည်များကို ရောင်းချခြင်းမပြုရန် ဖော်ပြပါရှိကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ပညာရေးဆိုင်ရာများ အခမဲ့ဆွေးနွေးမေးမြန်းနိုင်မည့် Education free talk ပြုလုပ်မည်

**မန္တလေး အောက်တိုဘာ ၂၀**
မန္တလေးမြို့ရှိ Mandalay 72 Professional Computer Training, Language & Business Center ၏ ကိုးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် Education free talk Program အစီအစဉ်ကို အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီမှစ၍ အဆိုပါသင်တန်း၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Education free talk အစီအစဉ်တွင် မိမိတက်ရောက်လိုသော ဘာသာရပ်တစ်ခုခုအပေါ်တွင် professional တစ်ယောက်ဖြစ်သည်အထိ လေ့လာ သင်ယူနိုင်အောင် အပြန်အလှန်ဆွေးနွေးမည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်းသိရသည်။ ထို့အပြင် သင်တန်း ကိုးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ တရုတ်စကားပြောသင်တန်း၊ Management သင်တန်း၊ ထိုင်းစကားပြောသင်တန်းနှင့် စာရင်းကိုင်သင်တန်းများအတွက် သင်တန်းကြေးကို အစောဆုံးအပ်နှံသူ ၁၀ ဦးအား ၇၀ ရာခိုင်နှုန်းနှင့် ကျန်သူများကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်ကာ ကိုရီးယားဘာသာစကားသင်တန်းအတွက်လည်း သင်တန်းကြေး ၂၀ ရာခိုင်နှုန်းလျှော့ချပေးမည်ဖြစ်ကြောင်း သိရသည်။
**ကျော်ထူး(မန္တလေး)**

# ယာဉ်မောင်းသူများ အရက်သောက်ထားခြင်းရှိ မရှိ စစ်ဆေး

**ကသာ အောက်တိုဘာ ၂၀**
ကသာမြို့ပေါ်တွင် ယာဉ်မောင်းနှင်သူများအနေဖြင့် အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းမရှိစေရန်အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၁၀၆)တို့ ပူးပေါင်း၍ စစ်ဆေးလျက်ရှိကာ ယာဉ်များတွင် လုပ်ငန်းလိုင်စင်ပါရှိခြင်းရှိ မရှိကိုပါ တစ်ပါတည်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကသာခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးဌာနမှ ကြီးကြပ်ရေးမှူး ဦးဇော်မင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးရန်နိုင်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ခရီးသွားများ အောက်တိုဘာ ၁၈ ရက် ညနေပိုင်းက ကသာမြို့မှ ထွက်ခွာမည့် ယာဉ်များကို လိုင်စင်စစ်ဆေးခြင်းနှင့် ယာဉ်မောင်းသူများအား အရက်သေစာသောက်ထားခြင်း ရှိ မရှိ Alcohol tester ဖြင့် စမ်းသပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။
**ငွေအိုး (ကသာ)**



# မောင်တောအကြမ်းဖက်မှုနှင့်ပတ်သက်၍ ပုဏ္ဏားကျွန်း၌လူထုဆန္ဒဖော်ထုတ်



**ပုဏ္ဏားကျွန်း အောက်တိုဘာ ၂၀**
ရခိုင်ပြည်နယ် မောင်တောဒေသ၌ အောက်တိုဘာ ၉ ရက်ကဖြစ်ပျက်ခဲ့သည့် အကြမ်းဖက်မှုနှင့်ပတ်သက်၍ လူထုဆန္ဒဖော်ထုတ်ပွဲကို ပုဏ္ဏားကျွန်းမြို့၌ အောက်တိုဘာ ၁၈ ရက်က ပြုလုပ်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိကျေးရွာများမှ ဒေသခံပြည်သူ ၃၀၀၀ ကျော်က မြို့တစ်ပတ်ငြိမ်းချမ်းစွာ စုဝေးစီတန်း လှည့်လည်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒဖော်ထုတ်ရာတွင် မောင်တောမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် ပတ်သက်၍ အကြမ်းဖက်သမားများ၏လုပ်ရပ်ကို ပြင်းထန်စွာ ရှုတ်ချကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသော တပ်မတော်အား အပြည့်အဝထောက်ခံကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ အကြမ်းဖက်သမားများကို အမြန်ဆုံးချေမှုန်းရေး၊ ဒေသခံ တိုင်းရင်းသားကျေးရွာများ လုံခြုံရေးနှင့် တိုင်းရင်းသား ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်ခွင့်ရရှိရေး စသည့် ကြွေးကြော်သံများ ကြွေးကြော်၍ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်သူများအား စေတနာရှင်ပြည်သူများက သောက်ရေသန့်များနှင့် စားသောက်ဖွယ်ရာများ ပေးလှူခဲ့ကြသည်။
**ညသူ**

# ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**မြစ်သား အောက်တိုဘာ ၂၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ကျင်းပခဲ့သော A1 မိသားစုဖလား အသက် ၂၃ နှစ်အောက် ရပ်ကွက်ကျေးရွာပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ အောက်တိုဘာ ၁၉ ရက်က ကျင်းပခဲ့သည်။ ဗိုလ်လုပွဲတွင် ဘုတာအသင်းနှင့် တောင်တွင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး တောင်တွင်းအသင်းက ပင်နယ်တီဖြင့် အနိုင်ရရှိကာ ပထမဆုရအသင်းအား A1 မိသားစုဖလားနှင့် ဆုငွေကျပ် ၁၃ သိန်း၊ ဒုတိယဆုရ ဘုတာအသင်းအား ဆုငွေကျပ် ရှစ်သိန်း၊ တတိယဆုရရှိသော ကူမဲအသင်းအား ဆုငွေကျပ် ငါးသိန်းနှင့် နှစ်သိမ့်ဆုများ၊ နေရာအလိုက် အကောင်းဆုံးဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆုပေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

# မိတ္ထီလာဘိုးဘွားရိပ်သာ၌ ရေကောင်းရေသန့်သုံးစွဲနိုင်ရေးအတွက် အလှူရှင်များစုပေါင်း၍ ရေစစ်ကန်နှင့် စတီးခုတင်များ လှူဒါန်း

**မိတ္ထီလာ အောက်တိုဘာ ၂၀**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ ဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများ ကောင်းမွန်သပ်ရပ်စွာ နေထိုင်နိုင်ရေးအတွက် တစ်လုံးလျှင် တန်ဖိုးကျပ်ငါးသောင်းရှိ စတီးခုတင် အလုံး ၅၀ နှင့် ဘိုးဘွားများ ရေကောင်းရေသန့်သုံးစွဲနိုင်ရေးအတွက် တန်ဖိုးကျပ်သိန်း ၇၀ ကျော်ရှိသည့် ရေစစ်ကန်တစ်ခုကို အလှူရှင်များစုပေါင်း၍ လှူဒါန်းခဲ့ပြီး အောက်တိုဘာ ၁၉ ရက်က ဘိုးဘွားရိပ်သာဓမ္မာရုံ၌ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာဘိုးဘွားရိပ်သာကို ၁၉၈၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ၃၆ နှစ်ရှိပြီဖြစ်ကြောင်း၊ ဘိုးဘွားရိပ်သာကြီး ထာဝရဖွံ့ဖြိုးစည်ပင်တိုးတက်နေစေရန်အတွက် မိတ္ထီလာဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့သည် နယ်မြေခံ တပ်မဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာအသီးသီးနှင့် မြို့ပေါ်ရှိ အနယ်နယ်အရပ်ရပ်မှ စေတနာရှင် လုပ်သားပြည်သူများ၏ ဝိုင်းဝန်းကူညီထောက်ပံ့မှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုသိုလ်ရှင်များလှူဒါန်းကြသည့် အဆောက်အအုံ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်များ၊ ဆေးဝါးများကို ဘိုးဘွားများ အပြည့်အဝခံစားနိုင်ရန် မိတ္ထီလာဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ အဆက်ဆက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘိုးဘွားရိပ်သာကို စတင်တည်ထောင်စဉ်က ဘိုးဘွားရိပ်သာပင်မဆောင်၊ အဘိုးဆောင် တစ်ဆောင်၊ အဘွားဆောင်တစ်ဆောင်၊ စားသောက်ဆောင်တစ်ဆောင်၊ စတိုဆောင်တစ်ဆောင်၊ ရုံးခန်းဆောင်တစ်ဆောင်တို့သာရှိခဲ့ရာမှ ယခုအခါ စေတီတစ်ဆူ၊ ဓမ္မာရုံတစ်ဆောင်၊ ခန်းမတစ်ဆောင်၊ ရုံးခန်း၊ ဘိုးဘွားများဧည့်ဆောင် တစ်ဆောင်၊ အဘိုးဆောင်နှစ်ဆောင်၊ အဘွားဆောင်နှစ်ဆောင်၊ စားသောက်ဆောင်တစ်ဆောင်၊ ထမင်းချက်ဆောင်နှင့် စားဖိုဆောင်တစ်ဆောင်၊ ဆေးရုံဆောင်တစ်ဆောင်၊ အခန်းပေါင်း ၁၅ ခန်းပါ ဓမ္မာရုံစောင်းတန်းတစ်ခု၊ ဂေဟာမှူးဆောင်တစ်ဆောင်၊ အုတ်တံတိုင်း၊ ရေစက်ရုံ တစ်ခု၊ ဂိလာနဆောင်နှစ်ဆောင်၊ ဆွမ်းချက်ဆောင်တစ်ဆောင်၊ ရေလောင်းအိမ်သာ နှစ်ခန်းတွဲတစ်လုံး၊ ရွှေရတုဆောင်တစ်ဆောင်၊ ကားဂိုဒေါင် တစ်လုံးတို့ကို တိုးချဲ့ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့အနေဖြင့် သားသမီးဆွေမျိုး ပြုစုစောင့်ရှောက်သူမရှိဘဲ ခိုကိုးရာမဲ့ဖြစ်နေကြသော သက်ကြီးရွယ်အိုဘိုးဘွားများအား လက်ကမ်းကြိုဆိုပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဒါန၊ သီလ၊ ဘာဝနာ ပွားများအားထုတ်နိုင်စေရန် အတွက် အဆောက်အအုံ၊ အဝတ်အထည်၊ ဆေးဝါးနှင့် စားသောက်ရိက္ခာများအပြည့်အစုံ ကူညီလှူဒါန်း၍ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ပေးလျက်ရှိကာ လက်ရှိအချိန်တွင် အဘိုး ၁၀ ဦး၊ အဘွား ၂၂ ဦး စုစုပေါင်း ၃၂ ဦးအား ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။
**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ကမ္ဘာ့နာမည်ကြီးဟိုတယ်များ ဝင်ရောက်လာမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာ့နာမည်ကြီးဟိုတယ်များ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် လာရောက်လုပ်ကိုင်ရန်များပြားနေပြီး မကြာမီနှစ်များအတွင်း နိုင်ငံခြားဟိုတယ်များ ကို တွေ့မြင်ရလိမ့်မည်ဖြစ်ကြောင်း ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုဆိုရင် အမေရိကန်အရေးယူပိတ်ဆို့မှုကလည်း ရုပ်သိမ်းလိုက်ပြီဖြစ်တဲ့အတွက် ကမ္ဘာ့နာမည်ကြီး ဟိုတယ်တွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်လာနိုင်ပါတယ်။ မြန်မာ့ခရီးသွားလုပ်ငန်းဟာ တိုးတက်ဖို့အများကြီးရှိနေပါတယ်။ လွန်ခဲ့တဲ့ငါးနှစ်အတွင်းမှာလည်း ၅၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။ မြန်မာဟိုတယ်လုပ်ငန်းရှင်တွေ အများကြီး ဝင်ရောက်လုပ်ကိုင်လာတာလည်း တွေ့ရပါတယ်"ဟု မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာနေဇော်အောင်က ပြောသည်။

လာမည့်အောက်တိုဘာ ၂၂ ရက်တွင် တော်ဝင်ဂါးဒင်းဟိုတယ်၌ မြန်မာနိုင်ငံရှိ ဟိုတယ်များအဆင့်မြှင့်တင်ရန်လိုအပ်နေမှုနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ယင်းဟိုတယ်၌ပင် ပြုလုပ်သွားရန် စာနယ်ဇင်းရှင်းလင်းပွဲတွင် ဒေါက်တာနေဇော်အောင်က အထက်ပါအတိုင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ ဟိုတယ်များအနေဖြင့် နိုင်ငံတကာဟိုတယ်များနှင့် ယှဉ်ပြိုင်နိုင်စွမ်း၊ ကျွမ်းကျင်မှု၊ အသိပညာဗဟုသုတများ၊ အတွေ့အကြုံများမြှင့်တင်သွားရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ကြယ်သုံးပွင့်အဆင့်ရှိသည့် ဟိုတယ်များအနေဖြင့် ကျွမ်းကျင်မှုနည်းပညာများ မြှင့်တင်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၌ ဟိုတယ်ကဏ္ဍတွင်ပြည်ပရင်းနှီးမြှုပ်နှံမှု မြင့်တက်လာတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတကာဟိုတယ်ကြီးများ လာရောက်ရင်းနှီးမြှုပ်နှံရန် တာစူနေကြောင်း၊ မြန်မာနိုင်ငံပြည်တွင်းဟိုတယ်လုပ်ငန်းရှင်များ အနေဖြင့် ပြည်ပ ဟိုတယ်ကြီးများနှင့် အပြိုင်ယှဉ်ပြိုင်မှုကို ရင်ဆိုင်ရဖွယ်ရှိကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၄ ဒသမ ၆ သန်းဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်နှင့်နှိုင်းစာ လျှင် ၅၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ယခုနှစ်တွင် ၅ ဒသမ ၅ သန်းလာရောက်လည်ပတ်ရန် ခန့်မှန်းထားကြောင်း သိရသည်။ ထို့အတောအတွင်း အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ယမန်နှစ်က ကမ္ဘာ့လှည့်ခရီးသွားဧည့်သည် သန်း ၃၀ နီးပါး ဝင်ရောက်ခဲ့ကြောင်း၊ ယခုနှစ်တွင် ၃၂ သန်းအထိ ဝင်ရောက်ရန်ခန့်မှန်းထားကြောင်း သိရသည်။

အိမ်နီးချင်းထိုင်းနိုင်ငံမှ ခရီးသွားဝင်ရောက်မှုအနေအထားအပေါ် မူတည်ပြီး နှစ်နိုင်ငံခရီးစဉ်တစ်ခု အာဆီယံဒေသတွင်း ဖော်ဆောင်တော့မည်ဖြစ်၍ မြန်မာ နိုင်ငံသို့ ခရီးသွားအများအပြားလာ ရောက်ရန်ရှိနေကြောင်း၊ ဟိုတယ်များ၏ ဝန်ဆောင်မှုသည် အလွန်ပင်အရေးကြီးကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံမှ ခရွန်ထိုင်းဘဏ်နှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် အောင်မြင်နေသည့် ဟိုတယ်တစ်ခုဖြစ်လာအောင် မည်သို့မည်ပုံဆောင်ရွက်ရမည်ဆိုသည့် အတွေ့အကြုံများ ဟိုတယ်လုပ်ငန်းရှင်များအား မျှဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**



# ပြင်သစ်နိုင်ငံသူတစ်ဦး ကျပျောက်ခဲ့သည့်ပိုက်ဆံအိတ် ညောင်ဦးဒေသခံတစ်ဦးက ပြန်လည်ပေးအပ်

**ညောင်ဦး အောက်တိုဘာ ၂၀**

ပုဂံဒေသသို့ လာရောက်လည်ပတ်သော ပြင်သစ်နိုင်ငံသူတစ်ဦး ကျပျောက်ခဲ့သည့် ပိုက်ဆံအိတ်တစ်အိတ်ကို သဲပန်းချီကားရောင်းချသူ ဒေသခံတစ်ဦးက ကောက်ယူတွေ့ရှိခဲ့ပြီး ပိုင်ရှင်ဖြစ်သူထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပုဂံ စူဠာမဏိဘုရား၌ သဲပန်းချီကားရောင်းချသူ ဦးထွန်းပေါသည် စူဠာမဏိဘုရားမုခ်ဝရှိ ထိုင်ခုံပေါ်၌ နိုင်ငံခြားသူတစ်ဦး၏ ပိုက်ဆံအိတ်တစ်လုံးကို အောက်တိုဘာ ၁၆ ရက်ညပိုင်းက တွေ့ရှိခဲ့၍ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ အမှတ်(၆)တပ်ဖွဲ့စု ပုဂံမှ ရဲအုပ်မျိုးညွန့်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ပိုက်ဆံအိတ်အတွင်းမှပစ္စည်းများကို စစ်ဆေးခဲ့ရာ မြန်မာငွေကျပ် ၁၆၅၀၀၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ATM ငွေထုတ်ကတ်တစ်ကတ်နှင့် ဓာတ်ပုံရှစ်ပုံတို့ကို တွေ့ရှိရသဖြင့် ရဲတပ်ဖွဲ့ဝင်များက ပိုက်ဆံအိတ်အတွင်းမှ ယာဉ် မောင်းလိုင်စင်ပါအမည်ကို ဟိုတယ်ဧည့်စာရင်းများမှအမည်များနှင့် တိုက်ဆိုင်ရှာဖွေစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်အရ အိတ်ပိုင်ရှင်မှာ ပုဂံမြို့သစ်ရှိ စင်ထရယ်ပုဂံဟိုတယ်၌ တည်းခိုနေထိုင်လျက်ရှိသည့် ပြင်သစ်နိုင်ငံသူ Mrs.Camilee Jarlaud ဆိုသူဖြစ်ကြောင်း သိရှိရ၍ ဟိုတယ်သို့ ဆက်သွယ်အကြောင်းကြားပေးခဲ့ရာမှ ပိုက်ဆံအိတ်ကို ပိုင်ရှင်ထံ ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# တန်ဆောင်တိုင်ကာတွန်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၀**

ကာတွန်းဆရာကြီး အလင်္ကာကျော်စွာဦးဘဂျမ်း နေထိုင်ခဲ့သော ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၃ လမ်း(အောက်)၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်တိုင်ကာတွန်းပြပွဲ၊ ပြိုင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

"ဒီတန်ဆောင်တိုင်ကာတွန်းပြိုင်ပွဲကြီးကို ကျွန်တော်တို့ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေအနေနဲ့ တန်ဆောင်တိုင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတိုင်း ကာတွန်းဆရာကြီး အလင်္ကာကျော်စွာဦးဘဂျမ်းကို ဂုဏ်ပြုတဲ့အနေနဲ့ နှစ်စဉ်ထည့်သွင်းကျင်းပခဲ့ပါတယ်။ ဒီနှစ်ပြိုင်ပွဲမှာတော့ ထူးထူးခြားခြားလေးဖြစ်စေချင်လို့ နိုင်ငံတစ်နိုင်ငံရဲ့အရေးအကြီးဆုံးဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးခေါင်းစဉ်နဲ့ ပြိုင်ပွဲကျင်းပပေးမှာဖြစ်ပါတယ်။ ဆုများကိုလည်း အရင်နှစ်တွေလိုပဲ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးမှာဖြစ်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီ အထွေထွေအတွင်းရေးမှူး ဦးထွန်းမြင့်က ပြောသည်။

ယခုကျင်းပမည့် (၇၃)ကြိမ်မြောက် တန်ဆောင်တိုင်ကာတွန်းပြပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့် ကာတွန်းဆရာများအနေဖြင့် မင်နှင့် ရောင်စုံရေးဆွဲထားသည့် ၁၀ လက်မ × ၁၄ လက်မအရွယ် ကာတွန်းပုံ သုံးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်ပုံများကို ကိုယ်တိုင်ရေးဆွဲထားကြောင်း၊ မည်သည့်နေရာတွင်မှ ပုံနှိပ်ဖော်ပြထားခြင်းမရှိကြောင်း ဝန်ခံကတိပြု၍ ကာတွန်းပုံ၏နောက်ကျောတွင် ပြိုင်ပွဲဝင်သူ၏ လိပ်စာ၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ် အပြည့်အစုံတို့ကို ဖြည့်စွက်ကာ ဦးသန်းဝင်း၊ အမှတ်(၂၂)၊ ပထမထပ်၊ (၁၃)လမ်းသို့ နိုဝင်ဘာ ၆ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းနှင့် တတိယဆု ကျပ်တစ်သိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**မင်းခေတ်**

# တရုတ်နိုင်ငံတွင် ဖမ်းဆီးခံထားရသော မြန်မာအလုပ်သမား ၁၃၁ ဦးကို မြန်မာနိုင်ငံဘက်သို့ စနစ်တကျစိစစ်၍ ပြန်လည်လွှဲပြောင်းပေး

**မူဆယ် အောက်တိုဘာ ၂၀**



တရုတ်နိုင်ငံအတွင်း ဥပဒေသတ်မှတ်ချက်များနှင့် မကိုက်ညီသဖြင့် ဖမ်းဆီးချုပ်နှောင်ခံထားရသော မြန်မာ ရွှေ့ပြောင်းအလုပ်သမား ၁၃၁ ဦးအား ရှမ်းပြည်နယ် မူဆယ်နယ်စပ်၌ တရုတ်နိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့သဖြင့် အောက်တိုဘာ ၁၈ ရက်က မြန်မာနိုင်ငံဘက်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသားများကို တရုတ်နိုင်ငံမှ ဥပဒေအရသတ်မှတ်ထားသော စာရွက်စာတမ်းအထောက်အထားများ ခိုင်လုံစွာပြသနိုင်ခြင်းမရှိသည့်အတွက် ရွှေလီအကျဉ်းထောင်တွင် ဖမ်းဆီးချုပ်နှောင်ထားကာ စနစ်တကျ စိစစ်ပြီး မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြန်လည်လွှဲပြောင်းရာတွင်လည်း တရုတ်နိုင်ငံမှ သက်ဆိုင်ရာတာဝန်ရှိသူများက မြန်မာဘက်မှ တာဝန်ရှိသူများနှင့်ချိတ်ဆက်ပြီး စည်းစနစ်ကျကျ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

လွှဲပြောင်းပေးခဲ့သူများမှာ အမျိုးသား ၈၈ ဦး၊ အမျိုးသမီး ၄၃ဦး စုစုပေါင်း ၁၃၁ ဦးဖြစ်ကာ တရုတ်နိုင်ငံမှ တာဝန်ရှိသူက မြန်မာနိုင်ငံ လဝကဌာနခွဲ(၇)မူဆယ်ရုံးအဖွဲ့မှ ဦးစီးမှူး ဦးဇော်လင်းထံသို့ လွှဲပြောင်းပေးခဲ့ပြီး မူဆယ်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲမှူး စိုင်းဘိုဘိုဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က စိစစ်လက်ခံခဲ့သည်။

လွှဲပြောင်းပေးပြီးနောက်တွင် ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းအလုပ်သမားများအား နောက်နောင်တွင် တရုတ်နိုင်ငံသို့ ထပ်မံသွားရောက်၍ အလုပ်လုပ်ကိုင်လိုပါက တရုတ်နိုင်ငံ၏ ဥပဒေအရသတ်မှတ်ထားသော မူးယစ်ဆေးဝါးသုံးစွဲခြင်းမပြုရန်၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်၊ နေထိုင်ခွင့်လက်မှတ်၊ ကျန်းမာရေးစစ်ဆေးမှု ပြီးစီးကြောင်း လက်မှတ်များ ဆောင်ရွက်သွားရန်၊ သတ်မှတ်တားမြစ်ထားသော နယ်နိမိတ်များထက်ကျော်လွန်၍ သွားလာနေထိုင်ခြင်းမပြုရန်တို့ကို တာဝန်ရှိသူများက အသိပညာပေးဟောပြောပြီး နေရပ်အသီးသီးသို့ ပြန်နိုင်ရန် လုပ်သားများအား ကူညီပေးခဲ့သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအရ ဖမ်းဆီးထားသော မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ပြန်လည်လွှဲပြောင်းပေးလျက်ရှိရာ ယခုနှစ် ဇွန် ၂၆ ရက်မှ အောက်တိုဘာ ၁၈ အထိအတွင်း ၂၆ ကြိမ် လွှဲပြောင်းကာ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားဦးရေမှာ အမျိုးသား ၁၄၆၀၊ အမျိုးသမီး ၄၂၂ ဦး စုစုပေါင်း ၁၈၈၀ ရှိပြီဖြစ်ကြောင်း သိရသည်။ ဆက်လက်၍လည်း တရုတ်နိုင်ငံအတွင်း၌ ဖမ်းဆီးခံနေရသော မြန်မာရွှေ့ပြောင်းအလုပ်သမားများကို သက်ဆိုင်ရာတရုတ်အစိုးရ တာဝန်ရှိသူများနှင့် ညှိနှိုင်းချိတ်ဆက်ပြီး အမြန်ဆုံးပြန်လည်လွှဲပြောင်းယူနိုင်ရန်အတွက် မြန်မာနိုင်ငံ လဝကဌာနခွဲ(၇)မှ ဦးစီးမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**



# တပ်ကုန်းမြို့နယ်၌မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ခင်းများအောင်မြင်နေမှု ကြည့်ရှု

**တပ်ကုန်း အောက်တိုဘာ ၂၀**

တပ်ကုန်းမြို့နယ် အင်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၉၆)တွင် အောက်တိုဘာ ၁၉ ရက်က မိုးနှောင်းချည်မျှင်ရှည်ဝါစံပြစိုက်ခင်းသို့ စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့်အဖွဲ့ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါမိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ခင်း၌ တောင်သူများနှင့် တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က အောင်မြင်စွာဝါစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးသတ်ဆေးများအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးနှင့် နည်းပညာပြောင်းလဲလိုက်နာရေး၊ အကျိုးရှိမည့်သီးနှံများ စိုက်ပျိုးရေးနှင့် သမဝါယမစုပေါင်းအဖွဲ့တည်ထောင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက်ခရမ်းစပ်ကုန်းကျေးရွာ မိုးစပါးသီးနှံစံပြကွက်၊ စမ်းသပ်ကွက်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

**မောင်ကျော်ကြီး**





**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆က/၂၂၈၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

**အမည်ပြည့်စွက် ခေါ်ပါရန်**

ဦးမောင်စိန်လှ၏ သမီး စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ဒေါ်တင်တင်စိုး ၁၁/စတန(နိုင်)၀၁၀၀၇၇အား ဒေါ်တင်တင်စိုး(ခ) ဒေါ်စိုးစိုးမေဟု အမည်ပြည့်စွက်ခေါ်ပါရန်။


**ဖခင် အမည်မှန်**

မင်းပြား အထက-၂ အဌမတန်း(C)မှ မဦးနုခင်၏ ဖခင်အမည်မှန်မှာ ဦးငလုံးချေ ၁၁/မပန(နိုင်)၀၅၇၈၃၅ ဖြစ်ပါကြောင်း။





Social Pack
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook . Viber . Line . COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ
200MB/199Ks
*3001#
SP1 to 1332
၇ ရက်
1000MB/999Ks
*3002#
SP2 to 1332
ရက် ၃၀
4000MB/3999Ks
*3003#
SP3 to 1332
● MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
● သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
● VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
● *အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday


SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
Have been built
7F
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO& SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Hlaing River
Ba Yint Naung Rd
Insein Rd
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon




## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃ ကံဘဲ့/၃၂ကံဘဲ့၊ (၁၃) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ မြေကွက်အမှတ် (A 1)၊ Livel 8၊ အခန်းအမှတ် ၇၀၄၊ ဧရိယာအကျယ်အဝန်း ၁၁၅၁ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့သာလျှင် တရားဝင်ပိုင်ဆိုင်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုကြသူများဖြစ်ကြသည့် ဦးညိုဝင်း ၁၂/ထတပ(နိုင်)၀၀၆၂၉၂ နှင့် ဒေါ်လှရင် ၁၂/သဃက(နိုင်)၀၀၂၈၄၇ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းခင်အုန်း ၁၃/လရန(နိုင်) ၁၂၉၉၅၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ချယ်ရီအောင်**
**LL.B.D.B.L, D.I.L, D.M.L., DL(101)IP,WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၉၉၀)**
**အမှတ် ၄၄၊ နီလာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၀၄၆၆၅၀၊ ၀၉-၂၆၄၁၂၆၉၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၈၄၀၁ Honda C90 Custom CAP, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လှဦး ၉/မနမ(နိုင်)၀၅၇၄၈၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။


**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊မြေကွက်အမှတ်(၈၀၆)၊မြေကွက်တည်နေရာအမှတ်(၈၀၆)၊(၁၁)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဦးခင်မောင်အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးခင်မောင်(CG-၀၅၇၁၇၄)ထံမှအရပ်ကတိစာချုပ်(၃-၃-၁၉၉၇)ဖြင့်ဒေါ်ချိုချို(၁၄/မမက(နိုင်)၀၀၅၂၁၁)မှဝယ်ယူခဲ့ပြီးတစ်ဖန်ဒေါ်ချိုချိုထံမှ(၅-၅-၂၀၀၁)ရက်စွဲပါအရပ်ကတိစာချုပ်ဖြင့်ဝယ်သူဦးထွန်းဦးကျော်(၁၂/ဗဟန(နိုင်)၀၅၆၁၁၀)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားဌာနမှကျင်းဆင်းစစ်ဆေးရာမှုဉ်ထရံကာသွပ်မိုးအဆောက်အဦး(၁)လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။သို့ပါ၍ဦးထွန်းဦးကျော်မှပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP(ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.17/EPGE/16-17 စက်ဆီ/ချောဆီ(၁၀)မျိုး (၁၃၆၁)လုံး ဝယ်ယူခြင်း

၂။ တင်ဒါပိတ်ရက်မှာ ၃-၁၁-၂၀၁၆ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ **လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ရုံးအမှတ်(၂၇)နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၀၆၇-၈၁၀၄၂၇၉**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကုန်၊ ပစ္စည်းထိန်းဌာနခွဲတွင် မော်တော်ယာဉ်(၂၀)စီးဆံ့ ကားပါကင် Foundation (၁)ခုဆောက်လုပ်ခြင်း၊

(ခ) နေပြည်တော်၊ ပစ္စည်းထိန်းဌာနခွဲတွင် ယာဉ်မောင်းနားနေဆောင် RC (၁)လုံး ဆောက်လုပ်ခြင်း၊

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တင်ဒါပုံစံ (၁) စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းမည့်ရက်** - ၁-၁၁-၂၀၁၆ ရက်မှ ၁၁-၁၁-၂၀၁၆ ရက်အထိ(ရုံးချိန်အတွင်း)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်မည့်ရက်၊အချိန်** - ၁၆-၁၁-၂၀၁၆ ရက်၊ ၁၃း၀၀ နာရီ

၆။ **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၂၊ ၀၁-၆၅၁၀၃၉

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
# သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် တိုတယ်မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း)တို့ ပူးပေါင်း၍ အနာဂတ်တွင် ပိုမိုလိုအပ်လာမည့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးရန်၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးပြီး ကျွမ်းကျင်စွာလုပ်ကိုင်တတ်ရန်နှင့် လူငယ်များအတွက် အသက်မွေးပညာရပ်များ လေ့လာသင်ယူနိုင်ရေး အခွင့်အလမ်းကောင်းများ ဖန်တီးပေးရန်ရည်ရွယ်ပြီး ဂဟေဆက်နည်းပညာသင်တန်းကျောင်းကို ဖွင့်လှစ်သွားမည်ဖြစ်ရာ အဆိုပါသင်တန်းကျောင်းတွင် 3G ဂဟေဆက်သင်တန်း အမှတ်စဉ်(၁)အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

**သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်

**သင်တန်းနေရာ** - ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း(ယခင်စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း(အောင်ဆန်း)၊ ကျောင်းဂိတ်မှတ်တိုင်အနီး)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၅၇၅၉

**သင်တန်းကာလ** - (၈)ပတ်

၂။ သင်တန်းတစ်ခုလျှင် သင်တန်းသား(၁၅)ဦးစီ လက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည်-

(က) နဝမတန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာ နားလည်သူဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့်သင့်တော်သော ကျန်းမာရေး ရှိရပါမည်။

(ဂ) သင်တန်းတက်ခွင့်ရသောနေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းစာမေးပွဲ အောင်မြင်သူများမှာ အသိအမှတ်ပြုအောင်လက်မှတ် (NSSA Level-1 Certificate) ရရှိမည်ဖြစ်ပါသည်။

၅။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေး အခမဲ့ဖြစ်ပြီး အသိအမှတ်ပြု အောင်လက်မှတ်ရထူးချွန်သော သင်တန်းသားများကို လက်တွေ့လုပ်ငန်းခွင်သင်တန်း (၆)လ တက်နိုင်ရန် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပါမည်။ လက်တွေ့လုပ်ငန်းခွင်သင်တန်း တက်ရောက်ခွင့်ရပါက ရတနာစီမံကိန်းမှ သင်တန်းကာလတစ်လျှောက် သင့်လျော်သော ထောက်ပံ့ကြေးပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းသားအတွက် လိုအပ်သော လုပ်ငန်းခွင်အန္တရာယ်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment)အတွက် ကုန်ကျစရိတ်ကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရပါမည်။

၇။ သင်တန်းလျှောက်လွှာများကို စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း(အောင်ဆန်း)တွင် ၂၄-၁၀-၂၀၁၆ ရက်မှ စတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ၂"×၂" ရောင်စုံဓာတ်ပုံ(၂)ပုံ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ အဆိုပါသင်တန်းကျောင်းတွင် ၄-၁၁-၂၀၁၆ ရက် နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း(အောင်ဆန်း)၊ ဖုန်း-၀၁-၆၄၅၇၅၉ သို့ ရုံးချိန်အတွင်း နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအတွင်း စုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)
## စစ်ကိုင်းပညာရေးတက္ကသိုလ်
# ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ကျင်းပခဲ့သော အောက်ဖော်ပြပါ သက်ဆိုင်ရာ ဘွဲ့စာမေးပွဲအသီးသီးကို ယှဉ်တွဲပါ ပညာသင်နှစ်များအလိုက် အောင်မြင်သူများသည် ၂၀၁၆ခုနှစ် နိုဝင်ဘာ ၂၅ရက်၊ ၂၆ရက်နှင့် ၂၇ရက်များတွင် ကျင်းပမည့် စစ်ကိုင်းပညာရေးတက္ကသိုလ် (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်-

| စဉ် | သင်တန်းအမည် | သင်တန်းအမှတ်စဉ် | ပညာသင်နှစ် |
|---|---|---|---|
| ၁။ | မဟာပညာရေးဘွဲ့ | အပတ်စဉ်-၁၇ | ၂၀၁၅-၂၀၁၆ |
| ၂။ | မဟာဒသသန(ပညာရေး)ဘွဲ့ | အပတ်စဉ်-၉ | ၂၀၁၅-၂၀၁၆ |
| ၃။ | ပညာရေးဘွဲ့ | အပတ်စဉ်-၂၄ | ၂၀၁၅-၂၀၁၆ |
| ၄။ | ပညာရေးဘွဲ့(စာပေးစာယူ) | အပတ်စဉ်-၁၆ | ၂၀၁၅-၂၀၁၆ |
| ၅။ | မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး) | အပတ်စဉ်-၁၆ | ၂၀၁၅-၂၀၁၆ |

ဖော်ပြပါပညာသင်နှစ်မတိုင်မီက **"ဘွဲ့"**စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၂။ လျှောက်လွှာပုံစံများကို စစ်ကိုင်းပညာရေးတက္ကသိုလ်၊စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး၊ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ရန် လျှောက်ထားပြီး ဘွဲ့နှင်းအခမ်းအနားတက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးပါမည်။

၃။ လျှောက်ထားသူသည် တစ်လအတွင်း မြန်မာဝတ်စုံဖြင့်ရိုက်ကူးထားသော (၂×၁$\frac{1}{2}$)လက်မအရွယ်(ဓာတ်ပုံနောက်ခံအပြာနုရောင်)ဓာတ်ပုံသုံးပုံနှင့် ဓာတ်ပုံ၏နောက်ကျောတွင် အမည်၊ ခုံအမှတ်၊ မှတ်ပုံတင်အမှတ်တို့ကို ပီသစွာရေးသား၍ ကျောင်းသားမှတ်ပုံတင်ကတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ မိတ္တူသတ်မှတ်ပုံစံဖြင့် ပူးတွဲလျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် တက်ရောက်ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင်ငါးရာတိတိ) အဝေးရောက်ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ဘွဲ့နှင်းသဘင်ကြေး ပေးသွင်းရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် (မြန်မာထဘီ၊ အင်္ကျီ) တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ရပ်ဝေးမှ ပေးပို့လျှောက်ထားလိုသူများသည် သတ်မှတ် ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာဖြင့် ပါမောက္ခချုပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်ထံသို့ လိပ်မူပေးပို့၍ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး၊ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲ အောင်မြင်သည့်ခုံအမှတ်၊ ခုနှစ်၊ လနှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာဖော်ပြရမည်။

၇။ လျှောက်လွှာများကို ၁၉-၁၀-၂၀၁၆ရက်မှ ၇-၁၁-၂၀၁၆ရက်ထိ နောက်ဆုံးပေးပို့လျှောက်ထားရမည်။

၈။ ဘွဲ့ဝတ်ရုံငှားယူခွင့်ထောက်ခံစာကို ၂၁-၁၁-၂၀၁၆ရက်မှစ၍ ဌာနမှူး(သင်တန်း)ရုံးတွင် ထုတ်ပေးမည်။

၉။ ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်-

**၂၆-၁၁-၂၀၁၆ ရက် နံနက်ပိုင်း (စနေနေ့)**

| | |
|---|---|
| M.Ed အပတ်စဉ် (၁၇) | AS ၁ မှ ၃၇ |
| B.Ed အပတ်စဉ် (၂၄) | |

**၂၆-၁၁-၂၀၁၆ ရက် မွန်းလွဲပိုင်း (စနေနေ့)**

| | |
|---|---|
| M.Ed အပတ်စဉ် (၁၇) | GC -၁ မှ ၁၇<br>ETM -၁မှ ၆<br>ES -၁မှ ၁၄ |
| B.Ed စာယူ (၁၆) | ဒုစာယူ ၁ မှ ၃၅၆ |

**၂၇-၁၁-၂၀၁၆ ရက် နံနက်ပိုင်း (တနင်္ဂနွေနေ့)**

| | |
|---|---|
| M.Ed အပတ်စဉ် (၁၇) | PM -၁ မှ ၂၁<br>TE -၁ မှ ၁၆ |
| M.Phil အပတ်စဉ် (၉) | |
| B.Ed စာယူ (၁၆) | ဒုစာယူ ၃၅၇ မှ ၇၁၃ |

**၂၇-၁၁-၂၀၁၆ ရက် မွန်းလွဲပိုင်း (တနင်္ဂနွေနေ့)**

| | |
|---|---|
| B.Ed စာယူ (၁၆) | ဒုစာယူ ၇၁၄ မှ ၉၅၃ |
| PGDMA(၁၆) | |

**ကျင်းပမည့်နေ့ရက်** - ၂၆-၁၁-၂၀၁၆ (စနေနေ့) နံနက်ပိုင်းနှင့်မွန်းလွဲပိုင်း
- ၂၇-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း

**ကျင်းပမည့်အချိန်** - နံနက်ပိုင်း ၉း၀၀ နာရီ၊ မွန်းလွဲပိုင်း ၁၄း၀၀ နာရီ

**ကျင်းပမည့်နေရာ** - စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းမြို့

**အစမ်းလေ့ကျင့်မည့်နေ့ရက်** - ၂၅-၁၁-၂၀၁၆ (သောကြာနေ့)

**ကျင်းပမည့်အချိန်** - နံနက်ပိုင်း ၉း၀၀ နာရီ (၂၆-၁၁-၂၀၁၆ ရက် ဘွဲ့ယူမည့်သူများ)
မွန်းလွဲပိုင်း ၁၄း၀၀ နာရီ (၂၇-၁၁-၂၀၁၆ ရက် ဘွဲ့ယူမည့်သူများ)

၁၀။ အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာရုံး ဖုန်း-၀၇၂-၂၂၀၉၁ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

**ပျောက်ဆုံးကြောင်း**

ကျွန်မ နန်းအေးဖွမ် ၁၃/ဆဆန(နိုင်)၀၈၄၀၂၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၁၆၈၀၂၀**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး
## ပဲခူးမြို့
# အခွန်ကြွေးများပေးသွင်းရန်ကျန်ရှိနေသည့် အခွန်ထမ်းများသိစေရန်အသိပေးကြေညာခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ပဲခူးမြို့တွင် အခွန်စည်းကြပ်ဆောင်ရွက်မှုခံယူလျက်ရှိသော အခွန်ထမ်းများမှ အချို့သော အခွန်ထမ်းများအနေဖြင့် နှစ်အဆက်ဆက်ပေးသွင်းရန် အခွန်မပြေကျန်ငွေ(အခွန်ကြွေးကျန်)များ ကျန်ရှိလျက်ရှိပါသည်။ ယင်းအခွန်မပြေ ကျန်ငွေများအား ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် အကြိမ်ကြိမ် စည်းရုံးနှိုးဆော်အကြောင်းကြား၍ ကောက်ခံလျက်ရှိသော်လည်း အောက်ဖော်ပြပါအခွန်ထမ်းများအနေဖြင့် အခွန်မပြေကျန်ငွေများအား ပေးသွင်းရန် ဆက်လက်ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အခွန်ကြွေးများပေးသွင်းရန်ကျန်ရှိနေသည့် အခွန်ထမ်းများအနေဖြင့် ၄-၁၁-၂၀၁၆ ရက်မတိုင်မီ မပျက်မကွက် ပေးသွင်းကြပါရန်နှင့် ဆက်လက်ပျက်ကွက်ပါက တည်ဆဲဝင်ငွေခွန်ဥပဒေ၊ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ကြောင်း နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

**အခွန်ကြွေးကျန်အခွန်ထမ်းများ**

| စဉ် | အခွန်ထမ်းအမည် | လုပ်ငန်းအမည် | လုပ်ငန်းလိပ်စာ |
|---|---|---|---|
| ၁။ | ဦးအောင်ကြည် | ရွှေရည်ဦးစာသောက်ဆိုင် | မြို့သစ်(ခ)တောင်ငူလမ်း |
| ၂။ | ဦးတင်မြင့် | ကော်ကြိုစားသောက်ဆိုင် | ၇/၈ တောင်ငူလမ်း၊ မြို့သစ်(ဃ) |
| ၃။ | ဦးရဲမြတ်ကျော် | ဟံသာဝတီစားသောက်ဆိုင် | ဟသ်ာလမ်း၊ ရှင်စောပုရပ်ကွက် |
| ၄။ | ဦးစိုးမင်းအောင်+ဦးအောင်ကြည် | ဇေယျာဝတီအရက်ပုလင်းသွတ်လုပ်ငန်း | ဟသ်ာကုန်းရပ်ကွက် |
| ၅။ | ဦးမြတ်သိန်းအောင် | မြတ်သိန်းအောင်ရွှေဆိုင် | မင်းလမ်း၊ ဈေးပိုင်း |

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ လမ်းဦးစီးဌာန၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ လိုအပ်သည့်ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို တာချီလိတ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၄-၁၀-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃-၁၁-၂၀၁၆ ရက် ညနေ ၁၆း၀၀ နာရီ

**ဝယ်ယူရမည့်နေရာ** - ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ တာချီလိတ်မြို့နယ် ဖုန်း-၀၈၄-၅၀၀၀၈

**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်ခရိုင်

**တင်ဒါဖွင့်မည့်ရက်** - ၄-၁၁-၂၀၁၆ ရက် မွန်းလွဲ ၁၃း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၈၄-၅၁၀၁၇၊ ၀၈၄-၅၁၀၀၈၊ ၀၉-၄၅၈၀၃၃၉၅၂**

**ဖခင်အမည်မှန်**

မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်၊ အထက(ခွဲ) မိုးဘုံ သတ္တမတန်းမှ မောင်အောင်မျိုးသန့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင်ဦး ၁၃/မမတ(နိုင်)၀၄၅၉၅၅ ဖြစ်ပါကြောင်း။ **ဦးမျိုးနိုင်ဦး**

## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်
# ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ကန့်ဘလူ၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ) စုစုပေါင်း ၂၀ ကျောင်းတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာစုစုပေါင်း ရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ

(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ

(ဂ) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ

(ဃ) စက်မှုအင်ဂျင်နီယာ

၅။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၆။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၂၀-၁၀-၂၀၁၆ ရက်မှစတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၁၀-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့်ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု ထောက်ခံစာမူရင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း၊

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)၊

(ဃ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ဃ/၉၂၅၄၆၊ ဟွန်ဒါ ဒရင်းမ် 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေလွင် ၁၀/မဒန(နိုင်)၀၈၁၂၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၆စီ/၁၊ မြေကွက်အမှတ် ၃၃၊ မြေကွက်တည်နေရာအမှတ် ၁၇၊ ကွင်းရှဲလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ လင်မကျင်(ခ) မကျင် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အနောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၆၃/၂၀၁၅ နှင့် တရားမဇာရီမှုအမှတ်(၂/၂၀၁၆) တင်ပြ၍ တရားရုံး လင်မကျင်(ခ)မကျင်ကိုယ်စား ဒုဦးစီးအရာရှိ ဒေါ်မေသူဟန် ၁၂/ဥကမ(နိုင်)၁၈၈၃၇၀ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း(၂)၊ ဦးပိုင်/မြေကွက်အမှတ် ၂၇၉·B ၊ ဧရိယာ ၀ဒသမ ၀၅၅၈ဧကရှိ ဒေါ်ခင်မမ အမည်ပေါက် ပါမစ်မြေကွက်မှ ဧရိယာ ၀ဒသမ ၀၅၅၈ဧကအား ဦးနိုင်ဝင်းနိုင် ၈/တတက(နိုင်)၀၁၁၃၆၂ (ဘ) ဦးစိန်ဝင်းမှ မြို့မြေတိုးချဲ့ရေးကော်မတီ၊ ပျဉ်းမနားမြို့မှ အိမ်ဝိုင်းကွက်တန်ဖိုး ငွေသွင်းပြေစာမူရင်း အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာမူရင်း နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပင်လယ်ရေမှ စိုက်ပျိုးရေနှင့် သုံးရေအတွက် ရေသန့်စင်ထုတ်လုပ်နိုင်ရေး နည်းလမ်းရှာကြံလုပ်ဆောင်



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းဆိပ်ခံတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၀**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကိုကိုးကျွန်းမြို့သို့ ရောက်ရှိသည်။

ရှေးဦးစွာ ကိုကိုးကျွန်းရေတပ် အခြေစိုက်စခန်း ရှင်းလင်းဆောင်၌ ရေတပ်စခန်းမှူးက ရည်မှန်းချက်တာဝန်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်လေယာဉ်၊ ရေယာဉ်များဖြင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများကို လူ၊ ပစ္စည်း အခမဲ့တင်ဆောင်ပေးရန်၊ တပ်မိသားစုများနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး၊ ဝင်ငွေတိုးတက်ရရှိရေး စနစ်တကျ စီမံဆောင်ရွက်ရန်၊ ပင်လယ်ရေမှ စိုက်ပျိုးရေနှင့် သုံးရေအတွက် ရေသန့်စင်ထုတ်လုပ်နိုင်ရေး နည်းလမ်းရှာကြံလုပ်ဆောင်ရန်၊ Wind power၊ Solar Power တို့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ●

## ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆက်လက်ကျင်းပ

စာ-၇

## ဖိလစ်ပိုင်၌ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဟိုင်မာဝင်ရောက်၊ လူထောင်ပေါင်းများစွာကို ကယ်ဆယ်ရွှေ့ပြောင်း

စာ-၁၀

## အင်းဝအပ်ချုပ်ဆိုင်အမှု အိမ်အကူအမျိုးသမီးတစ်ဦးအား လိုပြသက်သေအဖြစ်စစ်ဆေး

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-သက္က**

**ရန်ကုန် အောက်တိုဘာ ၂၀**

အိမ်အကူ အမျိုးသမီးငယ်နှစ်ဦးကို ညှဉ်းပန်းနှိပ်စက်ခဲ့မှုနှင့် ပတ်သက်၍ ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင် ဒေါ်တင်သူဇာအပါအဝင် ခြောက်ဦးအမှုအား ဒုတိယရဲမှူးမျိုးသိန်းက တရားလိုပြုလုပ်ကာ ရာဇဝတ်ကြီး အမှုအမှတ် ၁၁၀/၁၆ ဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ အိမ်အကူအမျိုးသမီးငယ် နှစ်ဦးနှင့်အတူ အိမ်အကူအဖြစ် *စာမျက်နှာ ၄ ကော်လံ ၁* ❍



### သတင်းအချက်အလက်များ သိရှိလိုပါက မေးမြန်းနိုင်ပါသည်

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာနက အများပြည်သူသို့ မှန်ကန်သောသတင်းအချက်အလက်များ ရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လတ်တလောဖြစ်စဉ်များ၊ သတင်းများနှင့်စပ်လျဉ်း၍ မေးမြန်းအတည်ပြုလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များနှင့် email လိပ်စာတို့သို့ ဆက်သွယ်နိုင်ကြောင်း အသိပေးအပ်ပါသည်-

တယ်လီဖုန်း - ၀၆၇-၄၁၂၀၀၂၊ ၀၆၇-၄၁၂၁၁၉၊
၀၉-၅၀၃၄၅၀၈၊ ၀၉-၈၃၀၆၃၅၈၊

email - myintkyaw103@gmail.com

ပြန်ကြားရေးဝန်ကြီးဌာန

## တစ်ကျော့ပြန်တိုက်စစ်ခြေစွမ်းတွေကို စောင့်ကြည့်ရမယ့် ရိုးမားတိုက်စစ်မှူးဇက်ကို

စာ-၁၈

## အခြားဥရောပလိဂ်ပြိုင်ပွဲများထက် ပရီမီယာလိဂ်သည် ပိုမိုပြင်းထန်သည့်ပြိုင်ပွဲဖြစ်သည်ဟု ပြောဆိုမှုများကို ဂွါဒီယိုလာ ငြင်းဆို

စာ-၁၉